Public Disclosure Authorized

Public Disclosure Authorized

၂၀၁၇ ခုနှစ် ဩဂုတ်လ

# မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု အခြေအနေ လေ့လာစိစစ်ချက်

အပိုင်း ၁

## ၂၀၀၄-၂၀၀၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ဖော်ပြချက်

MOPF
Ministry of Planning and Finance

WORLD BANK GROUP

# အမှာစာ

ဤအစီရင်ခံစာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ဘဏ်တို့ ပူးတွဲထုတ်ပြန်မည့် ဆင်းရဲနွမ်းပါးမှု လေ့လာချက် အစီရင်ခံစာနှစ်ခုအနက် ပထမတစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှုနှင့် နေထိုင်မှုအခြေအနေလေ့လာမှု စစ်တမ်း(MPLCS) ကို တစ်နိုင်ငံလုံး ကိုယ်စားပြု အိမ်ထောင်စုနမူနာဖြင့် ၂၀၁၅ ခုနှစ် အစောပိုင်းတွင် ကောက်ယူခဲ့ပါသည်။ယင်းစစ်တမ်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ကြား အနီးကပ်ပူးပေါင်း ဆောင်ရွက်မှုများအနက် တစ်ခုဖြစ်သည်။ ယင်းစစ်တမ်း၏ အဓိကရည်မှန်းချက်မှာ မြန်မာနိုင်ငံတွင်း ခေတ်ကာလ အခြေအနေနှင့် လျော်ညီသော လူနေမှုဘဝအခြေအနေဆိုင်ရာ သတင်းအချက်အလက်များနှင့် လူမှုစီးပွား ညွှန်ကိန်းများကို ဖြည့်ဆည်းပေးရန် ဖြစ်ပါသည်။ ထိုစစ်တမ်းကောက်ယူရန် နမူနာရွေးချယ် တည်ဆောက်ရာတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အသုံးပြုခဲ့ပြီး နိုင်ငံအဆင့်၊ မြို့ပြ/ ကျေးလက်နှင့် စိုက်ပျိုးရေး ဇုန်အဆင့်များကို ကိုယ်စားပြုနိုင်ရန် ပုံစံ ရေးဆွဲခဲ့ပါသည်။

မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှုနှင့် နေထိုင်မှုအခြေအနေလေ့လာမှု စစ်တမ်းမှရရှိလာသော အချက်အလက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ဘဏ်တို့မှ ပါဝင်ဖွဲ့စည်းထားသည့် ပူးတွဲနည်းပညာဆိုင်ရာအဖွဲ့က ခွဲခြားစိတ်ဖြာသုံးသပ်ခဲ့ပါသည်။ ဤခွဲခြားစိတ်ဖြာသုံးသပ်မှုမှ ထွက်ပေါ်လာသော အစီရင်ခံစာသည် အဆိုပါနည်းပညာဆိုင်ရာ ကျယ်ပြန့်၍ အနီးကပ်ပူးပေါင်း ဆောင်ရွက်မှု၏ရလဒ်များကို ထင်ဟပ်လျက်ရှိပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ဝန်ကြီးဌာနအသီးသီးနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များမှ ကိုယ်စားလှယ်များပါဝင်ကြသည့် ဦးဆောင်ကော်မတီနှင့် နည်းပညာဆိုင်ရာလုပ်ငန်းကော်မတီတို့၏ လမ်းညွှန်မှုက ဤအစီရင်ခံစာများ ဖြစ်မြောက်ရေးတွင် များစွာအထောက်အကူပြုခဲ့ပါသည်။

ပူးတွဲစိစစ်သုံးသပ်မှု၏ ပထမအဆင့်ကို ဤအစီရင်ခံစာတွင် တင်ပြထားပါသည်။ မြန်မာနိုင်ငံသည် ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း ဆင်းရဲနွမ်းပါးမှုလျော့ချရေးတွင် ခိုင်မာသော တိုးတက်ဖြစ်ထွန်းမှုများ ရရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ အိမ်ထောင်စု စားဝတ်နေရေးအခြေအနေဘက်စုံ လေ့လာမှုစစ်တမ်းကို အသုံးပြု၍ ၂၀၀၄/၂၀၀၅ ခုနှစ်တွင် တည်ဆောက်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ဆင်းရဲနွမ်းပါးမှု တိုင်းတာနည်းဖြင့် အသုံးပြုတိုင်းတာသည့်အခါ ဆင်းရဲနွမ်းပါးမှုမှာ ၂၀၀၄/ ၂၀၀၅ ခုနှစ်တွင် ၃၂.၁ ရာခိုင်နှုန်းမှ ၂၀၁၅ ခုနှစ်တွင် ၁၉.၄ ရာခိုင်နှုန်းသို့ လျော့ကျသွားကြောင်း တွေ့ရှိရပါသည်။ အဆိုပါကာလတစ်လျှောက်တွင် ပျမ်းမျှအမှန်အသုံးစရိတ်များ တိုးတက်လာပြီး တာရှည်ခံကုန်ပစ္စည်းများ ပိုင်ဆိုင်မှု တိုးပွားလာ၍ အိမ်ထောင်စုများ၏ အာဟာရစားသုံးမှုပုံစံအခြေခံမှာလည်း ကျယ်ပြန့်လာသည်ကို တွေ့ရှိရပါသည်။

ဤအစီရင်ခံစာအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ရှိနေသည့်  မြန်မာပြည်သူများ၏ လိုအပ်ချက်များနှင့် အညီ ပြန်လည် ပြင်ဆင်ထားသော ဆင်းရဲနွမ်းပါးမှု တိုင်းတာပုံ တိုင်းတာနည်းအား အဆိုပြု တင်ပြထားပါသည်။ ဤထောက်ခံအကြံပြုချက်သည် ဆင်းရဲနွမ်းပါးသူများ စားသုံးသည့် ကုန်စည်ဈေးခြင်းတောင်းအား ပြန်လည်သုံးသပ်ခြင်းနှင့် ခေတ်ကာလအခြေအနေနှင့် လျော်ညီအောင် ပြုပြင်ထားသည့်အတွက် နိုင်ငံတကာ အကောင်းဆုံး လက်တွေ့ကျင့်သုံးမှုကို ထင်ဟပ်လျက်ရှိပါသည်။ ဤကဲ့သို့သော ပြန်လည်စိစစ် ပြင်ဆင်မှုများကို အများအားဖြင့် ၁၀ နှစ်လျှင်တစ်ကြိမ်ဆောင်ရွက်ရန် ထောက်ခံအကြံပြုထားပါသည်။ ကမ္ဘာ့ဘဏ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့သည် ဆင်းရဲနွမ်းပါးမှု တိုင်းတာပုံ တိုင်းတာနည်းသစ်နှင့်ဆိုင်သော တွေ့ရှိချက်များကို မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးမှု လေ့လာချက်အား အသေးစိတ် ဖော်ပြထားသည့် ဒုတိယအစီရင်ခံစာတွင် ထုတ်ပြန်မည် ဖြစ်ပါသည်။

24/8/2017

**Ellen A. Goldstein**
Country Director
for Myanmar, Cambodia and Lao PDR

ဦးထွန်းထွန်းနိုင်
အမြဲတမ်းအတွင်းဝန်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

# ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှုနှင့် နေထိုင်မှုအခြေအနေလေ့လာမှုစစ်တမ်း (MPLCS) နှင့် လေ့လာဆန်းစစ်မှုများအတွက် ပံ့ပိုးကူညီပေးခဲ့သော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအားလည်းကောင်း၊ MPLCS ဖြစ်မြောက်ရေး ဦးဆောင်ကော်မတီကို ဦးဆောင်ညွှန်ကြားမှုများပေးခဲ့သော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအားလည်းကောင်း ကျေးဇူးဥပကာရတင်ရှိပါသည်။ အဓိကကျ၍ ထိရောက်လှသော ဦးဆောင်ညွှန်ကြားမှုနှင့် ပံ့ပိုးကူညီမှုများပေးခဲ့သော MPLCS ဦးဆောင်ကော်မတီနှင့် MPLCS နည်းပညာဆိုင်ရာကော်မတီကိုလည်း ကျေးဇူးတင်ရှိပါသည်။ စစ်တမ်းလက်တွေ့လုပ်ဆောင်မှုများနှင့် လေ့လာဆန်းစစ်မှုများအတွက် အဓိကကဏ္ဍမှ ပံ့ပိုးပေးခဲ့သော စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင့်၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သွေးသွေးချစ် (ယခု ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေး ဦးစီးဌာန)နှင့် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်တို့အား အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

အမျိုးသားအာဟာရဌာန (ပြည်သူ့ကျန်းမာရေးဦးစီးဌာန)၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာန၊ မြန်မာနိုင်ငံပညာရေး သုတေသနဦးစီးဌာန (ပညာရေးသုတေသန၊စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန)၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်း ဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပြည်သူ့အင်အား ဦးစီးဌာန တို့၏ ပံ့ပိုးကူညီမှုများအတွက်လည်း ကျေးဇူးတင်ရှိပါသည်။

စစ်တမ်းနှင့် လေ့လာဆန်းစစ်မှုများတွင် ကူညီပေးခဲ့သော ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံ၊ လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး အယ်လင်ဂိုးလ်စတိန်း၊ ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စတာအဗ္ဗဒူလာရေဆက်ခ်၊ အရှေ့အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ Poverty and Equality Global Practice ဌာနမှစီမံကိန်းမန်နေဂျာ မစ္စတာဆယ်လ်မန်ဇေဒီ အပါအဝင် ကမ္ဘာ့ဘဏ်အား ကျေးဇူးအထူးတင်ရှိပါသည်။ ယခုစီမံကိန်းအတွက် ဦးဆောင်သူမှာ ကမ္ဘာ့ဘဏ် အကြီးတန်းစီးပွားရေးပညာရှင် ဒေါက်တာ ရီးနာ ဘဒီရာနီမက်ဂနက်ဆန်ဖြစ်ပါသည်။

# မာတိကာစဉ်


| | | |
|---|---|---|
| | အနှစ်ချုပ်တင်ပြချက် | 1 |
| 01 | နိဒါန်း | 7 |
| | ပါဝင်သည့်အကြောင်းအရာများအား ခြုံငုံတင်ပြချက် | 8 |
| | အဖွဲ့အစည်းဆိုင်ရာ အစီအမံများ | 9 |
| 02 | မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှု တိုင်းတာချက်ကို ခြုံငုံတင်ပြခြင်း | 11 |
| | မြန်မာနိုင်ငံရှိ အိမ်ထောင်စုလူနေမှုအဆင့်အတန်းများ တိုင်းတာချက်၏ နောက်ခံအကြောင်းအရာ | 12 |
| | အိမ်ထောင်စုစစ်တမ်းများအား အသုံးပြု၍ ဆင်းရဲနွမ်းပါးမှုတိုင်းတာချက် | 14 |
| | မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှုတိုင်းတာချက် သမိုင်းကြောင်း | 15 |
| 03 | လွန်ခဲ့သည့် ဆယ်စုနှစ်တစ်လျှောက် ဆင်းရဲနွမ်းပါးမှု နှင့် အိမ်ထောင်စု စားသုံးမှု အပြောင်းအလဲများ | 17 |
| | ဆင်းရဲနွမ်းပါးမှု အပြောင်းအလဲများ | 18 |
| | မညီမျှမှု အပြောင်းအလဲများ | 24 |
| | စီးပွားရေးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှု | 28 |
| | ရှေ့ဆက်ဆောင်ရွက်ရမည့် ပြည့်စုံဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှု တိုင်းတာချက်များအား နောက်ဆုံးအခြေအနေနှင့် လိုက်လျောညီထွေစွာ ဆောင်ရွက်နိုင်ရေးအတွက် ထောက်ခံချက် | 32 |

## ကိုးကားမှုများ 35

## နည်းပညာပိုင်းဆိုင်ရာ နောက်ဆက်တွဲများ 39

က ၁ မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးမှုတိုင်းတာချက် နည်းပညာပိုင်းဆိုင်ရာ ကွဲပြားခြားနားမှု 41

က ၂ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုအလားအလာများ တည်ဆောက်ရန် အသုံးပြုသည့်နည်းလမ်းများ ခြုံငုံတင်ပြချက် 44

က ၂.၁ နည်းပညာဆိုင်ရာဖြစ်ရပ်များ 44

က ၂.၂ ယုတ္တိကျသည့်နည်းလမ်းများကိုမိတ်ဆက်ခြင်း 51

က ၃ မြို့နယ်များပါဝင်မှုနှင့် ဆင်းရဲနွမ်းပါးမှုခန့်မှန်းခြင်းများအတွက် ခန့်မှန်းအစားထိုးခြင်းများ 58

က ၄ IHLCA နှင့် MPLCS မေးခွန်းများကွဲပြားခြားနားမှု 65

က ၅ အချိန်ကာလတစ်လျှောက် ဆင်းရဲမှုခန့်မှန်းချက်များအား နှိုင်းယှဉ်ခြင်း၊ နည်းပညာပိုင်းဆိုင်ရာအသေးစိတ် 69

က၅.၁ သီအိုရီ - ခန့်မှန်းအစားထိုးသည့်နည်းလမ်းများ 69

က၅.၂ စစ်တမ်းတစ်ခုနှင့်တစ်ခုအပေါ်ခန့်မှန်း အစားထိုးမှုများ အောက်ခြေရှိအချက်အလက်များ 72

က၅.၃ စစ်တမ်းတစ်ခုနှင့်တစ်ခုအပေါ် ခန့်မှန်းအစားထိုးမှု သုံးသည့်ပုံစံများ 75

# အတိုကောက်ဝေါဟာရများ

| | |
|---|---|
| CBN | အခြေခံလိုအပ်ချက်များအတွက် စရိတ် |
| GDP | စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး |
| GOM | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ |
| HIES | အိမ်ထောင်စု ဝင်ငွေနှင့် အသုံးစရိတ်စစ်တမ်း |
| IHLCA | အိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း |
| LFS | လုပ်သားအင်အားစစ်တမ်း |
| LIFT | အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံမှု ရံပုံငွေ |
| LSMS | ကမ္ဘာ့ဘဏ် လူနေမှုအဆင့်အတန်း တိုင်းတာလေ့လာချက် |
| MDG | ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင်များ |
| MICS | အုပ်စုလိုက်ဘက်စုံ အညွှန်းကိန်းစစ်တမ်း |
| MOPF | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| MPLCS | မြန်မာနိုင်ငံဆင်းရဲနွမ်းပါးမှုနှင့် နေထိုင်မှုအခြေအနေလေ့လာမှုစစ်တမ်း |
| NGO | အစိုးရမဟုတ်သော အကူအညီပေးရေး အဖွဲ့အစည်းများ |
| SIDA | ဆွီဒင် နိုင်ငံတကာ ဖွံ့ဖြိုးရေး အေဂျင်စီအဖွဲ့ |
| UNDP | ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် |
| UNICEF | ကုလသမဂ္ဂကလေးသူငယ်များရံပုံငွေအဖွဲ့ |
| UNOPS | ကုလသမဂ္ဂလုပ်ငန်းဝန်ဆောင်မှုရုံး |

# ဇယား စာရင်း


| | | |
|---|---|---|
| ဇယား ၂.၁ | မြန်မာနိုင်ငံရှိ နိုင်ငံအဆင့် ဆင်းရဲနွမ်းပါးမှုတိုင်းတာရန် အသုံးပြုခဲ့သော စစ်တမ်းများ အကျဉ်းချုပ် | 12 |
| ဇယား ၂.၂ | ပြည့်စုံဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှု တိုင်းတာချက်၏ အစိတ်အပိုင်းများ | 14 |
| ဇယား ၂.၃ | ယခင် ဆင်းရဲနွမ်းပါးမှု တွက်ချက်ခန့်မှန်းခြင်းမှ ဆင်းရဲနွမ်းပါးမှု ခန့်မှန်းခြေများ | 16 |
| ဇယား ၃.၁ | မညီမျှမှု အတိုင်းအတာများ၊ ၂၀၁၅ | 25 |
| ဇယား ၃.၂ | မညီမျှမှုအခြေအနေ နိုင်ငံတကာ နှိုင်းယှဉ်ချက် | 25 |
| ဇယား ၃.၃ | ဆင်းရဲနွမ်းပါးမှုဆိုင်ရာ တိုးတက်မှုအလျော့အတင်း | 28 |
| ဇယား က ၁.၁ | မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုကိုခန့်မှန်းရန် နည်းပညာပိုင်းဆိုင်ရာချဉ်းကပ်မှုများ | 43 |
| ဇယား က ၂.၁ | IHLCA-I၊ IHLCA-II နှင့် MPLCS တို့၏လူဦးရေနှင့်အိမ်ထောင်စုရေတွက်မှုများ | 49 |
| ဇယား က ၃.၁ | IHCLA နမူနာနယ်ပယ်အတွင်းပါဝင်သော၊မရောက်ရှိနိုင်သော မြို့နယ်များရှိ သန်းခေါင်စာရင်းအကျဉ်းချုပ်ဇယား | 60 |
| ဇယား က ၃.၂ | မွေးဖွားသောနှစ်အလိုက်ပညာရေး ကို IHLCA၊ MPLCS နှင့် ၂၀၁၄ သန်းခေါင်စာရင်းများတွင်နှိုင်းယှဉ်ခြင်း | 61 |
| ဇယား က ၃.၃ | IHCLA နမူနာဘောင်အတွင်း ပါဝင်သောနှင့် မပါဝင်သော မြို့နယ်များအတွက် လူဦးရေစာရင်းအကျဉ်းချုပ်စာရင်း | 62 |
| ဇယား က ၃.၄ | မွေးဖွားသောခုနှစ်အုပ်စုနှင့် စိုက်ပျိုးရေး-ဂေဟဗေဒဆိုင်ရာဇုန်အလိုက် ပညာရေး | 63 |
| ဇယား က ၄.၁ | IHLCA နှင့် MPLCS အစားအစာမော်ဂျူးများခြားနားမှု | 65 |
| ဇယား က ၄.၂ | IHLCA တွင်ပါသော်လည်း MPLCS တွင်မပါသည့် စားသောက်ကုန်အမယ်များ | 67 |
| ဇယား က ၄.၃ | IHLCA နှင့် MPLCS တို့တွင် အစားအစာမဟုတ်သည့်ပစ္စည်းများနှိုင်းယှဉ်ခြင်း | 68 |
| ဇယား က ၅.၁ | ထည့်သွင်းစဉ်းစားသည့် ကိန်းရှင်များစာရင်း | 72 |
| ဇယား က ၅.၂ | စစ်တမ်းအသီးသီး၏ ပညာရေးအခြေအနေနှိုင်းယှဉ်မှု | 74 |
| ဇယား က ၅.၃ | ၂၀၀၉/၁၀ အချက်အလက်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အဖွဲ့(၂၀၀၇) စုစုပေါင်းကို အသုံးပြုထားသည့် စားသုံးမှုပုံစံများ | 75 |
| ဇယား က ၅.၄ | မော်ဒယ် ၁ နှင့် ၂ မှုဘောင်တစ်လျှောက်ရှိ ၂၀၀၄/၀၅ ခုနှစ်နှင့် ၂၀၀၉/၁၀ ခုနှစ်အချက်အလက်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့(၂၀၀၇) စုစုပေါင်း | 78 |
| ဇယား က ၅.၅ | ၂၀၀၄/၀၅ နှင့် ၂၀၀၉/၁၀ အချက်အလက်များကြားရှိ ခန့်မှန်းအစားထိုး ပုံစံများကို အတည်ပြုခြင်း | 80 |
| ဇယား က ၅.၆ | အဓိကချဉ်းကပ်ဆောင်ရွက်မှုရလဒ်များ | 82 |

# ပုံ စာရင်း


| | | |
|---|---|---|
| ပုံ ၃.၁ | ဆင်းရဲနွမ်းပါးမှုနှုန်းများဖြင့် တွက်ချက်ခန့်မှန်းထားသည့်အလားအလာများ။ ၂၀၀၄/ ၂၀၀၅ ခုနှစ် လူနေမှုအဆင့်အတန်းများအား အခြေခံထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့ (၂၀၀၇) နည်းလမ်း။ | 18 |
| ပုံ ၃.၂ | ၂၀၀၉/ ၂၀၁၀ ခုနှစ် လူနေမှုအဆင့်အတန်းများအား အခြေခံထားသည့် ကမ္ဘာ့ဘဏ်အဖွဲ့ (၂၀၁၄) နည်းလမ်းဖြင့် ဖော်ပြသော ဆင်းရဲနွမ်းပါးမှုနှုန်း ခန့်မှန်းပြမျဉ်း။ | 19 |
| ပုံ ၃.၃ | မြို့ပြနှင့်ကျေးလက် ဆင်းရဲနွမ်းပါးမှု ပြောင်းလဲမှုများ | 20 |
| ပုံ ၃.၄ | အခြားသော ပြည့်စုံဖူလုံမှု ဆိုင်ရာ အလားအလာများ ၂၀၀၄/ ၂၀၀၅ - ၂၀၁၅ | 21 |
| ပုံ ၃.၅ | ၂၀၀၉/ ၂၀၁၀ နှင့် ၂၀၁၅ အကြား မညီမျှမှု မြင့်တက်လာခြင်း ညွှန်ကိန်းများ။ အသုံးစရိတ် အချိုးအစား | 26 |
| ပုံ ၃.၆ | ၂၀၀၉/ ၂၀၁၀ နှင့် ၂၀၁၅ အကြား မညီမျှမှု မြင့်တက်လာခြင်း ညွှန်ကိန်းများ။ အသုံးစရိတ် ပြန့်ချက် | 26 |
| ပုံ ၃.၇ | GINI မြှောက်ဖော်ကိန်းဖြင့် မညီမျှမှုကိုတိုင်းတာခြင်း | 27 |
| ပုံ ၃.၈ | ဂျီဒီပီ တိုးတက်နှုန်း။ ၂၀၁၁-၂၀၁၄။ (%) | 30 |
| ပုံ ၃.၉ | ဂျီဒီပီ တိုးတက်နှုန်း။ (လွတ်လပ်ခွင့်ပြုပြီးနောက် ၅ နှစ်စာ ပျမ်းမျှ)။ | 30 |
| ပုံ ၃.၁၀ | ဂျီဒီပီတိုးတက်မှုတွင် ကဏ္ဍအလိုက် ပါဝင်မှု | 31 |
| ပုံ ၃.၁၁ | ကဏ္ဍအလိုက် တိုးတက်မှုနှုန်း (%) | 31 |
| ပုံ က ၃.၁ | IHLCA-I နှင့် IHLCS-II တို့တွင်မပါဝင်သော၊ မရောက်ရှိနိုင်သေးသောဒေသများ၏ မြေပုံ | 58 |

# အနှစ်ချုပ်တင်ပြချက်

ဆင်းရဲနွမ်းပါးမှုနှင့် လူနေမှုအဆင့်အတန်းအား ပူးတွဲလေ့လာစိစစ်ချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ် the Poverty and Equity Global Practice တို့မှ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသော နည်းပညာဆိုင်ရာအဖွဲ့က ဆောင်ရွက်ခဲ့ပါသည်။

# ပူးတွဲလေ့လာစိစစ်ချက်မှ တွေ့ရှိချက်များကို အပိုင်း ၂ ပိုင်းပါ အစီရင်ခံစာဖြင့် အနှစ်ချုပ် တင်ပြထားပါသည်။

1 အပိုင်း ၁ သည် အချိန်ကာလတစ်လျှောက် ဆင်းရဲနွမ်းပါးမှု အလားအလာကို ဖော်ပြထားပါသည်။ ဆင်းရဲနွမ်းပါးမှုတိုင်းတာချက် လုပ်ငန်းစဉ်ဆိုင်ရာ နည်းပညာအသေးစိတ်များအား နောက်ဆက်တွဲများတွင် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုအား ပထမဆုံးအကြိမ်အဖြစ် တိုင်းတာပြီးနောက် ဆယ်စုနှစ် တစ်ခုကြာ လူထု၏ လိုအပ်ချက်များအား ထင်ဟပ်စေရန် အသုံးပြုခဲ့သော ဆင်းရဲနွမ်းပါးမှု တိုင်းတာပုံ တိုင်းတာနည်းများအား ပြန်လည်စိစစ် တည်းဖြတ် ပြင်ဆင်ရန် အကြံပြုချက်များအားလည်း ဤအစီရင်ခံစာတွင် ဖော်ပြထားပါသည်။

2 အပိုင်း ၂ (မကြာမီဆက်လက်ထွက်ပေါ်လာမည်) သည် ဆင်းရဲနွမ်းပါးမှု မျဉ်းသစ်အပေါ် အခြေပြုထားသော ၂၀၁၅ခုနှစ်အတွက် ဆင်းရဲ နွမ်းပါးမှု လေ့လာချက်အား တင်ပြထားပါသည်။

**ဆင်းရဲနွမ်းပါးမှုအား ယခင်က ခန့်မှန်းတွက်ချက်ရာတွင် ၂၀၀၄/ ၂၀၀၅ နှင့် ၂၀၀၉/ ၂၀၁၀ များတွင် ကောက်ယူခဲ့သော ပေါင်းစည်းအိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံ လေ့လာမှုစစ်တမ်းများမှရရှိသည့် အချက်အလက်များကို အသုံးပြုခဲ့ပါသည်။ ဤအစီရင်ခံစာ အပိုင်း ၁ ၏ အဓိကရည်ရွယ်ချက်တစ်ခုမှာ မြန်မာနိုင်ငံဆင်းရဲနွမ်းပါးမှုနှင့် နေထိုင်မှုအခြေအနေလေ့လာမှုစစ်တမ်းမှ ရရှိလာသောအချက်အလက်များအား အသုံးပြု၍ ၂၀၁၅ ခုနှစ် ဆင်းရဲနွမ်းပါးမှုအကဲဖြတ် သုံးသပ်ချက်တစ်ရပ်ကို ထုတ်ဖော်တင်ပြရန်ဖြစ်ပါသည်။**

## မြန်မာနိုင်ငံတွင် ယခင်က ဆင်းရဲနွမ်းပါးမှုအား ကွဲပြားခြားနားသော ချဉ်းကပ်ပုံ နည်းလမ်းနှစ်သွယ်ဖြင့် တွက်ချက်ခန့်မှန်းခဲ့ပါသည်။

မြန်မာနိုင်ငံအစိုးရနှင့် ယင်း၏ဖွံ့ဖြိုးမှု မိတ်ဖက်များသည် IHLCA-I မှ ရရှိသော အချက်အလက်များအား အသုံးပြု၍ ဆင်းရဲနွမ်းပါးမှုကို ကနဦးတိုင်းတာခဲ့ပါသည်။ ဤပထမဆုံး ဆင်းရဲနွမ်းပါးမှုတိုင်းတာပုံတိုင်းတာနည်းမှာ ဆင်းရဲနွမ်းပါးမှုမျဉ်းနှင့် ၂၀၀၄/ ၂၀၀၅ ခုနှစ် လူနေမှုဘဝအခြေအနေ ခန့်မှန်းတွက်ချက်မှုများအပေါ် အခြေပြုခြင်းဖြစ်သည်။ ၂၀၀၄/ ၂၀၀၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှုကို ၃၂.၁ ရာခိုင်နှုန်းဟု ခန့်မှန်းခဲ့ပြီး ၂၀၀၉/ ၂၀၁၀ ခုနှစ်၌ ၂၅.၆ ရာခိုင်နှုန်းသို့ လျော့ကျသွားခဲ့ကြောင်း ခန့်မှန်းခဲ့ပါသည် (မြန်မာနိုင်ငံအစိုးရနှင့်အဖွဲ့, ၂၀၀၇၊ ၂၀၁၁)။ ၂၀၀၉/ ၂၀၁၀ လူနေမှု အဆင့်အတန်းအပေါ်အခြေပြုသော ဆင်းရဲနွမ်းပါးမှုခန့်မှန်းချက်တစ်ရပ်ကို IHLCA-II မှ ရရှိသော အချက်အလက်များကို အသုံးပြု၍ ကမ္ဘာ့ဘဏ်အဖွဲ့က ၂၀၁၄ ခုနှစ်တွင် ပြုစုထုတ်ပြန်ခဲ့ပါသည်။ ကမ္ဘာ့ဘဏ်အဖွဲ့သည် ၂၀၀၉/ ၂၀၁၀ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှုနှုန်းကို ၃၇.၅ ရာခိုင်နှုန်း ဟု ခန့်မှန်းခဲ့ပါသည် (ကမ္ဘာ့ဘဏ် ၂၀၁၄)။

## ဤအစီရင်ခံစာအနေဖြင့်ဆိုရသော် မြန်မာနိုင်ငံတွင် ၂၀၀၄/ ၂၀၀၅ နှင့် ၂၀၁၅ ခုနှစ်များအကြားတွင် လူနေမှုအဆင့်အတန်းများ တိုးတက်လာပြီး ဆင်းရဲ နွမ်းပါးမှု လျော့ကျလာခဲ့ကြောင်း တွေ့ရပါသည်။

မြန်မာနိုင်ငံအစိုးရအဖွဲ့နှင့် ယင်း၏ဖွံ့ဖြိုးမှုမိတ်ဖက်များက ၂၀၀၄/ ၂၀၀၅ ခုနှစ်မှ လူနေမှုအဆင့်အတန်းအပေါ် အခြေပြုလျက် ၂၀၀၇ ခုနှစ်တွင် အဆိုပြုခဲ့သော ပထမ နည်းလမ်းအရ တွက်ချက်သည့် ဆင်းရဲနွမ်းပါးမှုသည် ၂၀၀၄/ ၂၀၀၅ ခုနှစ်တွင် ၃၂.၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၉/ ၂၀၁၀ တွင် ၂၅.၆ ရာခိုင်နှုန်း နှင့် ၂၀၁၅ ခုနှစ်တွင် ၁၉.၄ ရာခိုင်နှုန်းသို့ လျော့ကျလာခဲ့သည်။ ထိုနည်းတူစွာပင် ကမ္ဘာ့ဘဏ်အဖွဲ့က ၂၀၁၄ ခုနှစ်တွင် အဆိုပြုတင်ပြခဲ့သည့် နည်းလမ်းအား အသုံးပြုတွက်ချက်ရာတွင်လည်း ဆင်းရဲနွမ်းပါးမှု လျော့ကျလာသည်ကို တွေ့ရပါသည်။ ယင်းဒုတိယနည်းလမ်းအရ တွက်ချက်ရာတွင် ဆင်းရဲနွမ်းပါးမှုမှာ ၂၀၀၄/ ၂၀၀၅ ခုနှစ်တွင် ၄၄.၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၉/ ၂၀၁၀ တွင် ၃၇.၅ ရာခိုင်နှုန်းနှင့် ၂၀၁၅ ခုနှစ်တွင် ၂၆.၁ ရာခိုင်နှုန်းများသို့ အသီးသီးလျော့ကျလာကြောင်း ခန့်မှန်း ရရှိပါသည်။




## ညွှန်ကိန်းများစွာမှတစ်ဆင့်ကြွယ်ဝမှုတိုးပွားလာသည်ကိုတွေ့ရှိရပါသည်။

အဆိုပါကြွယ်ဝမှုများတိုးပွားလာခြင်းကို ပျမ်းမျှ စားသုံးမှု အသုံးစရိတ်နှင့် ရပိုင်ခွင့် ပစ္စည်းများ ပိုင်ဆိုင်မှုတို့အပါအဝင် ပြည့်စုံဖူလုံမှု အတိုင်းအတာများတွင်လည်း ထင်ဟပ်ဖော်ပြနေပါသည်။

## အသုံးစရိတ်တိုးတက်မှုတွင် ကျေးလက်ထက်မြို့ပြတွင်တိုးတက်မှုက ပိုမိုမြန်ဆန်သည်ကို တွေ့ရပါသည်။

ကျေးလက်ဒေသများတွင် လူနေမှုအဆင့်အတန်းမှာ သိသိသာသာ တိုးတက်မှုများ မြင်တွေ့ရသော်လည်း အပြောင်းအလဲများမှာ မြန်မာနိုင်ငံ၏ မြို့ကြီး/ မြို့ငယ်များတွင် မြင်တွေ့ရသည်ထက် ပိုနည်းသည်။ လယ်ယာစိုက်ပျိုးရေးတွင် အလုပ်လုပ်ကိုင်သူ လူဦးရေ အချိုးအစားမှာ ၂၀၀၄/၂၀၀၅ နှင့် ၂၀၁၅ ခုနှစ်များအတွင်း အပြောင်းအလဲ မရှိသလောက် ဖြစ်ပြီး စိုက်ပျိုးရေးတွင် တိုးတက်မှုမှာ စက်မှုနှင့် ဝန်ဆောင်မှုတွင် တိုးတက်မှုထက် ပိုမိုနည်းပါးသည်။

## အခြေအနိမ့်မှ တိုင်းတာသော်လည်း မညီမျှမှု အတိုင်းအတာများမှာ လွန်ခဲ့သည့် ၅ နှစ်အတွင်း မြင့်တက်လာခဲ့သည်။

မညီမျှမှုမြင့်တက်လာခြင်းမှာ မှတ်သားလောက်ဖွယ်ဖြစ်သော်လည်း ပိုမို ကောင်းမွန်သော ပညာရေးနှင့် ပိုမိုများပြားသော အရင်းအနှီးရှိသူများအနေဖြင့် အစောပိုင်း လွတ်လပ်ခွင့်ပြုခြင်းနှင့် ပြုပြင်ပြောင်းလဲရေးများမှ အကျိုးကျေးဇူးများရရှိခဲ့သဖြင့် အံ့ဩစရာတော့ မဟုတ်ပါ။ မညီမျှမှု မြင့်တက်လာခြင်းမှာ ဒေသတွင်း နိုင်ငံများစွာတွင် မြင်တွေ့ရသည့် ပြုပြင်ပြောင်းလဲရေးကာလ ပုံစံတူအတွေ့အကြုံများပင် ဖြစ်သည်။ မြန်မာနိုင်ငံ၏ မညီမျှမှုကိန်းဂဏန်းများမှာ ဒေသဆိုင်ရာ သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ အမြင်တွင် သိသာထင်ရှားသည့်အဆင့်၌မရှိသော်လည်း ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းအားထုတ်မှုများသည် ပြည်သူလူထုတစ်ရပ်လုံးထံရောက်ရှိသည်ကို သေချာစေရေး အတွက် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန် အရေးကြီးမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လယ်ယာနှင့် ကျေးရွာများတွင် ပိုမိုခိုင်မာအားကောင်းသည့် တိုးတက်မှုများ ရရှိစေရန် ထောက်ကူပံ့ပိုးပေးခြင်းသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် မညီမျှမှု ထိန်းချုပ်ရေး နှစ်ခုစလုံးအတွက် အရေးကြီးသည့်အချက်ဖြစ်သည်။

## ပူးတွဲ စိစစ်သုံးသပ်ချက်သည် မြန်မာအစိုးရအနေဖြင့် ၂၀၁၅ ခုနှစ်တွင် တွေ့ရှိရသော လူနေမှုအဆင့်အတန်းနှင့် ဆင်းရဲနွမ်းပါးသူများ၏ လိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာ ထင်ဟပ်နိုင်ရေးအတွက် ယင်း၏ ဆင်းရဲနွမ်းပါးမှု တိုင်းတာပုံ တိုင်းတာနည်းအား ပြန်လည်စိစစ် သုံးသပ်ရန်နှင့် အခြေတည်နည်းကို ပြန်လည်ပြင်ဆင်ရန် အကြံပြုထားပါသည်။

မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု ခန့်မှန်းခြေမှာ လက်ရှိတွင် ဆင်းရဲနွမ်းပါးမှုအား မြန်မာနိုင်ငံ၌ ပထမဆုံး တိုင်းတာသည့် ၂၀၀၄/ ၂၀၀၅ ခုနှစ် လူနေမှုဘဝအခြေအနေများကို အခြေခံထားတွက်ချက်ခြင်းဖြစ်သည်။ ၂၀၀၄/ ၂၀၀၅ ခုနှစ်မှစ၍ မြန်မာနိုင်ငံနှင့် ယင်း၏ ဆင်းရဲနွမ်းပါးသူများ၏ လိုအပ်ချက်များသည် နည်းမျိုးစုံဖြင့် ပြောင်းလဲ နေခြင်းကြောင့် ပူးတွဲနည်းပညာဆိုင်ရာ ခွဲခြားစိတ်ဖြာသုံးသပ်ရေးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ သုံးစွဲမှု စုစုပေါင်းနှင့် ဆင်းရဲနွမ်းပါးမှုမျဉ်းကို အခြေပြန်လည် သတ်မှတ်ရန်နှင့် ပြန်လည်

စိစစ်သုံးသပ်ရန် ထောက်ခံအကြံပြုခြင်းဖြစ်ပါသည်။ အစားအသောက် မဟုတ်သည့် ကုန်စည်အမယ်များ ပါဝင်မှု အချိုးအစား တိုးပွားလာခြင်းကဲ့သို့သော လူနေမှုဘဝ အခြေအနေ ပြောင်းလဲလာမှုများကို ထင်ဟပ်ဖော်ပြနိုင်ရန်နှင့် စစ်တမ်းကောက်ယူခြင်းနှင့် ဆင်းရဲနွမ်းပါးမှု ခန့်မှန်းတွက်ခြင်းဆိုင်ရာ နည်းလမ်းများ ပြောင်းလဲလာခြင်းတို့ကို ထင်ဟပ်ဖော်ပြနိုင်ရန်တို့အတွက် နိုင်ငံ၏ ပြည့်စုံဖူလုံမှု စုစုပေါင်းနှင့် ဆင်းရဲနွမ်းပါးမှုမျဉ်းကို အနီးစပ်ဆုံး ၁၀ နှစ်လျှင် တစ်ကြိမ်အခြေအနေ အချိန်အခါနှင့် လျော်ညီအောင် ပြုပြင်ရေးအား ထောက်ခံအကြံပြုထားပါသည်။ ဤသို့ ပြန်လည် စိစစ်သုံးသပ်ပြင်ဆင်ခြင်းကို ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် ပန်းတိုင်များအတွက် အစီရင်သည့်ကာလအဆုံးနှင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုး တိုးတက်ရေး ရည်မှန်း ချက်ပန်းတိုင်များအတွက် နိုင်ငံတကာစောင့်ကြပ် ကြည့်ရှုစစ်ဆေးမှု ကာလသစ်၏ အစတွင် ဆောင်ရွက်ရန်အကြံပြုထားပါသည်။

## ၂၀၀၄/ ၂၀၀၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှုအား ပထမဆုံးစတင်တိုင်းတာခဲ့ချိန်မှစပြီး လူနေမှု ဘဝအခြေအနေများနှင့် ဆင်းရဲနွမ်းပါးသူများ၏ လိုအပ်ချက်များသည် နည်းလမ်း ၃ သွယ်ဖြင့် ပြောင်းလဲလာခဲ့သည်။

ပထမပြောင်းလဲပုံမှာ အိမ်ထောင်စု ကုန်စည်ဈေးခြင်းတောင်းတွင် အစားအသောက် ကုန်စည်အမယ်များပါဝင်မှုအချိုးအစားကျဆင်းလာပြီးအစားအသောက်မဟုတ်သော ကုန်စည်အမယ်များ ပိုမိုတိုးတက်စုံလင်လာသည်။ အစားအသောက်မဟုတ်သော ကုန်စည် အမယ်များပိုမိုစုံလင်များလာခြင်းကို ရယူသုံးစွဲနိုင်ရန် လိုအပ်ချက်များလည်း မြင့်မားလာသည်။ ဒုတိယပြောင်းလဲပုံနှင့် ဆက်စပ်မှုမှာ ကုန်စည်များ၏ အရေအတွက်နှင့်အမျိုးအမည်များအထူးသဖြင့်အိမ်ထောင်စုပိုင်ဆိုင်မှုများတိုးပွားလာခြင်းဖြစ်သည်။ တတိယပြောင်းလဲပုံမှာ အဓိကဝန်ဆောင်မှုများအတွက် အစိုးရ၏ဝန်ဆောင်မှုပေးခြင်းက အိမ်ထောင်စုများ ၎င်းတို့၏ သယံဇာတရင်းမြစ်များကို ကုန်စည်အမယ်များ တိုးချဲ့စုံလင်စေရန် သုံးစွဲခြင်းကို တိုးတက်ခွင့်ပြုပေးပြီး ကျယ်ပြန့်သော ပြုပြင်ပြောင်းလဲမှုများက အိမ်ထောင်စုများ၏ သုံးစွဲမှုပုံစံများကို ပြောင်းလဲလာစေခြင်းဖြစ်သည်။ ထို့ကြောင့် ဤအစီရင်ခံစာအနေဖြင့် ၂၀၁၅ ခုနှစ်တွင်တွေ့ရှိခဲ့ရသည့် လူထု၏ လိုအပ်ချက်များအား ထင်ဟပ်နိုင်စေရန် အတွက် သုံးစွဲမှုစုစုပေါင်းနှင့် ဆင်းရဲနွမ်းပါးမှုမျဉ်းအား ပြန်လည် စိစစ် သုံးသပ်ပြင်ဆင်ရန် ထောက်ခံအကြံပြုခြင်းဖြစ်ပါသည်။

နိုင်ငံအဆင့် ဆင်းရဲနွမ်းပါးမှု တိုင်းတာပုံတိုင်းတာနည်းအား ပြန်လည်စိစစ် သုံးသပ်ပြင်ဆင်ရန် နှင့် အခြေပြန်လည် ပြင်ဆင်ရန် ထောက်ခံအကြံပြုချက်များအား လက်ခံပြီးသည့်နောက်ဝယ် ဆင်းရဲနွမ်းပါးမှု အကဲဖြတ်သုံးသပ်ချက် အပိုင်း ၂ (မကြာမီ ဆက်လက်ထွက်ပေါ်လာမည်)သည် မြန်မာနိုင်ငံအတွက် ပြန်လည်စိစစ်သုံးသပ်ပြင်ဆင်ထားသော၊ အခြေ ပြန်လည်ပြင်ဆင်ထားသည့် ဆင်းရဲနွမ်းပါးမှု တိုင်းတာပုံတိုင်းတာနည်းအသစ်အား အသုံးပြုလျှက် ဘက်စုံ ဆင်းရဲနွမ်းပါးမှု လေ့လာချက်အား တင်ပြမည်ဖြစ်သည်။

# 01.

## နိဒါန်း

**ပါဝင်သည့်အကြောင်းအရာများအား ခြုံငုံတင်ပြချက်**

ဤအစီရင်ခံစာသည် အပိုင်း ၂ ပိုင်းပါ ဆင်းရဲ နွမ်းပါးမှု အကဲဖြတ်သုံးသပ်ချက်အတွဲ၏ ပထမ အစီရင်ခံစာ ဖြစ်ပါသည်။ ပြုစုခဲ့သည့် အစီရင်ခံစာများသည် ကမ္ဘာ့ဘဏ် Poverty and Equity Global Practice နှင့် လူနေမှုအဆင့်အတန်းတိုင်းတာမှုစစ်တမ်းအဖွဲ့၊ မြန်မာနိုင်ငံအစိုးရနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ပုဂ္ဂိုလ်များ ပါဝင်သည့် ပူးတွဲအဖွဲ့မှ ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံတွင်း ဆင်းရဲနွမ်းပါးမှု ခန့်မှန်းခြေကို ဖော်ပြထားပါသည်။

# ပူးတွဲ စိစစ်သုံးသပ်ချက်တွင် တစ်ခုနှင့် တစ်ခု ဆက်နွယ်နေသော ရည်မှန်းချက် သုံးခု ရှိသည်။

1 စစ်တမ်းကောက်ယူမှု အသုတ် ၃ သုတ်တစ်လျှောက် နှိုင်းယှဉ်မှု ပြုနိုင်သော ဆင်းရဲနွမ်းပါးမှု ခန့်မှန်းခြေများ တည်ဆောက်ရန်။

2 ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ဆင်းရဲနွမ်းပါးမှုအခြေအနေကို ထင်ဟပ်သည့် ဆင်းရဲနွမ်းပါးမှု တိုင်းတာပုံ တိုင်းတာနည်းတစ်ရပ်ကို ဖော်ထုတ်တင်ပြရန်နှင့်

3 ဆင်းရဲနွမ်းပါးမှုကို ပြဌာန်းသည့်အချက်များနှင့် ဆက်စပ်မှုများကို ခွဲခြားစိတ်ဖြာ သုံးသပ်ရန်၊ မြန်မာနိုင်ငံအတွက် အရေးပါသော လူ့စွမ်းအား နှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု လိုအပ်ချက်များဆိုင်ရာ ခြုံငုံသုံးသပ်ချက်တစ်ရပ်ကို ဖော်ထုတ် ဖြည့်ဆည်းပေးရန်။

---

# ကမ္ဘာ့ဘဏ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနတို့ကြား နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမှ အစီရင်ခံစာ ၃ စောင် ထွက်ပေါ်လာခဲ့သည်။

1 မြန်မာနိုင်ငံဆင်းရဲနွမ်းပါးမှုနှင့် နေထိုင်မှုအခြေအနေ လေ့လာမှုစစ်တမ်း (၂၀၁၅) အတွက် စစ်တမ်းကောက်ယူမှုနှင့် အရည်အသွေးထိန်းချုပ်မှု အစီရင်ခံစာ (MPLCS, ၂၀၁၅)။

2 မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှု ခွဲခြားစိတ်ဖြာသုံးသပ်ချက်။
(က)။ အပိုင်းတစ် - ယခင်တိုင်းတာမှုများအပေါ် အခြေပြုသည့် ၂၀၀၄/ ၂၀၀၅ နှင့် ၂၀၁၅ ခုနှစ် အကြား ဆင်းရဲနွမ်းပါးမှုအလားအလာများ။

(ခ)။ အပိုင်းနှစ် - ဆင်းရဲနွမ်းပါးမှုခန့်မှန်းခြေအသစ်ပေါ် အခြေပြုသည့် ဆင်းရဲနွမ်းပါးမှုအလား အလာများနှင့် လေ့လာချက်။

3 ဆင်းရဲနွမ်းပါးမှု ခွဲခြားစိတ်ဖြာသုံးသပ်ချက်၏ အပိုင်းနှစ် နှင့် ပူးတွဲပါဝင်သော နည်းပညာဆိုင်ရာ ဆင်းရဲနွမ်းပါးမှု ခန့်မှန်းခြေ အစီရင်ခံစာ။

# အဖွဲ့အစည်းဆိုင်ရာ အစီအမံများ

မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှုနှင့် လူနေမှုဘဝအခြေအနေစစ်တမ်းအတွက် ဦးဆောင် ကော်မတီကို သမ္မတရုံးက ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ဖွဲ့စည်းခဲ့သည်။ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနကို ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက ကိုယ်စားပြုပါဝင်ခဲ့ကြပြီး ကျန်းမာရေး၊ ပညာရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနများကို အဖွဲ့ဝင်များက ကိုယ်စားပြုပါဝင်ခဲ့ကြသည်။ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များမှ ကိုယ်စားလှယ်များကလည်း နည်းပညာလုပ်ငန်းအဖွဲ့နှင့် ဦးဆောင်ကော်မတီတို့တွင် အဖွဲ့ဝင်များအဖြစ် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ နည်းပညာလုပ်ငန်းအဖွဲ့တွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ကုလသမဂ္ဂ ကလေးသူငယ်များရံပုံငွေအဖွဲ့ (UNICEF)၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)၊ အပြည်ပြည်ဆိုင်ရာလုပ်သမားအဖွဲ့ (ILO)၊ ကုလသမဂ္ဂ လူဦးရေရံပုံငွေအဖွဲ့ (UNFPA) နှင့် နိုင်ငံတကာတိုးတက်ရေးဗဟိုဌာန (IGC) တို့မှ ကိုယ်စားလှယ်များလည်း ပါဝင်ခဲ့ကြပါသည်။ ဦးဆောင်ကော်မီတီတွင် ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ ကိုယ်စားလှယ်များလည်း ပါဝင်ခဲ့ကြသည်။

ဤအစီရင်ခံစာတွင် အခန်း ၂ သည် ဆင်းရဲနွမ်းပါးမှုခန့်မှန်းခြေ နောက်ခံအကြောင်းအရာကို တင်ပြထားပါသည်။ အခန်း ၃ သည် အချိန်ကာလတစ်လျှောက် ဆင်းရဲနွမ်းပါးမှု အလားအလာများ တွက်ချက်တည်ဆောက်ခြင်းကို အဓိကထား၍ ထွက်ပေါ်လာသော ရလာဒ်များနှင့် ဤခွဲခြားစိတ်ဖြာသုံးသပ်မှု၏ ခိုင်မာမှုတို့ကို ဖော်ထုတ်တင်ပြထားပါသည်။ အသေးစိတ်နောက်ဆက်တွဲများသည် အချိန်ကာလတစ်လျှောက် ဆင်းရဲနွမ်းပါးမှု အလားအလာများ တွက်ချက် တည်ဆောက်ခြင်းကို ဖော်ပြထားပြီး ခွဲခြားစိတ်ဖြာ သုံးသပ်မှု၏ ခိုင်မာသော ရလဒ်များ၊ ဤခွဲခြားစိတ်ဖြာ သုံးသပ်မှု လုပ်ဆောင်ရန် အသုံးပြုခဲ့သော စစ်တမ်းများ၏ နှိုင်းယှဉ်ချက် တို့ကို တင်ပြထားပါသည်။

# 02.

## မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှု တိုင်းတာချက်ကိုခြုံငုံတင်ပြခြင်း

မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးမှု အပြောင်းအလဲများအား စစ်ဆေးသုံးသပ်ခြင်းမပြုမီ ဦးစွာ အိမ်ထောင်စုစစ်တမ်းနှင့် ဆင်းရဲနွမ်းပါးမှု တိုင်းတာချက်တို့ကို ခြုံငုံတင်ပြထားပြီး ဤအစီရင်ခံစာတွင် ထုတ်နှုတ်အသုံးပြုထားသည့် အဓိကရည်ညွှန်းကိုးကားချက်များအား မိတ်ဆက် တင်ပြပေးထားပါသည်။

# မြန်မာနိုင်ငံရှိ အိမ်ထောင်စုလူနေမှုအဆင့်အတန်းများ တိုင်းတာချက်၏ နောက်ခံအကြောင်းအရာ

၂၀၁၅ မတိုင်မီ မြန်မာနိုင်ငံတွင် အိမ်ထောင်စု အသုံးစရိတ်များဆိုင်ရာ ဘက်စုံ သတင်း အချက်အလက်များ အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်တမ်းနှစ်ခု ကောက်ယူခဲ့သည်။[1] မြန်မာနိုင်ငံတွင် ပေါင်းစည်းအိမ်ထောင်စု စားဝတ်နေရေးအခြေအနေ ဘက်စုံ လေ့လာမှုစစ်တမ်း (IHLCA) ကို အသုံးပြု၍ ပြည့်စုံဖုလုံမှုနှင့် ဆင်းရဲနွမ်းပါးမှုကို နှစ်ကြိမ် တိုင်းတာခဲ့ပြီး IHLCA-I ကို ၂၀၀၄/ ၂၀၀၅ ခုနှစ်နှင့် IHLCA-II ကို ၂၀၀၉/ ၂၀၁၀ ခုနှစ်တွင် အသီးသီး ကောက်ယူခဲ့သည်။[2]

၂၀၁၅ ခုနှစ်အစောပိုင်းတွင် မြန်မာနိုင်ငံ လူနေမှုဘဝအခြေအနေများအား ဖမ်းယူသိရှိနိုင်စေရန်အတွက် မြန်မာနိုင်ငံဆင်းရဲနွမ်းပါးမှုနှင့် နေထိုင်မှုအခြေအနေလေ့လာမှု စစ်တမ်းအစီရင်ခံစာ (MPLCS) ကို ကောက်ယူခဲ့ပါသည်။ နမူနာအရွယ်အစားအဖြစ် အိမ်ထောင်စု ၃,၆၄၈ စုကို ကောက်ယူခဲ့သဖြင့် ပမာဏအားဖြင့် အတော်အတန်သေးငယ်သည်ဟု ဆိုနိုင်သော်လည်း ထိုနမူနာကို နိုင်ငံအဆင့်၊ ကျေးလက်/ မြို့ပြအဆင့်နှင့် လယ်ယာ-ဂေဟဇေဒဖုန် အဆင့်များအတွက် အသုံးပြုနိုင်ပါသည်။ သို့သော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်အတွက်မူ အသုံးမပြုနိုင်ပါ။ မြန်မာနိုင်ငံဆင်းရဲနွမ်းပါးမှုနှင့် နေထိုင်မှုအခြေအနေလေ့လာမှုစစ်တမ်း အစီရင်ခံစာ MPLCS အနေဖြင့် ၎င်း၏နမူနာကို ကောက်ချက်ချရန် ၂၀၁၄ လူဦးရေနှင့် အိမ်ထောင်စု သန်းခေါင်စာရင်းကို အသုံးပြုခဲ့ပါသည်။[3]

ဇယား ၂.၁။

မြန်မာနိုင်ငံရှိ နိုင်ငံအဆင့် ဆင်းရဲနွမ်းပါးမှုတိုင်းတာရန် အသုံးပြုခဲ့သော စစ်တမ်းများ အကျဉ်းချုပ်

| စစ်တမ်း | အချိန်ကာလ သတ်မှတ်ချက် | ကိုယ်စားပြုမှုအဆင့် | ဤအစီရင်ခံစာတွင် ထုတ်နုတ်အသုံးပြုထားသော ရည်ညွှန်းကိုးကားချက်များ |
|---|---|---|---|
| ပေါင်းစည်း အိမ်ထောင်စု စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှု စစ်တမ်း ၁ နှင့် ၂ (IHLCA)။ | ၂၀၀၄/ ၂၀၀၅။ ၂၀၀၄ နိုဝင်ဘာ/ ဒီဇင်ဘာနှင့် ၂၀၀၅ မေလများတွင် ထပ်ကြော့သွားရောက်ကောက်ယူမှုများ။ | နိုင်ငံအဆင့်။ ကျေးလက်/ မြို့ပြ။ ပြည်နယ်/ တိုင်းဒေသကြီး။ | ဆင်းရဲနွမ်းပါးမှု လေ့လာချက်။ မြန်မာနိုင်ငံအစိုးရ နှင့်အဖွဲ့ ၂၀၀၇။ နည်းပညာဆိုင်ရာ အစီရင်ခံစာ။ မြန်မာနိုင်ငံ အစိုးရနှင့်အဖွဲ့ ၂၀၁၀။ |
| | ၂၀၀၉/ ၂၀၁၀။ ၂၀၀၉ ဒီဇင်ဘာ/ ၂၀၁၀ ဇန်နဝါရီနှင့် ၂၀၁၀ မေလတို့တွင် ထပ်ကြော့သွားရောက် ကောက်ယူမှုများ။ | နိုင်ငံအဆင့်။ ကျေးလက်/ မြို့ပြ။ ပြည်နယ်/ တိုင်းဒေသကြီး။ | ဆင်းရဲနွမ်းပါးမှု လေ့လာချက်။ မြန်မာနိုင်ငံအစိုးရနှင့်အဖွဲ့ ၂၀၁၁။ နည်းပညာဆိုင်ရာ အစီရင်ခံစာ။ မြန်မာနိုင်ငံအစိုးရနှင့်အဖွဲ့ ၂၀၁၁။ |
| မြန်မာနိုင်ငံဆင်းရဲနွမ်းပါးမှုနှင့် နေထိုင်မှုအခြေအနေလေ့လာမှုစစ်တမ်း (MPLCS)။ | ၂၀၁၅။ အိမ်ထောင်စုများအား ၂၀၁၅ ဇန်နဝါရီလမှ ဧပြီလအထိ ရေတွက်ခဲ့သည်။ | နိုင်ငံအဆင့်။ ကျေးလက်/ မြို့ပြ။ စိုက်ပျိုးရေးဇုန်။ | မြန်မာနိုင်ငံဆင်းရဲနွမ်းပါးမှုနှင့် နေထိုင်မှုအခြေအနေ လေ့လာမှု စစ်တမ်းအစီရင်ခံစာ။ |

1 မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုအား သိရှိနိုင်ရန် အခြားသော စစ်တမ်းများလည်း ကောက်ယူခဲ့သည်။ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံမှု ရံပုံငွေ (LIFT) အစီအစဉ်သည် အစီအစဉ်ဆောင်ရွက်ခဲ့သော ကျေးလက်ဒေသများ၌ တိုးတက်ဖြစ်ထွန်းမှုများအား ဆန်းစစ်အကဲဖြတ်နိုင်ရန်အတွက် အိမ်ထောင်စု စစ်တမ်းများကို ၂၀၁၁၊ ၂၀၁၃ နှင့် ၂၀၁၅ ခုနှစ်များတွင်ကောက်ယူခဲ့သည်။ အဆိုပါစစ်တမ်းများမှရလဒ်များသည် နိုင်ငံအဆင့် ကိုယ်စားပြုမှုမရှိပါ။

2 စစ်တမ်းတွင် အုပ်ချုပ်ရေးဆိုင်ရာ လူဦးရေစာရင်းများမှ ရွေးချယ်ထုတ်နုတ်ထားသည့် နမူနာကို အခြေခံ၍ တစ်နိုင်ငံလုံးကိုယ်စားပြုနမူနာ အိမ်ထောင်စုပေါင်း ၁၈,၆၆၀ ပါဝင်သည်။ စစ်တမ်းသည် အခြေခံအိမ်ထောင်စု သွင်ပြင်လက္ခဏာများ၊ အိမ်ယာအဆောက်အဦး၊ ပညာရေး၊ ကျန်းမာရေး၊ စားသုံးမှုအသုံးစရိတ်၊ ရပိုင်ခွင့်ပစ္စည်းများ ၊ လုပ်သားနှင့် အလုပ်အကိုင်၊ စီးပွားရေးလုပ်ငန်း၊ ဘဏ္ဍာရေးနှင့် စုဆောင်းမှုများဆိုင်ရာမော်ဂျူးများပါဝင်ပြီး နယ်ပယ်အားဖြင့် ဘက်စုံထောင့်စုံဖြစ်သည်။ စစ်တမ်းကောက်ယူမှုကို ဖွံ့ဖြိုးမှုမိတ်ဖက်များ အထူးသဖြင့် UNDP၊ UNICEF၊ UNOPS နှင့် SIDA တို့က ပံ့ပိုးပေးခဲ့သည်။

3 စစ်တမ်းသည် IHLCA မှာကဲ့သို့ပင် အခြေခံအိမ်ထောင်စု သွင်ပြင်လက္ခဏာများ၊ အိမ်ယာအဆောက်အဦး၊ ပညာရေး၊ ကျန်းမာရေး၊ စားသုံးမှုအသုံးစရိတ်၊ ရပိုင်ခွင့်ပစ္စည်းများ၊ လုပ်သားနှင့် အလုပ်အကိုင်၊ စီးပွားရေးလုပ်ငန်း၊ ဘဏ္ဍာရေးနှင့် စုဆောင်းမှုများဆိုင်ရာ မော်ဂျူးများပါဝင်ပြီး နယ်ပယ်အားဖြင့် ဘက်စုံထောင့်စုံဖြစ်ပြီး ထပ်ဆောင်းအနေဖြင့် ပုဂ္ဂလိကဘဝအရည်အသွေးကျေနပ်နှစ်သိမ့်မှု၊ ထိခိုက်မှုများ ကိုယ်တိုင်အစီရင်ခံမှုတို့ နှင့်ဆိုင်သော မော်ဂျူးများပါဝင်ပါသည်။ စစ်တမ်းကို ကမ္ဘာ့ဘဏ် လူနေမှုအဆင့်အတန်း တိုင်းတာလေ့လာမှု (LSMS) နှင့် ဆင်းရဲနွမ်းပါးမှုနှင့် တန်းတူညီမျှမှုအဖွဲ့များက ပံ့ပိုးပေးခဲ့ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (ယခင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန) ၏ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် ဗဟိုစာရင်းအင်းအဖွဲ့တို့၏ ကြီးကြပ်မှုဖြင့်ဆောင်ရွက်ခဲ့သည်။



အောက်ဖော်ပြပါ စိုက်ပျိုးရေး-ဂေဟဗေဒဇုန်များအား မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှုနှင့် နေထိုင်မှုအခြေအနေလေ့လာမှုစစ်တမ်း အစီရင်ခံစာ (MPLCS) အားအသုံးပြု၍ စစ်ဆေးသုံးသပ်နိုင်သည်။

တောင်ကုန်းနှင့်တောင်ထူထပ်ရာဇုန်။
ချင်း၊ ကချင်၊ ကယား၊ ကရင်၊ ရှမ်း

ကမ်းရိုးတန်းဇုန်။
ရခိုင်နှင့် တနင်္သာရီ

မြစ်ဝကျွန်းပေါ်ဇုန်။
ဧရာဝတီ၊ ပဲခူး၊ မွန်၊ ရန်ကုန်

အပူပိုင်းဇုန်။
မန္တလေး၊ မကွေး၊ နေပြည်တော်၊ စစ်ကိုင်း

အဆိုပါစစ်တမ်းများနှင့်ပတ်သက်သည့် ပိုမိုအသေးစိတ်ကျသောအချက်အလက်များကို နောက်ဆက်တွဲနှင့် စစ်တမ်းအစီရင်ခံစာများတွင်တွေ့နိုင်ပါသည်။

# အိမ်ထောင်စုစစ်တမ်းများအား အသုံးပြု၍ ဆင်းရဲနွမ်းပါးမှုတိုင်းတာချက်

ဤအခန်းတွင် အစီရင်ခံစာတစ်ခုလုံး၌ အသုံးပြုထားသော အဓိကသဘောတရားများကို အကျဉ်းချုပ်မိတ်ဆက်တင်ပြထားပါသည်။

**ဆင်းရဲနွမ်းပါးမှုတိုင်းတာချက်တွင် အဓိကအဆင့် ၂ ဆင့် ရှိပါသည်။ ပြည့်စုံဖူလုံမှုစုစုပေါင်း ဖော်ထုတ်တည်ဆောက်ခြင်းနှင့် ဆင်းရဲနွမ်းပါးမှုမျဉ်း ဖော်ထုတ်တည်ဆောက်ခြင်းတို့ ဖြစ်ကြသည်။** ဆင်းရဲနွမ်းပါးမှု ခွဲခြားစိတ်ဖြာသုံးသပ်ခြင်း၏ အခြေခံအစိတ်အပိုင်းများကို အောက်ပါ ဇယား ၂.၂ တွင် ဖော်ပြထားပြီး ဆင်းရဲနွမ်းပါးမှုလေ့လာချက်တွင် အကြိမ်ကြိမ်အဖန်ဖန် တွေ့ရမည့် ဝေါဟာရအသုံးအနှုန်းများကို ဖွင့်ဆိုရှင်းပြထားပါသည်။

ဇယား ၂.၂။

ပြည့်စုံဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှု တိုင်းတာချက်၏ အစိတ်အပိုင်းများ

| | |
|---|---|
| **ပြည့်စုံဖူလုံမှု** | ပြည့်စုံဖူလုံမှုသည် ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ကြွယ်ဝချမ်းသာမှု သို့မဟုတ် ရေရှည် ပျော်ရွှင်မှုကို ညွှန်းပါသည်။ |
| **ပြည့်စုံဖူလုံမှု အတိုင်းအတာ** | ပြည့်စုံဖူလုံမှုကို အများအားဖြင့် ငွေကြေးဖြင့်တိုင်းတာသည်။ ဥပမာ။ ။ အိမ်ထောင်စုအသုံးစရိတ် သို့မဟုတ် အိမ်ထောင်စု ဝင်ငွေဖြင့် တိုင်းတာခြင်းဖြစ်သည်။ ငွေကြေးပြည့်စုံဖူလုံမှုအတိုင်းအတာ ပိုမိုမြင့်မားသည့် အိမ်ထောင်စုများအား ပိုမိုအဆင်ပြေသူများဟု ယူဆသည်။ |
| **ဆင်းရဲနွမ်းပါးမှုမျဉ်း** | ဆင်းရဲနွမ်းပါးမှုမျဉ်းသည် ဆိုးဆိုးရွားရွားချို့တဲ့သည်ဟု ယူဆသတ်မှတ်ခြင်းမခံရစေရန် လိုအပ်သည့် အနိမ့်ဆုံးပြည့်စုံဖူလုံမှုအဆင့်ကို ဖွင့်ဆိုသတ်မှတ်သည်။ အနိမ့်ဆုံးလိုအပ်ချက်တစ်ရပ်က ညွှန်ပြသည့်အချက်သည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွဲပြားမှုရှိသည်။ ပြည်သူလူထုအနေဖြင့် ၎င်းတို့၏စားသောက်ရေးအတွက်ပင် ဆိုးဆိုးရွားရွားအခက်တွေ့နေရသည့် တိုင်းပြည်များတွင် ကယ်လိုရီလိုအပ်ချက် ပြည့်မီမှုတစ်ဝိုက်၌ သတ်မှတ်လေ့ရှိသည်။ ပိုမိုကောင်းမွန်ကြွယ်ဝသည့် တိုင်းပြည်များတွင် စားနပ်ရိက္ခာပြည့်စုံလုံလောက်မှုသည် ပြဿနာတစ်ရပ်မဟုတ်သော်လည်း အခြားနည်းများဖြင့် ခံစားခွင့်မရှိသော သို့မဟုတ် ချို့တဲ့သောအိမ်ထောင်စုများ (ဥပမာ။ ။ ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်မှုမရှိခြင်း၊ ပညာရေးတွင် အခက်အခဲအကန့်အသတ်များရှိခြင်း) ရှိနိုင်ပေရာ ပျမ်းမျှ သို့မဟုတ် အလယ်အလတ် အိမ်ထောင်စုနှင့်ပတ်သက်၍ ဆင်းရဲနွမ်းပါးမှုကို တိုင်းတာကောင်း တိုင်းတာနိုင်ပေသည်။ |
| **ဆင်းရဲနွမ်းပါးသူ** | ဆင်းရဲနွမ်းပါးသူဆိုသည်မှာ တစ်ဦးကျ (သို့မဟုတ် အရွယ်ရောက်သူမျှခြေ) ဝင်ငွေ သို့မဟုတ် အသုံးစရိတ်သည် စုစုပေါင်း ဆင်းရဲနွမ်းပါးမှုမျဉ်းအောက် သို့မဟုတ် မျဉ်းနှင့် ညီမျှသော အိမ်ထောင်စုတွင် နေထိုင်သူဖြစ်သည်။ |

**ပြည့်စုံဖူလုံမှု စုစုပေါင်းသည် ငွေကြေးအားဖြင့် ပြည့်စုံကြွယ်ဝမှုကိုဆိုလိုသည်။** ယင်းတွင် အဓိကအမျိုးအမည် ၄ ခု ပါဝင်သည်။ ပြည့်စုံဖူလုံမှုစုစုပေါင်းတွင် အကျုံးဝင်သော အဓိက အမျိုးအမည် ၄ ခုမှာ အစားအသောက်၊ (စွမ်းအင်အတွက်သုံးစွဲခြင်း၊ ဘတ်စ်ကားစီးနင်းခြင်း သို့မဟုတ် မော်တော်ဆိုင်ကယ်အတွက် လောင်စာဆီဝယ်ယူခြင်း၊ ပညာရေးနှင့် တစ်ခါတစ်ရံ ကျန်းမာရေးတို့ပါဝင်သော) အစားအသောက်မဟုတ်သည့် အသုံးစရိတ်များ၊ ကြာရှည်ခံအရာများမှ အိမ်ထောင်စုတစ်ခုပိုင်ဆိုင်သော အိမ်ရှိပစ္စည်းများ အသုံးပြုခြင်းမှရရှိသော တန်ဖိုးကို ပိုင်းဖြတ်သည့် အသုံးဝင်မှုတန်ဖိုးနှင့် နောက်ဆုံးအနေဖြင့် တန်ဖိုးသတ်မှတ်ထားသော အိမ်ထောင်စုတစ်ခု၏ အိမ်ယာတို့ဖြစ်ကြသည်။

**ဆင်းရဲနွမ်းပါးမှုမျဉ်းသည် အိမ်ထောင်စုတစ်စုအတွက် သင့်တင့်လျောက်ပတ်သောဘဝတွင် နေထိုင်နိုင်ရန်လိုအပ်သည့် အနိမ့်ဆုံး လူနေမှုအဆင့်အတန်းဖြစ်သည်။** ဆိုလိုသည်မှာ ယင်းတို့ အနေဖြင့် စားနိုင်သောက်နိုင်ရှိပြီး အစားအသောက်မဟုတ်သော အခြေခံပစ္စည်း အမယ်များအား ဝယ်နိုင်စွမ်းရှိခြင်းဖြစ်သည်။ အိမ်ထောင်စုတစ်စုအနေဖြင့် ၎င်းတို့တင်ပြသော စားသုံးသည့် အမှန်တကယ် ကျပ်ငွေတန်ဖိုးဖြင့် ပြည့်စုံဖူလုံမှုစုစုပေါင်းသည် မြန်မာနိုင်ငံတွင် လိုအပ်သည်ဟု ယူဆသတ်မှတ်ထားသော အခြေခံလူနေမှုအဆင့်အတန်း အနိမ့်ဆုံးအဆင့်အောက် ရောက်နေလျှင် ထိုအိမ်ထောင်စုကို ဆင်းရဲနွမ်းပါးသည်ဟု သတ်မှတ်ပါသည်။

**နှစ်တစ်နှစ်၏ ဆင်းရဲနွမ်းပါးမှုမျဉ်းသည် ဆင်းရဲနွမ်းပါးမှု တွက်ဆခြင်းပြုစုရန် အကြောင်းအရာများပေါ်တွင် အခြေခံသည်။** ဆင်းရဲနွမ်းပါးမှုမျဉ်း တွက်ချက်ခန့်မှန်းသည့် နည်းလမ်းလုံးဝ အပြောင်းအလဲမရှိလျှင်ပင် မတူညီသည့် နှစ် ၂ နှစ် အခြေခံသည့် ဆင်းရဲနွမ်းပါးမှု မျဉ်းတစ်ခုသည် မတူညီသော ဆင်းရဲနွမ်းပါးမှု တွက်ဆချက်နှစ်ခုကို ထွက်ပေါ်စေမည်။ ဆင်းရဲနွမ်းပါးမှု မျဉ်းတစ်ခုသည် သတ်မှတ်ထားသည့် အချိန်အခိုက်အတန့်တစ်ခု (ယင်းသည် သီးသန့်ရည်ညွှန်းနှစ်ကို အခြေခံသည်) ရှိ လူနေမှုအဆင့်အတန်းများကို ထင်ဟပ်ဖော်ပြသည့် စံပြုအမှတ်ဖြစ်သည်။ ဆင်းရဲနွမ်းပါးမှုမျဉ်းများသည် အခြေခံအားဖြင့် လူမှုဝန်းကျင်ရှိအဆင်းရဲဆုံးအိမ်ထောင်စုများ၏အကြိုက်နှင့် အစားအစာအရသာကို အသုံးပြုပြီး အစားအစာလိုအပ်ချက်များပေါ်တွင် အခြေခံသည်။ ပိုမိုဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများသည် ပိုမိုချမ်းသာသော အိမ်ထောင်စုများထက် ကယ်လိုရီနှင့် ပရိုတင်းဓါတ်နည်းကာ အခြေခံကာဘိုဟိုက်ဒရိတ် ပိုမိုပါဝင်သည့် အရည်အသွေးနိမ့် အစားအစာအာဟာရများကို စားသုံးနိုင်ခြေရှိပေသည်။ အိမ်ထောင်စုများသည် ပိုမိုကြွယ်ဝလာသည့်အခါ အစားအစာများလည်း ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ပြီး အစားအသောက်မဟုတ်သော ကုန်စည်အမယ်များကို ပိုမိုစားသုံးလာကာ အပန်းဖြေကုန်ပစ္စည်းများ သုံးစွဲမှုလည်းတိုးပွားလာပေမည်။ လူမှုအဖွဲ့အစည်းတစ်ခုအတွင်းရှိ ဆင်းရဲနွမ်းပါးဆုံးသူများ၏ အစားအစာနှင့် စားသုံးမှုပုံစံများ တဖြည်းဖြည်းချင်း တိုးတက်ပြောင်းလဲလာသည့်အခါ ယင်းတို့၏အခြေခံလိုအပ်ချက်များကို ထင်ဟပ်သည့်မျဉ်းကိုလည်း ပြန်လည်သုံးသပ်ပြင်ဆင်သင့်ပေသည်။

**လက်ရှိဦးရေနှုန်း (headcount rate) သည် အသုံးအများဆုံးသော ဆင်းရဲနွမ်းပါးမှု တိုင်းတာချက်ဖြစ်သည်။** လက်ရှိဦးရေနှုန်းသည် ဆင်းရဲနွမ်းပါးသောအိမ်ထောင်စုများရှိ လူဦးရေအချိုးကို ကိုယ်စားပြုသည်။ ယင်းတို့၏ တစ်ဦးကျ (သို့မဟုတ် အရွယ်ရောက်သူမျှခြေ) ပြည့်စုံဖူလုံမှုသည် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်နိမ့် သို့မဟုတ် ညီမျှနေလျှင် အိမ်ထောင်စုတစ်စုသည် ဆင်းရဲနွမ်းပါးသည်ဟု သတ်မှတ်သည်။ အကယ်၍ တစ်ဦးကျ သို့မဟုတ် အရွယ်ရောက်သူမျှခြေတစ်ဦးကျ စားသုံးမှုအသုံးစရိတ်သည် အစားအသောက် ဆင်းရဲနွမ်းပါးမှုမျဉ်း အောက်ရောက်နေလျှင် အိမ်ထောင်စုတစ်စုသည် အစားအသောက် ဆင်းရဲနွမ်းပါးမှုရှိသည်။

**ဆင်းရဲနွမ်းပါးမှု၏ နက်ရှိုင်းမှုနှင့် ပြင်းထန်မှုတို့သည် များစွာသောလူထုအနေဖြင့် ယင်းတို့၏ လိုအပ်ချက် မဖြည့်ဆည်းနိုင်ရုံမျှသာရှိပြီး ချို့တဲ့မှုသည် ခပ်တိမ်တိမ်လား သို့မဟုတ် ပိုမိုပြန့်နှံ့ပြီး နက်သလားဆိုသည့် အသိကိုပေးသည်။** ဆင်းရဲနွမ်းပါးမှု၏ လက်ရှိဦးရေနှုန်းသည် အခြေခံ လူမှုအဖွဲ့အစည်းဆိုင်ရာ အစားအသောက်နှင့် အစားအသောက်မဟုတ်သော အနိမ့်ဆုံး လိုအပ်ချက်များကို ပြည့်မီအောင်သုံးစွဲနိုင်ခြင်းမရှိသည့် လူဦးရေအချိုးအစားကို ကိုယ်စားပြုသည်။ လက်ရှိဦးရေဆင်းရဲနွမ်းပါးမှု အတိုင်းအတာသည် ဆင်းရဲနွမ်းပါးသူများအကြား ဆင်းရဲနွမ်းပါးမှု၏ နက်ရှိုင်းမှုကို ဖော်ပြနိုင်ခြင်းမရှိပါ။ ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်တွင် နေထိုင်ရသော လူဦးရေအရေအတွက်သည် ပြောင်းလဲခြင်းမရှိပဲ ဆင်းရဲနွမ်းပါးသူများ၏အခြေအနေ ပိုမိုကောင်းမွန်လာသည်ဆိုလျှင် လက်ရှိဦးရေအတိုင်းအတာသည် မပြောင်းလဲပေ။ ဆင်းရဲနွမ်းပါးမှု ကွာဟချက်နှင့် ပြင်းထန်မှုအတိုင်းအတာသည် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်ရှိ ပြည့်စုံဖူ လုံမှု အပြောင်းအလဲများကို ထင်ဟပ်နိုင်သည်။ ဆင်းရဲနွမ်းပါးမှုကွာဟချက်သည် ဆင်းရဲ နွမ်းပါးမှု မျဉ်းမှ ပျမ်းမျှကျဆင်းမှုကိုအသုံးပြု၍ ဆင်းရဲနွမ်းပါးမှု၏နက်ရှိုင်းမှုကို ထင်ဟပ်ဖော်ပြနိုင်သည်။ ဆင်းရဲနွမ်းပါးမှုမျဉ်းမှ ပိုမိုဝေးကွာသောသူများပေါ်တွင် ဆင်းရဲနွမ်းပါးမှု အတိုင်းအတာ ပိုမိုပြင်းထန်လေဖြစ်သည်။

## မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှုတိုင်းတာချက်သမိုင်းကြောင်း

**ယခင် ၂၀၀၄/ ၂၀၀၅ ခုနှစ်ကဆိုလျှင် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုကို လူထု၏စားသုံးမှုပုံစံများ အသုံးပြုလျှက် စံပြုသတ်မှတ်ခဲ့သည်။** မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုကို ၂၀၀၄/ ၂၀၀၅ IHLCA-I မှ ကောက်ယူစုဆောင်းခဲ့သော စားသုံးမှုအသုံးစရိတ်အချက်အလက်များ အသုံးပြု၍ ကနဦးတိုင်းတာခဲ့သည်။ မြန်မာနိုင်ငံအစိုးရနှင့် ယင်း၏ဖွံ့ဖြိုးမှု မိတ်ဖက်များသည် လူနေမှုအဆင့်အတန်းကိုတိုင်းတာရန် စားသုံးမှုစုစုပေါင်းကို ဖော်ထုတ်တည်ဆောက်ခဲ့ပြီး ထို့နောက်တွင် ၂၀၀၄/ ၂၀၀၅ ခုနှစ် လူထု၏အနိမ့်ဆုံးလိုအပ်ချက်များကို အခြေခံကာ ဆင်းရဲနွမ်းပါးမှုမျဉ်းကို တွက်ချက်ခန့်မှန်းခဲ့သည်။ အဆိုပါစံပြုအမှတ်နှင့် နည်းလမ်းကို အသုံးပြုလျှက် ၂၀၀၄/ ၂၀၀၅ ခုနှစ်အတွက် ဆင်းရဲနွမ်းပါးမှုမှာ ၃၂.၁ ရာခိုင်နှုန်းဟု တွက်ချက်ခန့်မှန်းခဲ့ပြီးနောက် ၂၀၀၉/ ၂၀၁၀ တွင် ၂၅.၆ ရာခိုင်နှုန်းသို့ ကျဆင်းလာခဲ့သည် (မြန်မာ

နိုင်ငံအစိုးရနှင့်အဖွဲ့ ၂၀၀၇၊ မြန်မာနိုင်ငံအစိုးရနှင့်အဖွဲ့ ၂၀၁၁)။ ၂၀၁၄ ခုနှစ်တွင် ၂၀၀၉/ ၂၀၁၀ ခုနှစ် လူနေမှုအဆင့်အတန်းများအပေါ်အခြေခံလျှက် ဆင်းရဲနွမ်းပါးမှုခန့်မှန်းချက်တစ်ရပ်ကို ကမ္ဘာ့ဘဏ်အဖွဲ့က တင်ပြခဲ့သည်။ စာသုံးမှုကုန်စည်ဈေးခြင်းတောင်း ဖော်ထုတ်တည်ဆောက်ရန်နှင့် အနိမ့်ဆုံးလူနေမှုအဆင့်အတန်းကို သတ်မှတ်ရန် IHLCA-II မှ အချက်အလက်များကိုအသုံးပြု၍ ကမ္ဘာ့ဘဏ်အဖွဲ့မှ ၂၀၀၉/ ၂၀၁၀ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှုနှုန်းကို ၃၇.၅ ရာခိုင်နှုန်းဟု တွက်ချက်ခန့်မှန်းခဲ့သည် (ကမ္ဘာ့ဘဏ် ၂၀၁၄)။

ဇယား ၂.၃။

ယခင် ဆင်းရဲနွမ်းပါးမှု တွက်ချက်ခန့်မှန်းခြင်းမှ ဆင်းရဲနွမ်းပါးမှု ခန့်မှန်းခြေများ

| | တွက်ချက်ခန့်မှန်းခဲ့သည့် ဆင်းရဲနွမ်းပါးမှုနှုန်း | | ဆင်းရဲနွမ်းပါးမှုမျဉ်း အခြေပြုနှစ် |
|---|---|---|---|
| | ၂၀၀၄/ ၂၀၀၅ | ၂၀၀၉/ ၂၀၁၀ | |
| ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ (၂၀၀၇) နည်းလမ်းအရ | ၃၂.၁ | ၂၅.၆ | ၂၀၀၄ / ၂၀၀၅ |
| ကမ္ဘာ့ဘဏ် (၂၀၁၄) နည်းလမ်းအရ | - | ၃၇.၅ | ၂၀၀၉ / ၂၀၁၀ |

**ဆင်းရဲနွမ်းပါးမှုခန့်မှန်းခြေနှစ်ခု ကွဲပြားခြားနားစေသည့် နည်းပညာဆိုင်ရာရွေးချယ်မှုများမှာ အနည်းငယ်သာရှိသော်လည်း အချို့တွင်ထိထိရောက်ရောက် ရှင်းပြနိုင်စွမ်းရှိသည်။** ခက်ခဲသောအခြေအနေတွင် ရှင်သန်ရပ်တည်နေရသော မြန်မာ့လူဦးရေအရေအတွက်ကြောင့် ယူဆချက်များ အနည်းငယ်ပြောင်းလဲခြင်းသည် ဆင်းရဲနွမ်းပါးမှုခန့်မှန်းခြေများကို ကြီးကြီးမားမား ပြောင်းလဲသွားစေနိုင်သည်။

- ပထမဆုံး သိသာထင်ရှားသည့်ကွာခြားချက်မှာ လူနေမှုအဆင့်အတန်းတိုင်းတာရန်နှင့် ဆင်းရဲနွမ်းပါးမှု အဓိပ္ပါယ်ဖွင့်ဆိုချက်အတွက် အသုံးပြုသည့် အခြေနှစ်ဖြစ်သည်။

- ဒုတိယအချက်မှာ အရွယ်ရောက်သူမျှခြေ သတ်မှတ်ချက် ပါရာမီတာများ ရွေးချယ်ခြင်းနှင့် ပုံမှန်စံကိုက်ပြု လုပ်ငန်းစဉ်အသုံးပြုခြင်းဖြစ်သည်။ အိမ်ထောင်စုမှ တစ်ဦးချင်းစီသို့ ပြည့်စုံဖူလုံမှုကို ပြောင်းလဲတွက်ချက်ရန် ၎င်းတို့ကို အသုံးပြုခြင်းဖြစ်သည်။[4]

ယင်းခြားနားချက်များကို နောက်ဆက်တွဲ A1 တွင် ပိုမို၍ အသေးစိတ်ရှင်းလင်းတင်ပြထားပါသည်။

4 စားသုံးမှုအား တစ်ဦးကျအနေဖြင့် ဖော်ပြသည့်အခါ လူတို့၏အသက်ကို ထည့်သွင်းစဉ်းစားခြင်းမပြုပဲ တန်းတူယူဆတွက်ချက်ပါသည်။ အိမ်ထောင်စု တစ်စုတွင် လူကြီး ၂ ဦးနှင့် ကလေးငယ် ၂ ဦး ရှိသည်ဆိုလျှင် လူကြီး ၄ ဦးရှိသော အိမ်ထောင်စုကဲ့သို့ပင် လူဦးရေအတူတူရှိမည်ဖြစ်သည်။ ကလေးငယ်များသည် လူကြီးများနှင့် ကွဲပြားခြားနားသည့် လိုအပ်ချက်များရှိသည်ဆိုလျှင် ဉပမာအားဖြင့် ကလေးငယ်တစ်ဦးသည် အရွယ်ရောက်ပြီးအမျိုးသားတစ်ဦးထက် ပိုမိုနည်းပါးသော ကယ်လိုရီလိုအပ်သည်ဆိုလျှင် လူကြီး ၄ ယောက်ရှိသော အိမ်ထောင်စုသည် လူကြီး ၂ ဦးနှင့် ကလေးငယ် ၂ ဦးရှိသော အိမ်ထောင်စုထက် အရွယ်ရောက်သူမျှခြေတွင် ပိုမိုမည်ဖြစ်သည်။

# 03.

# လွန်ခဲ့သည့်ဆယ်စုနှစ်တစ်လျှောက် ဆင်းရဲနွမ်းပါးမှုနှင့် အိမ်ထောင်စုစားသုံးမှု အပြောင်းအလဲများ

**ပါဝင်မှုအကျဉ်းချုပ်ဖော်ပြချက်**

ဤအပိုင်း ၁ အစီရင်ခံစာသည် ၂၀၀၄/ ၂၀၀၅၊ ၂၀၀၉/ ၂၀၁၀ နှင့် ၂၀၁၅ ခုနှစ်များအကြား ဆင်းရဲနွမ်းပါးမှု အပြောင်းအလဲများကို တွက်ချက်ခန့်မှန်းရန် မြန်မာနိုင်ငံတွင် ယခင်ကတိုင်းတာခဲ့သော ဆင်းရဲနွမ်းပါးမှု အတိုင်းအတာနစ်ခုကို အသုံးပြုထားပါသည်။

အစီရင်ခံစာအနေဖြင့် တွေ့ရှိရသည်မှာ

- ၂၀၀၄/ ၂၀၀၅ နှင့် ၂၀၁၅ ခုနှစ်ကြားတွင် ဆင်းရဲနွမ်းပါးမှုသည် ၄၀ ရာခိုင်နှုန်း ကျဆင်းလာခဲ့သည်။ အတိုင်းအတာနစ်ခုစလုံးအရ တူညီသောပမာဏနှင့် တသမတ်တည်းကျဆင်းလာသည်ကို တွေ့ရသည်။
- လူနေမှုအဆင့်အတန်းမှာ ကျေးလက်ဒေသများထက် မြို့ပြများတွင် ပိုမိုမြန်ဆန်စွာ တိုးတက်လာသည်။

# ဆင်းရဲနွမ်းပါးမှု အပြောင်းအလဲများ

## ဆင်းရဲနွမ်းပါးမှု အရှိဦးရေနှုန်း အလားအလာ

၂၀၀၉/ ၂၀၁၀ နှင့် ၂၀၁၅ ခုနှစ်များကြားတွင် မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးသူဦးရေအချိုးအစားသည် လျော့ကျလာခဲ့သည်။ ပုံ ၃.၁ တွင် ဖော်ပြထားသည့်အတိုင်း ဆင်းရဲနွမ်းပါးမှုအား တိုင်းတာရန် ယခင်ကသုံးခဲ့သည့်နည်းလမ်းနှစ်ခုအား အသုံးပြုလျှက်တိုင်းတာရာတွင် ဆက်တိုက်ကောက်ယူခဲ့သော စစ်တမ်းသုံးခုတစ်လျှောက် ဆင်းရဲနွမ်းပါးမှုကျဆင်းလာသည်ကိုတွေ့နိုင်သည်။[5] မြန်မာနိုင်ငံအစိုးရနှင့်အဖွဲ့ (၂၀၀၇) ၏ နည်းလမ်းကို အသုံးပြုတိုင်းတာရာတွင် ဆင်းရဲနွမ်းပါးမှုသည် ၂၀၀၉/ ၂၀၁၀ ခုနှစ်တွင် ၂၅.၆ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၁၉.၄ ရာခိုင်နှုန်းသို့ ကျဆင်းလာကြောင်း တွက်ချက်ခန့်မှန်းခဲ့ပါသည်။

ပုံ ၃.၁။

ဆင်းရဲနွမ်းပါးမှုနှုန်းများဖြင့် တွက်ချက်ခန့်မှန်းထားသည့်အလားအလာများ။ ၂၀၀၄/ ၂၀၀၅ ခုနှစ် လူနေမှုအဆင့်အတန်းများအား အခြေခံထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့ (၂၀၀၇) နည်းလမ်း။




မှတ်စု။ ။ ၂၀၁၅ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့ (၂၀၀၇) ၏ ခန့်မှန်းချက်များအတွက် ဆင်းရဲနွမ်းပါးမှုခန့်မှန်းချက်များအား ဖြစ်နိုင်သမျှပြန်လည်နှိုင်းယှဉ်မှုပြုနိုင်ရန် အစားထိုးခန့်မှန်းတွက်ချက်ခြင်းနည်းလမ်းများအား အသုံးပြုခဲ့သည်။ အဆိုပါနည်းလမ်းများ၏ခိုင်မာမှုကို အသေးစိတ်သိရှိနိုင်ရန် နောက်ဆက်တွဲကိုကြည့်ပါ။

5 အချိန်ကာလတစ်လျှောက် နှိုင်းယှဉ်မှုပြုနိုင်သော စားသုံးမှု စုစုပေါင်းနှင့် ရပိုင်ခွင့်ပိုင်ဆိုင်မှု ဆင်းရဲနွမ်းပါးမှု ခန့်မှန်းခြေများတည်ဆောက်ရန်အတွက် အစားထိုးခန့်မှန်းတွက်ချက်မှု နည်းစနစ်ကို အသုံးပြုပါသည်။ ပွိုင့်ခန့်မှန်းချက်များ (point estimates) နှင့် စိတ်ချရမှုနယ်များ (confidence bands) သည် မော်ဒယ်ပုံစံအလိုက် အပြောင်းအလဲရှိပြီး မော်ဒယ်ပုံစံ သတ်မှတ်ချက်များအရ ကျွန်ုပ်တို့၏တွေ့ရှိချက်ရလာဒ်များသည် ခိုင်မာမှုရှိပါသည်။ ဤအစီရင်ခံစာ၏ နောက်ဆက်တွဲတွင် ဆွေးနွေးတင်ပြထားပါသည်။

**ဆင်းရဲနွမ်းပါးမှုအား ဖွင့်ဆိုသတ်မှတ်ချက်နှင့် ဆင်းရဲနွမ်းပါးမှု ခန့်မှန်းတွက်ချက်ရန်သုံးသည့် နည်းလမ်းတို့ကို ပဓာနမထားပဲ ဆင်းရဲနွမ်းပါးမှုကျဆင်းလာသည်ကို တွေ့ရသည်။** ကမ္ဘာ့ဘဏ် (၂၀၁၄) ၏ အခြားနည်းလမ်းကိုအသုံးပြုရာတွင် ဆင်းရဲနွမ်းပါးမှုမှာ ၂၀၀၄/ ၂၀၀၅ ခုနှစ်တွင် ၄၄.၅ ရာခိုင်နှုန်း၊ ၂၀၀၉/ ၂၀၁၀ ခုနှစ်တွင် ၃၇.၅ ရာခိုင်နှုန်းနှင့် ၂၀၁၅ ခုနှစ် တွင် ၂၆.၁ ရာခိုင်နှုန်းသို့ လျော့ကျလာခဲ့သည်။[6]

ပုံ ၃.၂။

၂၀၀၉/ ၂၀၁၀ ခုနှစ် လူနေမှုအဆင့်အတန်းများအား အခြေခံထားသည့် ကမ္ဘာ့ဘဏ်အဖွဲ့(၂၀၁၄) နည်းလမ်းဖြင့်ဖော်ပြသော ဆင်းရဲနွမ်းပါးမှုနှုန်း ခန့်မှန်းပြမျဉ်း။




မှတ်စု။ ။ ၂၀၀၄/ ၂၀၀၅ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များတွင် ကမ္ဘာ့ဘဏ် (၂၀၁၄) ခန့်မှန်းချက်များအတွက် ဆင်းရဲနွမ်းပါးမှု ခန့်မှန်းချက်များအား ပြန်လည်နှိုင်းယှဉ်မှုပြုနိုင်ရန် အစားထိုးခန့်မှန်းတွက်ချက်ခြင်းနည်းလမ်းများအား အသုံးပြုခဲ့သည်။ အဆိုပါနည်းလမ်းများ၏ ခိုင်မာမှုကို အသေးစိတ်သိရှိနိုင်ရန် နောက်ဆက်တွဲကို ကြည့်ပါ။

6 ဆင်းရဲနွမ်းပါးမှုတွက်ချက်ရာတွင် အသုံးပြုသည့်နည်းလမ်းများအရ ဆင်းရဲနွမ်းပါးမှု လျော့ကျလာသည်ဆိုသော တွေ့ရှိချက်မှာ ခိုင်မာမှုရှိပါသည်။ ခိုင်မာမှု စစ်ဆေးချက်တစ်ရပ်အနေဖြင့် ကမ္ဘာ့ဘဏ် (၂၀၁၄) နည်းလမ်းနှင့် မြန်မာနိုင်ငံဆင်းရဲနွမ်းပါးမှုနှင့် လူနေမှုဘဝအခြေအနေစစ်တမ်း (MPLCS) တွင် မေးမြန်းခဲ့သော အသုံးစရိတ်မေးခွန်းများမှ ဆင်းရဲနွမ်းပါးမှု ခန့်မှန်းချက်များကို တိုက်ရိုက်ဖော်ထုတ်တည်ဆောက်ပါသည်။ နှိုင်းယှဉ်နိုင်သမျှ နှိုင်းယှဉ်ထားသည့် စားသုံးမှုစုစုပေါင်းကို အသုံးပြုခြင်းဖြင့် ရလာဒ်များတွင် နောက်ထပ်စိတ်ချရမှုများထပ်ပေါင်း၍ အလားတူ ဆင်းရဲနွမ်းပါး မှုလျော့ကျလာခြင်းကိုတွေ့ရပါသည်။ ကံမကောင်းအကြောင်းမလှစွာပင် အစားအသောက် စားသုံးမှု တွက်ချက်ခန့်မှန်းခြင်းအတွက် အဓိကကိန်းရှင်မပါသောကြောင့် မြန်မာအစိုးရနှင့်အဖွဲ့(၂၀၀၇) သုံးစွဲသောနည်းလမ်းကို အသုံးပြုနိုင်ခြင်းမရှိပါ။

**ကျေးလက်ရှောမြို့ပြများတွင်ပါ ဆင်းရဲနွမ်းပါးမှု လျော့ကျလာခဲ့သည်။** မြန်မာနိုင်ငံအစိုးရနှင့်အဖွဲ့ (၂၀၀၇) ၏ နည်းလမ်းကို အသုံးပြုတွက်ချက်ရာတွင် မြို့ပြဆင်းရဲနွမ်းပါးမှုသည်၁၅.၇ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်း၊ ကျေးလက် ဆင်းရဲနွမ်းပါးမှုသည် ၂၉.၂ ရာခိုင်နှုန်းမှ၂၃.၃ ရာခိုင်နှုန်းအသီးသီးဖြင့် ၂၀၀၉/ ၂၀၁၀ မှ ၂၀၁၅ မတိုင်မီအထိ ကျေးလက်ရှောမြို့ပြပါ ဆင်းရဲနွမ်းပါးမှု အလျှင်အမြန် ဆက်လက်လျော့ကျလာခဲ့သည်။[7] အလားတူပုံစံကို ကမ္ဘာ့ဘဏ်(၂၀၁၄) နည်းလမ်းကို အသုံးပြုရာတွင် လည်းတွေ့ရပြီး မြို့ပြဆင်းရဲနွမ်းပါးမှုခန့်မှန်းခြေသည် ၂၀၀၉/ ၂၀၁၀ ခုနှစ်တွင် ၃၄.၆ ရာခိုင်နှုန်းမှ ၂၀၁၅ ခုနှစ်တွင် ၁၉.၂ ရာခိုင်နှုန်းနှင့် ကျေးလက်ဆင်းရဲနွမ်းပါးမှုသည် ၂၀၀၉/ ၂၀၁၀ ခုနှစ်တွင် ၃၈.၅ ရာခိုင်နှုန်းမှ ၂၀၁၅ ခုနှစ်တွင် ၂၈.၈ ရာခိုင်နှုန်းကျဆင်းလာခဲ့သည်။ ကျေးလက်ဆင်းရဲနွမ်းပါးမှုနှင့်ယှဉ်လျှင် မြို့ပြဆင်းရဲနွမ်းပါးမှုက ပို၍ လျှင်လျှင်မြန်မြန် လျော့ကျလာခြင်းမှာ တူညီသောအချိန်ကာလတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍထက် ကုန်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုကဏ္ဍ၌ တိုးတက်မှုနှုန်း ပိုမိုမြန်ဆန်သည်ကို ဖော်ပြသောကဏ္ဍအလိုက် တိုးတက်မှုကိန်းဂဏန်းများ၏ ထင်ဟပ်ချက် ဖြစ်သည် (ကမ္ဘာ့ဘဏ် ၂၀၁၆)။

ပုံ ၃.၃။

မြို့ပြနှင့်ကျေးလက် ဆင်းရဲနွမ်းပါးမှု ပြောင်းလဲမှုများ




မှတ်စု။ ။ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရနှင့်အဖွဲ့ (၂၀၀၇) ခန့်မှန်းချက်များအတွက် ဖြစ်နိုင်သမျှပြန်လည် နှိုင်းယှဉ်မှုပြုနိုင်ရန် အစားထိုးခန့်မှန်းတွက်ချက်ခြင်းနည်းလမ်းများအားအသုံးပြုခဲ့သည်။ အဆိုပါနည်းလမ်းများ၏ ခိုင်မာမှုကို အသေးစိတ်သိရှိနိုင်ရန် နောက်ဆက်တွဲကိုကြည့်ပါ။

## အလွန်အမင်းဆင်းရဲနွမ်းပါးမှုနှင့် နက်ရှိုင်းမှုအလားအလာများ

**ဆင်းရဲနွမ်းပါးသူများအကြား ပြည့်စုံဖူလုံမှုသည် ၂၀၀၉/ ၂၀၁၀ ခုနှစ်ထက် ၂၀၁၅ ခုနှစ်တွင် ပိုမိုမြင့်မားလာခဲ့သည်။** ဆင်းရဲနွမ်းပါးသူများအကြား ပြည့်စုံဖူလုံမှုတိုးပွားလာခြင်းကို ၂၀၀၄/ ၂၀၀၅၊ ၂၀၀၉/ ၂၀၁၀ နှင့် ၂၀၁၅ ခုနှစ် များအကြားတွင် ဆင်းရဲနွမ်းပါးမှု၏ နက်ရှိုင်းမှုနှင့် ပြင်းထန်မှုလျော့ကျလာခြင်းဖြင့် မြင်တွေ့နိုင်သည်။ ပုံ ၃.၄ ၏ ပုံအစိတ်အပိုင်း (a သည် ဆင်းရဲနွမ်းပါးမှုကွာဟချက် အလားအလာကိုဖော်ပြပြီး ပုံအစိတ်အပိုင်း(b) သည် ထပ်ကိန်းပြုဆင်းရဲနွမ်းပါးမှုကွာဟချက်အညွှန်း အလားအလာများကိုဖော်ပြသည်။ အဆိုပါအတိုင်းအတာများသည် မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှုကို ပိုမိုခိုင်မာအောင် ပုံဖော်ပေးကာ အရှိဦးရေဆင်းရဲနွမ်းပါးမှုနှုန်း၏ အရေးကြီးသည့် အတွဲအဖက်များဖြစ်ကြသည်။ ၂၀၀၄/ ၂၀၀၅ ခုနှစ်တွင် စတင်သတ်မှတ်ခဲ့သော ပိုမိုနိမ့်သည့် ဆင်းရဲနွမ်းပါးမှုအမှတ်ဖြင့် တွက်ချက်သည့် မြန်မာနိုင်ငံအစိုးရနှင့်အဖွဲ့ (၂၀၀၇) ဆင်းရဲနွမ်းပါးမှုအတိုင်းအတာသည် ကမ္ဘာ့ဘဏ် (၂၀၁၄) နည်းလမ်းများ အသုံးပြုတွက်ချက်သည်နှင့်ယှဉ်လျှင် ဆင်းရဲနွမ်းပါးမှုကွာဟချက်နှင့် ထပ်ကိန်းပြုဆင်းရဲနွမ်းပါးမှုကွာဟချက်များတွင် အတော်အတန် ပိုမိုလျော့ကျမှုကိုဖော်ပြသည်။

7 ၂၀၀၄/ ၂၀၀၅ နှင့် ၂၀၀၉/ ၂၀၁၀ အတွက် နီးစပ်စွာ ချိန်ညှိအစားထိုးခန့်မှန်းတွက်ချက်၍ လေ့လာထားသော ခန့်မှန်းခြေများသည် ကျေးလက်နှင့် မြို့ပြဒေသ နှစ်ခုစလုံးအတွက် နမူနာ၏ အတွင်း အပြင်နှစ်ရပ်လုံး၌ မော်ဒယ်ပုံစံသည် ကောင်းစွာအလုပ်ဖြစ်ကြောင်း ပြသသည်။

လူနေမှုဘဝအခြေအနေများ တိုးတက်ကောင်းမွန်လာသော်လည်း ၎င်းတို့၏ စားသုံးမှုပုံစံများအရ ဆင်းရဲနွမ်းပါးမှုမျဉ်း၏ အပေါ်ရောက်သည်ဆိုရုံမျှသာရှိသောသူများ များစွာရှိပေသည်။ ဆင်းရဲနွမ်းပါးမှုဆီသို့ ကျရောက်သွားနိုင်သော လျစ်လျူရှုမရသည့် အခွင့်အလမ်းရှိလျှင် ထိုသူများကို ဆင်းရဲနွမ်းပါးမှုနီးသော သို့မဟုတ် ဆင်းရဲနွမ်းပါးမှု ထိခိုက်လွယ်သူများ အဖြစ်ယူဆသည်။ ဤသည်ကို ဆင်းရဲနွမ်းပါးမှုမျဉ်း၏ ၂၀ ရာခိုင်နှုန်းအတွင်းကျရောက်သော လူဦးရေကိုကြည့်ခြင်းအားဖြင့် သိနိုင်သည်။ ပုံ ၃.၄ ၏ ပုံ အစိတ်အပိုင်း (c) သည် အချိန်ကာလတစ်လျှောက် ဆင်းရဲနွမ်းပါးသူများ သို့မဟုတ် ဆင်းရဲနွမ်းပါးမှုနီးသောသူများ အပြောင်းအလဲကိုဖော်ပြသည်။ မြန်မာနိုင်ငံအစိုးရနှင့်အဖွဲ့ (၂၀၀၇) ၏ ဖွင့်ဆိုသတ်မှတ်ချက်ကို အသုံးပြုလျှင် ဆင်းရဲနွမ်းပါးသူများ သို့မဟုတ် ဆင်းရဲနွမ်းပါးမှုနီးသောသူများ၏ အစိတ်အပိုင်းသည် ၂၀၀၄/ ၂၀၀၅ ခုနစ်တွင် ၅၂ ရာခိုင်နှုန်းမှ ၂၀၁၅ ခုနစ်တွင် ၃၇ ရာခိုင်နှုန်း သို့ အချိန် ကာလတစ်လျှောက် လျော့ကျလာခဲ့သော်လည်း ဆင်းရဲနွမ်းပါးမှု နီးသောမျဉ်း၏ အောက်တွင်နေထိုင်နေသော မြင့်မားသည့်လူဦးရေအချိုးအစားသည် ဆက်လက်ဖြစ်ပေါ်နေသည့် ကြီးမားသောဆင်းရဲနွမ်းပါးမှု ထိခိုက်လွယ်မှုကိုညွှန်ပြနေပေသည်။

ပုံ ၃.၄။

အခြားသော ပြည့်စုံဖူလုံမှုဆိုင်ရာ အလားအလာများ ၂၀၀၄/ ၂၀၀၅ - ၂၀၁၅

(a) ဆင်းရဲနွမ်းပါးမှုကွာဟချက်




(b) ဆင်းရဲနွမ်းပါးမှုကွာဟချက် နှစ်ထပ်ကိန်း



(c) ဆင်းရဲနွမ်းပါးသူနှင့် ဆင်းရဲနွမ်းပါးလာနိုင်သူများ




မှတ်စု။ ။ ပုံအစိတ်အပိုင်း ၃ ခုစလုံးသည် ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရနှင့်အဖွဲ့ (၂၀၀၇)၊ ၂၀၀၄/ ၂၀၀၅ ခုနှစ်နှင့် ကမ္ဘာ့ဘဏ် (၂၀၁၄) အဓိကအချက်အလက်များအတွက် ဆင်းရဲနွမ်းပါးမှုခန့်မှန်းရာတွင် ဖြစ်နိုင်သမျှ ပြန်လည် နှိုင်းယှဉ်နိုင်မှုကိုထိန်းသိမ်းနိုင်ရန် အစားထိုးခန့်မှန်းတွက်ချက်ခြင်းနည်းများကို အသုံးပြုပါသည်။ အဆိုပါနည်းလမ်းများ၏ ခိုင်မာမှုကို အသေးစိတ်သိရှိရန် ဆင်းရဲနွမ်းပါးမှုအတိုင်းအတာဆိုင်ရာ နောက်ဆက်တွဲတွင် ကြည့်နိုင်ပါသည်။

**ဆင်းရဲနွမ်းပါးမှုလျော့ကျလာခြင်းသည် ကြွယ်ဝမှု၏အခြားသော ငွေကြေးမဟုတ်သည့် ညွှန်ကိန်းများကို ထင်ဟပ်ဖော်ပြသည်။** ပြည့်စုံဖူလုံမှုတိုးပွားလာခြင်းနှင့်အတူတွဲ၍ပါလာသည်ဟု မျှော်မှန်းထားသကဲ့သို့ အစားအစာအတွက်သုံးစွဲရသည့် အသုံးစရိတ်အချိုးသည် အချိန်ကာတစ်လျှောက် လျော့ကျလာခဲ့သည်။ မူလတန်းအဆင့် အသားတင်စုစုပေါင်း ကျောင်းအပ်နှံနှုန်းသည် ၂၀၀၉/ ၂၀၁၀ ခုနှစ်တွင် ၈၈ ရာခိုင်နှုန်းမှ ၂၀၁၅ ခုနှစ်တွင် ၉၃ ရာခိုင်နှုန်းသို့ တိုးမြင့်လာခဲ့ပြီး အလယ်တန်းအဆင့် အသားတင်စုစုပေါင်း ကျောင်းအပ်နှံနှုန်းသည် ၅၃ ရာခိုင်နှုန်းမှ ၅၅ ရာခိုင်နှုန်းသို့ တိုးမြင့်လာခဲ့သည်။[8] ရုပ်မြင်သံကြားနှင့် မော်တော်ဆိုင်ကယ်တို့ကဲ့သို့သော ပစ္စည်းများပိုင်ဆိုင်မှုသည် အချိန်ကာလတစ်လျှောက် အဆက်မပြတ်တိုးပွားလာခဲ့သည်။ တန်ဖိုးရှိသောပစ္စည်းဥစ္စာများသည် မြို့ပြဒေသရှိ သို့မဟုတ် ထိပ်ပိုင်းအသုံးစရိတ် ၅ပုံ ၁ပုံရှိ ပိုမိုချမ်းသာသော အိမ်ထောင်စုများအကြား အများအားဖြင့် စုပုံရောက်ရှိနေခြင်းနှင့်အတူ မြန်မာနိုင်ငံတွင် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုသည် ကြွယ်ဝမှုနှင့် အားကောင်းစွာ ဆက်နွယ်နေပေသည်။ အချိန်ကာလတစ်လျှောက် ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှု တိုးပွားလာခြင်းသည် ဈေးကွက်များပိုမိုနက်ရှိုင်းလာခြင်းနှင့် စားသုံးသူ ဝယ်နိုင်စွမ်းအား မြင့်တက်လာခြင်း နှစ်ခုလုံး၏ ထင်ဟပ်မှုဖြစ်နိုင်ပါသည်။

**အရွယ်ရောက်သူမျှခြေ အမှန်တကယ်အသုံးစရိတ်သည် ၂၀၀၄/ ၂၀၀၅ ခုနှစ်၊ ၂၀၀၉/ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များအကြားတွင် တိုးတက်လာခဲ့သည်။** တစ်ဦးကျ အရွယ်ရောက်သူ အမှန်တကယ်စားသုံးမှုသည် မြန်မာနိုင်ငံအစိုးရနှင့်အဖွဲ့ (၂၀၀၇) ၏ ဖွင့်ဆိုသတ်မှတ်ချက်ကို အသုံးပြုခန့်မှန်းတွက်ချက်ရာတွင် နှစ်အလိုက်တိုးတက်မှု ၁.၄ ရာခိုင်နှုန်းဖြင့် ဆက်စပ်လျှက် ၁၀ နှစ်တာကာလတစ်လျှောက် အနီးစပ်ဆုံး ၁၅ ရာခိုင်နှုန်းတိုးတက်လာသည်ဟု ခန့်မှန်းရရှိပါသည်။ ကမ္ဘာ့ဘဏ် (၂၀၁၄) နည်းလမ်းအသုံးပြုတွက်ချက်ရာတွင် တစ်ဦးကျ အရွယ်ရောက်သူ အမှန်တကယ်စားသုံးမှုတိုးတက်နှုန်းသည် ၂၀၀၄/ ၂၀၀၅ ခုနှစ်နှင့် ၂၀၁၅ များအကြား ၃၁ ရာခိုင်နှုန်း မြင့်တက်လာသည်ကိုတွေ့ရပါသည်။ ယင်းမှာ တစ်နှစ်ပျမ်းမျှတိုးတက်နှုန်း ၂.၇ ရာခိုင်နှုန်းနှင့် ညီမျှပါသည်။ တစ်ဦးကျ အရွယ်ရောက်သူမျှခြေအမှန်တကယ်အသုံးစရိတ်တိုးတက်မှုသည် နည်းလမ်း ၂ ခုစလုံးတွင် ဆယ်စုနှစ်၏ နောက်ပိုင်း ၅ နှစ်တာကာလတွင် ပိုမိုမြန်ဆန်စွာ တိုးတက်လာကြောင်းတွေ့ရသည်။ မြန်မာနိုင်ငံအစိုးရနှင့်အဖွဲ့

8 နှိုင်းယှဉ်နိုင်စွမ်း အပါအဝင် အဆိုပါ ကျောင်းအပ်နှံမှု အလားအလာများ တည်ဆောက်ခြင်းကို အပိုင်း ၂ - ဆင်းရဲနွမ်းပါးမှု ခွဲခြားစိတ်ဖြာသုံးသပ်ခြင်း (မကြာမီဆက်လက်ထွက်ပေါ်လာမည်) တွင် ထပ်မံတင်ပြဆွေးနွေး ထားပါသည်။

(၂၀၀၇) နှင့် ကမ္ဘာ့ဘဏ် (၂၀၁၄) နည်းလမ်းများဖြင့် နှစ်စဉ်ပျမ်းမျှတိုးတက်မှုနှုန်းကိုတွက်ချက်ရာတွင် ၂၀၀၄/ ၂၀၀၅ ခုနှစ်နှင့် ၂၀၀၉/ ၂၀၁၀ ခုနှစ်ကြားတွင် ၁.၂ နှင့် ၂.၅ ရာခိုင်နှုန်းရှိပြီး ၂၀၀၉/ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်ကြားတွင် ၁.၇ နှင့် ၃.၀ ရာခိုင်နှုန်းရှိကြောင်း အသီးသီးတွေ့ရသည်။ တစ်ဦးကျအရွယ်ရောက်သူမျှခြေအသုံးစရိတ် တိုးတက်မှုသည် မြန်မာနိုင်ငံအစိုးရနှင့်အဖွဲ့ (၂၀၀၇) နည်းလမ်းအရ နိမ့်နေသည်မှာ တာရှည်ခံကုန်စည်သုံးစွဲမှုတန်ဖိုးများဖယ်ချန်ခဲ့ခြင်းကြောင့် ဖြစ်နိုင်ဖွယ်ရှိသည်။ ဖုန်း၊ စက်ဘီး၊ ပန်ကာနှင့် ရုပ်မြင်သံကြားကဲ့သို့သော တာရှည်ခံကုန်စည်ပိုင်ဆိုင်သည့် အိမ်ထောင်စုအချိုးအစားမှာ အချိန်ကာလတစ်လျှောက် တိုးပွားလာခဲ့သည်။ မော်တော်ဆိုင်ကယ်ပိုင်ဆိုင်မှုမှာ အိမ်ထောင်စု၏ ၁၀ ရာခိုင်နှုန်းအောက်မှ ၂၀၀၉/ ၂၀၁၀ ခုနှစ်တွင် ၄ ပုံ ၁ ပုံသို့၊ ၂၀၁၄ ခုနှစ်တွင် ၃၉ ရာခိုင်နှုန်းသို့၊ ၂၀၁၅ ခုနှစ်တွင် ၄၂ ရာခိုင်နှုန်းသို့ တိုးတက်ပြောင်းလဲလာခဲ့သည်။ (ပြည်ထောင် စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အဖွဲ့၊ ၂၀၁၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ၂၀၁၅။ MPLCS စစ်တမ်းအချက်အလက်များ)။[9]

**ဆယ်စုနှစ်ကာလတစ်လျှောက် မြို့ပြဒေသများတွင် တိုးတက်မှုပိုမိုမြန်ဆန်ခဲ့သည်။** ၂၀၀၉/ ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ် အထိ ကာလတွင် ကျေးလက်ဒေသများ၌ တစ်ဦးကျ အရွယ်ရောက်သူမျှခြေ အမှန်တကယ် အသုံးစရိတ်တိုးတက်မှုအရှိန်ကို ရှင်းလင်းစွာတွေ့မြင်ရသည်။ မြန်မာနိုင်ငံအစိုးရနှင့်အဖွဲ့ (၂၀၀၇) နည်းလမ်းအရ တစ်နှစ်လျှင် မြို့ပြဒေသတွင် ၁.၉ ရာခိုင်နှုန်းတိုးတက်မှုနှင့် ကျေးလက်ဒေသများ၌ ၁.၁ ရာခိုင် နှုန်းတိုးတက်မှုကို နှိုင်းယှဉ်ကြည့်လျှင် လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း ကျေးလက်ဒေသတိုးတက်မှုနှုန်းသည် မြို့ပြဒေသ တိုးတက်မှုနှုန်းထက် နိမ့်သည်ကို တွေ့နိုင်သည်။ မြန်မာနိုင်ငံအစိုးရနှင့်အဖွဲ့ (၂၀၀၇) စုစုပေါင်းအရ ၂၀၀၄/ ၂၀၀၅ ခုနှစ်နှင့် ၂၀၀၉/ ၂၀၁၀ ခုနှစ် ကြားတွင် တစ်နှစ် ၀.၈ ရာခိုင်နှုန်းမှ၂၀၀၉/ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်ကြားတွင် တစ်နှစ် ၁.၄ ရာခိုင်နှုန်းသို့တိုးပွားလာပြီး ပျမ်းမျှအမှန်တကယ် အသုံးစရိတ်တိုးတက်မှုသည် ကျေးလက်ဒေသများတွင် လွန်ခဲ့သည့်ဆယ်စုနှစ်၏ နောက်ပိုင်းငါးနှစ်၌ ပိုမိုမြန်ဆန်လာခဲ့သည်။[10] [11] ကျေးလက်ဒေသလူဦးရေအတွင်း ပျမ်းမျှတိုးတက်မှုရှိသည်နှင့် ဆန့်ကျင်ဘက်အနေဖြင့် အောက်ခြေ ၁၀ ရာခိုင်နှုန်းအကြားတွင် ဖော်ပြနိုင်လောက်သော ပြည့်စုံဖူလုံမှု အပြောင်းအလဲမရှိပေ။ ကျေးလက်ဒေသများတွင် အောက်ခြေ ၁၀ ပုံအထက်၌ရှိသောသူများအတွက် အလားတူကြွယ်ဝမှု တိုးပွားလာသည်ကို တွေ့နိုင်ပေသည်။

**မြန်မာနိုင်ငံကျေးရွာရှိ အသက်မွေးဝမ်းကျောင်းမှုလေ့လာချက်တစ်ရပ်က လူနေမှုအဆင့်အတန်း တိုးတက်ကောင်းမွန်လာကြောင်း တွေ့ရှိချက်များကို အတည်ပြုပေးပါသည်။** အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံမှုရံပုံငွေ (LIFT) အစီအစဉ်သည် ၂၀၁၁ နှင့် ၂၀၁၃ ခုနှစ်များတွင် လူနေမှုအဆင့်အတန်းဆိုင်ရာညွှန်းကိန်းစုံဖြင့် အပြောင်းအလဲများအား လေ့လာစိစစ်မှုတစ်ရပ်လုပ်ဆောင်ခဲ့သည် (LIFT, ၂၀၁၅)။ လေ့လာစိစစ်မှုအား ယင်းတို့၏ လုပ်ငန်းအစီအစဉ် ဆန်းစစ်သုံးသပ်ချက်တစ်ရပ်အဖြစ် ပုံစံရေးဆွဲခဲ့သော်လည်း စစ်တမ်းကောက်ယူရာဒေသများအား အဖွဲ့အစည်း၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်မှ ဦးတည်ဆောင်ရွက်ခြင်း မပြုသည့် အဆိုပါဒေသ၏ လူနေမှုဘဝအခြေအနေများ အပြောင်းအလဲရှိကြောင်းကို သိရှိစေသည်။ စစ်တမ်းကောက်ယူမှုများ၏ ကြားကာလ ၂ နှစ်အတွင်း စစ်တမ်းကောက်ယူရာ ရပ်ရွာလူမှုအဖွဲ့အစည်းများတွင် အိမ်ထောင်စု အစားအစာအာဟာရ ကွဲပြားစုံလင်မှု သိသိသာသာ တိုးပွားလာပြီး ဥအမျိုးမျိုး၊ အသားနှင့်နို့ထွက်ပစ္စည်းစားသုံးသူ အိမ်ထောင်စု အရေအတွက် တိုးပွားလာခဲ့သည်။ ၎င်းတို့၏ လိုအပ်ချက်များပြည့်မီရန် အစားအသောက် လုံလုံလောက်လောက်မရရှိသည့် အိမ်ထောင်စုအရေအတွက်လည်း သိသိသာသာ ကျဆင်းလာခဲ့သည်။

9 ၂၀၀၄/ ၂၀၀၅ နှင့် ၂၀၀၉/ ၂၀၁၀ အကြား ကျွန်ုပ်တို့၏ တစ်ဦးကျ အရွယ်ရောက်သူမျှခြေ စားသုံးမှုတိုးတက်နှုန်း ခန့်မှန်းချက်များသည် မြန်မာနိုင်ငံ အစိုးရနှင့်အဖွဲ့ (၂၀၁၁) အစီရင်ခံသည်ထက် အနည်းငယ်ပိုမိုမြင့်မားနေခြင်းမှာ ကျွန်ုပ်တို့က တစ်ဦးကျအရွယ်ရောက်သူမျှခြေ တိုးတက်မှုနှုန်းကို တင်ပြ ခြင်းဖြစ်ပြီး မြန်မာနိုင်ငံအစိုးရနှင့်အဖွဲ့(၂၀၁၁) က အိမ်ထောင်စုတိုးတက်မှုနှုန်းကို တင်ပြခြင်းကြောင့်ဖြစ်သည်။
10 မြို့ပြဒေသများတွင် အရွယ်ရောက်သူမျှခြေ သမတ်ကိန်းအသုံးစရိတ်သည် ၂၀၀၄/ ၂၀၀၅ နှင့် ၂၀၀၉/ ၂၀၁၀ ကြားတွင် ၂.၀ ရာခိုင်နှုန်း၊ ၂၀၀၉/ ၂၀၁၀ နှင့် ၂၀၁၅ ကြားတွင် ၁.၉ ရာခိုင်နှုန်း တိုးတက်ကြီးထွားလာခဲ့သည်။
11 ကမ္ဘာ့ဘဏ် (၂၀၁၄) နည်းလမ်းအသုံးပြုခြင်းဖြင့် ဆယ်စုနှစ်ကာလတစ်လျှောက် တိုးတက်မှုမှာ မြို့ပြဒေသများတွင် ၃.၅ ရာခိုင်နှုန်းနှင့် ကျေးလက် ဒေသများတွင် ၂.၃ ရာခိုင်နှုန်းရှိခဲ့သည်။ ကျေးလက်ရော မြို့ပြများတွင်ပါ တိုးတက်မှု အရှိန်အဟုန်ရလာခဲ့သည်။ ကျေးလက်ဒေသများတွင် တစ်ဦးကျ အရွယ်ရောက်သူမျှခြေ သမတ်ကိန်းအသုံးစရိတ်သည် ၂၀၀၄/ ၂၀၀၅ နှင့် ၂၀၀၉/ ၂၀၁၀ ကြားတွင် တစ်နှစ်လျှင် တိုးတက်မှု ၁.၈ ရာခိုင်နှုန်းမှ ၂၀၀၉/ ၂၀၁၀ နှင့် ၂၀၁၅ ကြားတွင် ၂.၉ ရာခိုင်နှုန်းသို့ တိုးတက်ကြီးထွားလာခဲ့သည်။

# မညီမျှမှု အပြောင်းအလဲများ

**မညီမျှမှုသည် တစ်ဦးချင်းစီ သို့မဟုတ် အိမ်ထောင်စုများအကြား ခြားနားကွာဟချက်များကို ရည်ညွှန်းသည်။** လူမှုအဖွဲ့အစည်းတွင် မညီမျှမှုပုံစံအမျိုးမျိုးရှိကြသည်။ အကျိုးရလာဒ်များ မညီမျှမှုဆိုသည်မှာ တစ်ဦးချင်းစီနှင့် အိမ်ထောင်စု ပြည့်စုံဖူလုံမှု၊ လူနေမှုအဆင့်အတန်းတို့နှင့် နီးကပ်စွာဆက်နွှယ်ပတ်သက်နေသော ကြွယ်ဝမှုကွာဟချက်များ၊ သို့မဟုတ် တိုင်းတာထားသည့်ဝင်ငွေနှင့် စားသုံးမှုကွာဟချက်များကို ရည်ညွှန်းသည်။ အကျိုးရလဒ်မညီမျှမှုသည် အခွင့်အလမ်းများ၊ လူမှုဆိုင်ရာအဖွဲ့အစည်းများ၊ ကြိုးစားအားထုတ်မှုနှင့် ကံအကျိုးပေးမညီမျှမှုတို့၏ ရလဒ်ဖြစ်သည်။ စိစစ်သုံးသပ်မှုတွင် တိုင်းတာထားသည့် စားသုံးမှုမညီမျှမှုအား ဦးတည်ထားပါသည်။

**မြန်မာနိုင်ငံဝင်ငွေခွဲဝေဖြန့်ဖြူးမှုအားဖော်ပြရန်အတွက်ကွဲပြားခြားနားသောတိုင်းတာပုံတိုင်းတာနည်းအမျိုးမျိုးအား အသုံးပြုပါသည်။** တိုင်းတာပုံတိုင်းတာနည်းများတွင် Gini, Theil-L, the Theil-T နှင့် ၁၀ ခုမြောက်၊ ၅၀ ခုမြောက် နှင့် ၉၀ ခုမြောက် ရာလီစိတ်ကိန်း (percentile) များအတွင်း ကျရောက်သော အိမ်ထောင်စုများအကြား ဝင်ငွေအချိုးတို့ပါဝင်သည်။ ဤအခန်းတွင် အလားအလာများနှင့်သက်ဆိုင်သည့် ဆွေးနွေးချက်၌တင်ပြထားသော စိစစ်သုံးသပ်မှုသည် စုစုပေါင်းအသစ်အသုံးပြုထားသော အိမ်ထောင်စုစစ်တမ်းမှ တိုက်ရိုက်ထွက်ပေါ်လာသော နှိုင်းယှဉ်မှုအပြုနိုင်ဆုံး စားသုံးမှုစုစုပေါင်းအား အသုံးပြု၍ထွက်ပေါ်လာသည့်အချက်ပေါ်တွင် မူတည်နေသည်ကို သတိမူရပေမည်။ အိမ်ထောင်စုစစ်တမ်းမှ နှိုင်းယှဉ်နိုင်သောခန့်မှန်းခြေများ မတည်ဆောက်နိုင်သည့်အတွက် ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့်အဖွဲ့ (၂၀၀၇) နည်းလမ်းအတွက် မညီမျှမှုအရေအတွက် ကိန်းဂဏန်းများကို တင်ပြခြင်းမပြုပါ။

**မြန်မာနိုင်ငံတွင် မညီမျှမှုသည် အခြားသော အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်နိုင်သော သို့မဟုတ် နိမ့်သောအဆင့်တွင် ရှိနေသည်။** တစ်ဦးချင်းစီသည် အခြားတစ်ဦးနှင့် ဆင်တူသော၊ တစ်ဦးနှင့် တစ်ဦးကွဲပြားသည်ဟု အမှတ်သညာပြုနိုင်သော ခြားနားချက်များအနည်းငယ်သာရှိသော တိုင်းပြည်များတွင် မညီမျှမှုနိမ့်သည်။ မြန်မာနိုင်ငံတွင် အတော်အတန်နိမ့်သောမညီမျှမှုအဆင့်များကို မြင်တွေ့နေရသေးခြင်းမှာ အသုံးစရိတ်ဖြန့်ဝေမှု ကျစ်လျစ်သိပ်သည်းခြင်းအား ထင်ဟပ်ချက်တစ်ခုဖြစ်သည်။ ဆင်းရဲနွမ်းပါးမှု သို့မဟုတ် ဆင်းရဲနွမ်းပါးမှုမျဉ်းနီးသော အခြေအနေတွင် နေထိုင်နေရသူများစွာရှိသည်။ ပြန့်ချက်၏အဆုံးထိပ်ပိုင်းတွင် သိသိသာသာကွဲပြားခြားနားသော စားသုံးမှုပုံစံ အထူးသဖြင့် တန်ဖိုးမြင့်တာရှည်ခံကုန်ပစ္စည်းများ ပိုင်ဆိုင်သူအိမ်ထောင်စုအချို့ရှိနေကြသည်။ ယင်းအိမ်ထောင်စုများသည် Gini မြှောက်ဖော်ကိန်းနှင့် မညီမျှမှု၏ အခြားသောအတိုင်းအတာများကို မြင့်တက်သွားစေသည်။ အရှေ့တောင် သို့မဟုတ် အရှေ့အာရှနိုင်ငံများစွာသည် ဆင်တူသော မညီမျှမှုကိန်းဂဏန်းများဖြင့် နိမ့်သောဆင်းရဲနွမ်းပါးမှုနှုန်း၊ ကြီးမားသောစိုက်ပျိုးမွေးမြူရေးမဟုတ်သည့်ကဏ္ဍများ၊ ယင်းတို့၏ လုပ်သားဈေးကွက်များနှင့် ကုန်စည်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍတို့၏ ကဏ္ဍအလိုက်ဖွဲ့စည်းမှုတွင် ကြီးမားသောကွဲလွဲမှုများရှိကြသည်။ အလားတူဖွံ့ဖြိုးမှုအဆင့်များတွင် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့၌ Gini မြှောက်ဖော်ကိန်းများသည် အနိမ့် ၃၀ များတွင် ရှိသည်။ (ထိုင်းနိုင်ငံအစိုးရ၊ ၂၀၁၂။ ကမ္ဘာ့ဘဏ်၊ ၂၀၁၂)။ ထို့ကြောင့် မြန်မာနိုင်ငံအတွက် အတော်အတန်သင့်တင့်သော မညီမျှမှုကိန်းဂဏန်းများကို စီးပွားရေးဖွဲ့စည်းတည်ဆောက်ပုံနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဆင့်တို့တွင် ကျယ်ကျယ်ပြန့်ပြန့် ချိတ်ဆက်စဉ်းစားသုံးသပ်ရန်လိုအပ်ပါသည်။

ဇယား ၃.၁။

မညီမျှမှု အတိုင်းအတာများ၊ ၂၀၁၅

| | နိုင်ငံအဆင့် | မြို့ပြ | ကျေးလက် |
|---|---|---|---|
| Gini | ၃၁.၇ | ၃၆.၆ | ၂၈.၀ |
| Theil-0 | ၁၇.၁ | ၂၂.၅ | ၁၃.၁ |
| Theil-1 | ၂၀.၆ | ၂၉ .၁ | ၁၃.၇ |
| Share bottom 20% | ၈.၄ | ၇.၆ | ၉ .၁ |
| 90/10 | ၃.၇ | ၄.၂ | ၃.၄ |
| 90/50 | ၂.၀ | ၂.၁ | ၁.၉ |
| 50/10 | ၁.၉ | ၂.၀ | ၁.၉ |

မှတ်စု။ ။ မညီမျှမှုခန့်မှန်းချက်များသည် ကမ္ဘာ့ဘဏ် (၂၀၁၄) နည်းလမ်းကိုအသုံးပြုသည့် ၂၀၁၅ ခုနှစ်အတွက် နှိုင်းယှဉ်နိုင်သော စားသုံးမှုတန်ဖိုးများအပေါ် အခြေခံသည်။

**မြို့ပြဒေသများတွင် မညီမျှမှုသည် ကျေးလက်ဒေသများတွင် မညီမျှမှုထက် သိသိသာသာ ပိုမိုမြင့်မားသည်။** ဤအချက်မှာ မြန်မာနိုင်ငံနှင့် ဖွံ့ဖြိုးမှုအဆင့်တူသော အခြားအရှေ့တောင်နှင့် အရှေ့အာရှနိုင်ငံများတွင် ပုံစံတကျတွေ့ရှိချက်များနှင့် ညီညွတ်သည်။ Theil မညီမျှမှု အညွှန်းအား ကျေးလက်နှင့် မြို့ပြဒေသများအကြား ပျမ်းမျှလူနေမှု အဆင့်အတန်းခြားနားချက်များ (မညီမျှမှုအတွင်းနှင့် မညီမျှမှုများအကြား) နှင့်ပတ်သက်သော မညီမျှမှုဖြစ်စေသည့် အကြောင်းအရာကိုပြသရန် စိတ်ပိုင်းကြည့်နိုင်သည်။ မြန်မာနိုင်ငံတွင် မညီမျှမှုအများစုသည် မြို့ပြဒေသအတွင်းနှင့် ကျေးလက်ဒေသအတွင်း မညီမျှမှုကြောင့်ဖြစ်ပေါ်လာသည်။ လူဦးရေ၏ ၃၀ ရာခိုင်နှုန်းသာ မြို့ပြဒေသများတွင်နေထိုင်ကြသော်လည်း မြို့ပြဒေသများ၌ မညီမျှမှုအဆင့်များမှာ သိသိသာသာ ပိုမိုမြင့်မားသောကြောင့် အဆိုပါဒေသများအတွင်း မညီမျှမှုသည် ကျေးလက်ဒေသများအတွင်း မညီမျှမှုစုစုပေါင်းနီးပါးမျှရှိသည်။

ဇယား ၃.၂။

မညီမျှမှုအခြေအနေ နိုင်ငံတကာနှိုင်းယှဉ်ချက်

| | ---- ဝင်ငွေ/ အသုံးစရိတ်အချိုးအစား | | | | |
|---|---|---|---|---|---|
| | Gini | အပေါ်ပိုင်း ၁၀% | အပေါ်ပိုင်း ၂၀% | အောက်ခြေ ၁၀% | အောက်ခြေ ၂၀% |
| ထိုင်းနိုင်ငံ၊ ၂၀၁၂ | ၃၉ .၃ | ၃၀.၄ | ၄၆.၃ | ၂.၈ | ၆.၇ |
| ဗီယက်နမ်၊ ၂၀၁၂ | ၃၈.၇ | ၃၀.၁ | ၄၅.၇ | ၂.၆ | ၆.၅ |
| အင်ဒိုနီးရှား၊ ၂၀၀၉ | ၃၅.၆ | ၂၈.၂ | ၄၃.၇ | ၃.၄ | ၇.၆ |
| တရုတ်နိုင်ငံ၊ ၂၀၁၀ (ဝင်ငွေ) | ၄၂.၁ | ၃၀.၀ | ၄၇.၁ | ၁.၇ | ၄.၇ |
| မြန်မာနိုင်ငံ၊ ၂၀၁၅ | ၃၁.၇ | ၂၅.၉ | ၄၀.၂ | ၃.၅ | ၈.၄ |

ရင်းမြစ်။ ။ ကမ္ဘာ့ဘဏ် ဖွံ့ဖြိုးတိုးတက်မှု ညွှန်ကိန်းများ (၂၀၁၆)

**သတိပြုမိလောက်အောင် ထင်ရှားသည့် တိုးပွားလာမှုနှင့်အတူ ကွာဟချက်များမြင့် တက်လာသည့် တိုင်းတာမှုအမှတ်များအားလုံးသည် အသုံးစရိတ်ပြန့်ချက်၏ အောက်ခြေအဆုံးပိုင်းတွင် ပေါ်ပေါက်သည်။** အပေါ်ပိုင်း ၉၀ ခုမြောက် ရာလီစိတ်ကိန်းရှိ အိမ်ထောင်စုများသည် အောက်ခြေ ၁၀ ခုမြောက် ရာလီစိတ်ကိန်းနှင့် ပျမ်းမျှကြားရှိ အိမ်ထောင်စုများထက် ပိုမိုမြန်ဆန်သည့် စားသုံးမှု တိုးတက်မှုရှိကြသည်။ အောက်ပါ ပုံ ၃.၅ တွင် မြင်တွေ့နိုင်သည့်အတိုင်း ၁၀ ခု မြောက် ရာလီစိတ်ကိန်းရှိ အသုံးစရိတ်များနှင့်ယှဉ်ပါက ၉၀ ခုမြောက် ရာလီစိတ်ကိန်းရှိ အသုံးစရိတ်များအချိုးသည် ၂၀၀၉/ ၂၀၁၀ ခုနှစ်တွင် ၃.၁ နှင့် ၂၀၁၅ တွင် ၃.၇ ထိသိသာထင်ရှားစွာ မြင့်တက်လာပြီး သေးငယ်သော်လည်း အလားတူပင် ပြန့်ချက်တစ်ဝက်ရှိ အိမ်ထောင်စုများနှင့် ယှဉ်လျှင် တိုးပွားလာသည်ကို တွေ့နိုင်သည်။ အသုံးစရိတ်များအချိုးအစားသည် အောက်ခြေ ၂၀ ရာခိုင်နှုန်းနှင့် ၄၀ ရာခိုင်နှုန်းသို့ရောက်သွားသည့်အခါ ၂၀၀၉/ ၂၀၁၀ ခုနှစ် မှစတင်၍ ကျဆင်းလာခဲ့သည်။

ပုံ ၃.၅။

၂၀၀၉/ ၂၀၁၀ နှင့် ၂၀၁၅ အကြား မညီမျှမှု မြင့်တက်လာခြင်း ညွှန်ကိန်းများ။ အသုံးစရိတ် အချိုးအစား




ပုံ ၃.၆။

၂၀၀၉/ ၂၀၁၀ နှင့် ၂၀၁၅ အကြား မညီမျှမှုမြင့်တက်လာခြင်း ညွှန်ကိန်းများ။ အသုံးစရိတ်ပြန့်ချက်



လေးထောင့်ကွက်ဇယား ၁။ မညီမျှမှုကို မည်ကဲ့သို့ တိုင်းတာသနည်း?

## မညီမျှမှုကို မည်ကဲ့သို့ တိုင်းတာခဲ့သနည်း။

အများအားဖြင့် အသုံးပြုသည့် မညီမျှမှုတိုင်းတာနည်းများမှာ ဆိုင်ရာနယ်ပယ်အလိုက် မညီမျှမှုကို တိုင်းတာနိုင်သည့် Gini၊ Theil အပါအဝင် ယေဘုယျပြု ကျဘမ်းအတိုင်းအတာများ (the class of generalized entropy measures) အတန်းအစားနှင့် အကျိုးရလာဒ်ပြန့်ချက်၏ ကွဲပြားခြားနားသော ရာလီစိတ်ကိန်းများရှိ လူတို့၏အကျိုးရလာဒ်အချိုးများဖြစ်ကြသည်။ အသုံးအများဆုံး မညီမျှမှု တိုင်းတာပုံတိုင်းတာနည်းမှာ Gini မြောက်ဖော်ကိန်းဖြစ်သည်။ ယင်းသည် လူမှုအဖွဲ့အစည်းတစ်ခုအတွင်းရှိ ကြွယ်ဝဖူလုံမှုပြန့်ချက်အား ဥသုံ ညီမျှမှုအောက်ရှိပြန့်ချက်နှင့် နှိုင်းယှဉ်သော လောရင့်မျဉ်းကွေးအပေါ် အခြေခံခြင်းဖြစ်သည်။ Gini အညွှန်းသည် တစ်ဦးချင်းစီ သို့မဟုတ် အိမ်ထောင်စုများ၏ ကြွယ်ဝဖူလုံမှုပြန့်ချက်အား အပြည့်အဝညီမျှသောပြန့်ချက်မှ တိမ်းချက်ကို တိုင်းတာခြင်းဖြစ်သည်။ Gini အညွှန်း “သုည” သည် အပြည့်အဝညီမျှမှုဖြစ်ပြီး Gini အညွှန်း “၁” သည် လုံးဝမညီမျှခြင်းဖြစ်သည်။ Gini မြောက်ဖော်ကိန်းတန်ဖိုးများသည် “၀” နှင့် “၁” အကြားတွင်ရှိပြီး သုည (၀) သည် မညီမျှမှုမရှိခြင်းဖြစ်သည်။

ပုံ ၃.၇။ Gini မြောက်ဖော်ကိန်းဖြင့် မညီမျှမှုကိုတိုင်းတာခြင်း




မညီမျှမှု တိုင်းတာပုံတိုင်းတာနည်းများသည် ဝင်ငွေပြန့်ချက်၏ ကွဲပြားခြားနားသော ပိုင်းခွဲများကို ယင်းတို့၏ ထင်ဟပ်တုန့်ပြန်မှုများအရ ကွဲပြားခြားနားကြခြင်းကြောင့် အပေါင်းအစုအားဖြင့် ပြန့်ချက်ဆိုင်ရာပြောင်းလဲမှုများကို ကောင်းမွန်စွာပုံဖော်ပေးနိုင်သည်။ ဥပမာ။ ။ Gini သည် ပြန့်ချက်၏အလယ်တွင် ထင်ဟပ်တုန့်ပြန်နိုင်မှု အကောင်းဆုံးဖြစ်ပြီး Theil-L သည် ပြန့်ချက်၏အောက်ပိုင်းစွန်းအပြောင်းအလဲများကို ပိုမိုထင်ဟပ်နိုင်၍ Theil-T သည် ပြန့်ချက်၏ အပေါ်ပိုင်းစွန်း အပြောင်းအလဲများကို ပိုမိုထင်ဟပ်သည်။

# စီးပွားရေးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှု

## ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ တိုးတက်မှုအလျော့အတင်း

**ဆင်းရဲနွမ်းပါးမှု၏ တိုးတက်မှုအလျော့အတင်း (elasticity) သည် ထိရောက်သည့် တိုးတက်မှုက ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိစေသည်ကို ထင်ဟပ်ဖော်ပြသည်။** ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ စုစုပေါင်းတိုးတက်မှုအလျော့အတင်းသတ္တိသည် တစ်ဦးကျ ဂျီဒီပီ (သို့မဟုတ် တစ်ဦးကျ သမတ်ကိန်း အသုံးစရိတ်) တွင် တစ် (၁) ရာခိုင်နှုန်းပြောင်းတိုင်း လိုက်ပါပြောင်းလဲသည့် ဆင်းရဲနွမ်းပါးမှုအပြောင်းအလဲရာခိုင်နှုန်းဖြစ်သည်။

ဇယား ၃.၃။

ဆင်းရဲနွမ်းပါးမှုဆိုင်ရာ တိုးတက်မှုအလျော့အတင်း

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့ (၂၀၀၇) နည်းလမ်း

| | နိုင်ငံအဆင့် | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | သမတ်ကိန်း | ဆင်းရဲ နွမ်းပါးမှု | အလျော့ အတင်းသတ္တိ | သမတ်ကိန်း | ဆင်းရဲ နွမ်းပါးမှု | အလျော့ အတင်းသတ္တိ | သမတ်ကိန်း | ဆင်းရဲ နွမ်းပါးမှု | အလျော့ အတင်းသတ္တိ |
| ၂၀၀၄/၀၅ | ၁၂၈၉ | ၃၂.၁ | | ၁၄၇၁ | ၂၁.၅ | | ၁၂၂၄ | ၃၅.၈ | |
| ၂၀၀၉/၁၀ | ၁၃၆၅ | ၂၅.၆ | -၃.၄ | ၁၆၂၂ | ၁၅.၇ | -၂.၆ | ၁၂၇၅ | ၂၉.၂ | -၄.၅ |
| ၂၀၁၅ | ၁၄၈၄ | ၁၉.၄ | -၂.၈ | ၁၇၈၃ | ၉.၀ | -၄.၃ | ၁၃၆၉ | ၂၃.၃ | -၂.၇ |
| ၂၀၀၅ - ၂၀၁၅ | | | -၂.၆ | | | -၂.၇ | | | -၂.၉ |

(ခ) ကမ္ဘာ့ဘဏ် (၂၀၁၄) နည်းလမ်း

| | နိုင်ငံအဆင့် | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | သမတ်ကိန်း | ဆင်းရဲ နွမ်းပါးမှု | အလျော့ အတင်းသတ္တိ | သမတ်ကိန်း | ဆင်းရဲ နွမ်းပါးမှု | အလျော့ အတင်းသတ္တိ | သမတ်ကိန်း | ဆင်းရဲ နွမ်းပါးမှု | အလျော့ အတင်းသတ္တိ |
| ၂၀၀၄/၀၅ | ၁၄၅၀ | ၄၄.၅ | | ၁၆၂၂ | ၄၂.၂ | | ၁၃၈၉ | ၄၅.၄ | |
| ၂၀၀၉/၁၀ | ၁၆၃၈ | ၃၇.၅ | -၁.၂ | ၁၈၈၅ | ၃၄.၆ | -၁.၁ | ၁၅၁၈ | ၃၈.၅ | -၁.၆ |
| ၂၀၁၅ | ၁၈၉၈ | ၂၆.၁ | -၁.၉ | ၂၂၈၉ | ၁၉.၂ | -၂.၁ | ၁၇၄၈ | ၂၈.၈ | -၁.၇ |
| ၂၀၀၅ - ၂၀၁၅ | | | -၁.၃ | | | -၁.၃ | | | -၁.၄ |

**ဖစ်မြစ်။** ။ ကမ္ဘာ့ဘဏ်ဝန်ထမ်းများသည် IHLCA-1၊ IHLCA-2 နှင့် MPLCS အချက်အလက်များကို အသုံးပြုတွက်ချက်ခန့်မှန်းပါသည်။ တစ်ဦးကျ အရွယ်ရောက်သူ မျှခြေ ပျမ်းမျှ အသုံးစရိတ်နှင့် ဆင်းရဲနွမ်းပါးမှုခန့်မှန်းခြေများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့ (၂၀၀၇) နှင့် ကမ္ဘာ့ဘဏ် (၂၀၁၄) နည်းလမ်းများကို အသုံးပြုတွက်ချက်ဖော်ထုတ်ပါသည်။

**ဆင်းရဲနွမ်းပါးမှုဆိုင်ရာတိုးတက်မှု အလျော့အတင်းသတ္တိသည် အခြားနိုင်ငံများတွင်တွေ့ရသည့် ပျမ်းမျှထက်နိမ့်သည်ကို တွက်ချက်ခန့်မှန်းရရှိသည်။** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့ (၂၀၀၇) နည်းလမ်း သည် ဆယ်စုနှစ်တစ်ခုလုံးအတွက် ပျမ်းမျှတိုးတက်မှုအလျော့အတင်းကို -၂.၆ ခန့်မှန်းစဉ်တွင် ကမ္ဘာ့ဘဏ် (၂၀၁၄) နည်းလမ်းသည် -၁.၃ ခန့်မှန်းပါသည်။ ဆိုလိုသည်မှာ ပျမ်းမျှ အသုံးစရိတ် ၁ ရာခိုင်နှုန်းတိုးလျှင် ဆင်းရဲနွမ်းပါးမှုသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့ (၂၀၀၇) နည်းလမ်းအရ ၂.၆ ရာခိုင်နှုန်းနှင့် ကမ္ဘာ့ဘဏ် (၂၀၁၄) နည်းလမ်းအရ ၁.၃ ရာခိုင်နှုန်း အသီးသီးကျဆင်းလာသည်။ ဆယ်စုနှစ်တစ်လျှောက် မြန်မာနိုင်ငံ၏ တိုးတက်မှုအလျော့အတင်းသတ္တိသည် အခြားသောနိုင်ငံများတွင်တွေ့ရသည့် လုံးဝဆင်းရဲနွမ်းပါးသည့်အခြေအနေတွင် နေထိုင်နေရသည့် များပြားသောလူဦးရေအစိတ်အပိုင်း ပျမ်းမျှအလျော့အတင်းသတ္တိအောက်တွင် ရောက်နေပေသည်။ အဆိုပါနိုင်ငံများတစ်လျှောက် တစ်ဝက်ကိန်း အလျော့အတင်းသတ္တိမှာ ၂ နားနီးသော်လည်း (Bourguignon, ၂၀၀၂) တစ်ဦးကျ ပျမ်းမျှအသုံးစရိတ် သို့မဟုတ် ဂျီဒီပီ ၁ ရာခိုင်နှုန်းတိုးလျှင် ပျမ်းမျှအားဖြင့် ဆင်းရဲနွမ်းပါးမှုလျော့ကျမှုမှာ ၃ ရာခိုင်နှုန်းဖြစ်သည် (Ravallion and Chen, ၁၉၉၇)။

**မြန်မာနိုင်ငံတွင် ခြားနားချက်များကြီးမားသော်လည်း မတူညီသော စီးပွားရေးတိုးတက်မှု တိုင်းတာပုံတိုင်းတာနည်းများကို အသုံးပြုသည့်အခါ တိုးတက်မှုအလျော့အတင်းသတ္တိ၏ ကွဲပြားခြားနားသောခန့်မှန်းချက်များ တွေ့ရသည်မှာ ဖြစ်ရိုး ဖြစ်စဉ်တစ်ခုဖြစ်ပါသည်။** ဆင်းရဲနွမ်းပါးမှုလျှော့ချရေး တိုင်းတာပုံတိုင်းတာနည်းများသည် တစ်မျိုးသားလုံးဆိုင်ရာ စာရင်းများ (National Accounts) ကို အသုံးပြု၍တိုင်းတာသည့် တိုးတက်မှုထက် စစ်တမ်းအခြေပြု အိမ်ထောင်စုစားသုံးမှုတိုးတက်မှုကို ပိုမိုတုန့်ပြန်ပါသည်။ အမှန်ဂျီဒီပီ အပြောင်းအလဲများဖြင့် တိုးတက်မှုကိုတိုင်းတာသည့်အခါ မြန်မာနိုင်ငံအစိုးရနှင့်အဖွဲ့ (၂၀၀၇) နည်းလမ်းနှင့် ကမ္ဘာ့ဘဏ် (၂၀၁၄) နည်းလမ်းနှစ်ခုစလုံးအနေဖြင့် ဆင်းရဲနွမ်းပါးမှု ဆိုင်ရာ တိုးတက်မှု အလျော့အတင်းသတ္တိသည် - ၀.၃ ဝန်းကျင်တွင်ရှိသည်။ ယင်းအချက်ကညွှန်ပြသည်မှာ စီးပွားရေး ၁ ရာခိုင်နှုန်းတိုးတက်မှုသည် ဆင်းရဲနွမ်းပါးမှု လက်ရှိဦးရေနှုန်းကို ၀.၃ ရာခိုင်နှုန်း လျော့ကျစေလိမ့်မည်ဖြစ်သည်။[12] တစ်မျိုးသားလုံးဆိုင်ရာစာရင်းများနှင့် အိမ်ထောင်စုစစ်တမ်း အချက်အလက်များအကြား ကိုက်ညီမှုမရှိခြင်း (Ravallion ၂၀၀၁, Adams ၂၀၀၄) နှင့် ယင်းတို့၏အားသာချက်၊ အားနည်းချက်များနှင့်ပတ်သက်သည့် ဆွေးနွေးတင်ပြချက်များ အများအပြားရှိပါသည်။ ယင်းတို့နှစ်ခုအကြား ခြားနားချက်များတွင် တစ်မျိုးသားလုံးဆိုင်ရာစာရင်းများတွင် စားသုံးမှုအား ဖွင့်ဆိုသတ်မှတ်ချက်၊ ငွေဖောင်းပွမှုကိုက်ညှိချက်များ၊ ဖယ်ချန်ထားခြင်းများနှင့် တိုင်းတာမှုအမှားများပါဝင်သည်။ အဆိုပါစီးပွားရေးတိုးတက်မှု တိုင်းတာပုံတိုင်းတာနည်းများအနက် မည်သည့်နည်းက ပိုမိုတိကျသည် ဆိုသည်နှင့်ပတ်သက်၍ ဘုံသဘောတူညီချက်မရှိသော်လည်း စစ်တမ်းအချက်အလက်များမှ တိုင်းတာသည့် တိုးတက်မှုသည် အိမ်ထောင်စုစားသုံးမှုနှင့် ဝင်ငွေအပြောင်းအလဲများနှင့် ပိုမိုနီးကပ်စွာဆက်နွှယ်မှုရှိပြီး ဆင်းရဲနွမ်းပါးသူများ၏ သုံးစွဲပုံအမူအကျင့်ကို ပိုမိုကောင်းမွန်စွာ ထင်ဟပ်စေသည်။

## လူနေမှုအဆင့်အတန်းနှင့် မေခရိုဘဏ္ဍာရေးဆိုင်ရာ စီးပွားရေး

**၂၀၀၉/ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များအကြား သိသာသည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ပေါ်ပေါက်လာသည့်ကာလသည် မြန်မာနိုင်ငံတွင် ကြီးမားသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သည့်ကာလဖြစ်သည်။** ၂၀၁၀/ ၂၀၁၁ ခုနှစ်က စတင်ဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲရေးများသည် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအား ပိတ်ဆို့ဟန့်တားနေသော ကြိုးနီစနစ်နှင့် ဗျူရိုကရေစီယန္တယား (အပေါ်ပိုင်းအဆင့်များမှ ဖြစ်သော်လည်း) လျှော့ချရေး (ကမ္ဘာ့ဘဏ် ၂၀၁၄ခ) မှသည် အဓိကကျသော အခြေခံအဆောက်အအုံဖြည့်ဆည်းမှုအထိ ကဏ္ဍစုံတွင် ထိတွေ့ဆောင်ရွက်ခဲ့သည်။ နိုင်ငံခြားငွေလဲလှယ်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှင်းမြှုပ်နှံမှု လွတ်လပ်ခွင့်များသည် စီးပွားရေးအခွင့်အလမ်းများအား ဖွင့်လှစ်ပေးခဲ့ပြီး အုပ်စုလေးတစ်စုအတွက် တင်းကြပ်စွာကာကွယ်ပေးထားသော ကဏ္ဍများတွင်ပါ ရင်းနှင်းမြှုပ်နှံမှုအတွက် နေရာလွတ်များနှင့် စီးပွားရေးအခွင့်အလမ်းများ ပွင့်လာစေခဲ့သည်။ တိုးပွားလာသော အများပြည်သူဆိုင်ရာကဏ္ဍပွင့်လင်းမှုနှင့် ဗဟိုချုပ်ကိုင်မှုဖြေလျှော့ခြင်းတို့သည် အစိုးရကို ပြည်သူလူထုနှင့် တဖြည်းဖြည်းချင်း ပိုမိုနီးကပ်လာစေခဲ့သည်။

12 ကျွန်ုပ်တို့အနေဖြင့် ၂၀၀၅ နှင့် ၂၀၁၅ ကြား ကမ္ဘာ့ဖွံ့ဖြိုးမှုညွှန်ကိန်းများမှ ပုံသေသတ်မှတ်ထားသော ကျပ်ငွေဖြင့် တစ်ဦးကျ ဂျီဒီပီကို အသုံးပြုပါသည်။ ဤကိန်းစဉ်တွဲကိုအသုံးပြုခြင်းဖြင့် ယင်းဆယ်နှစ်တာကာလတစ်လျှောက် တစ်ဦးကျ ဂျီဒီပီသည် ၈၀.၁ ရာခိုင်နှုန်းကြီးထွားခဲ့ပြီး ဆင်းရဲနွမ်းပါးမှုသည် အဆိုပါတူညီသောကာလတစ်လျှောက် မြန်မာနိုင်ငံအစိုးရနှင့်အဖွဲ့ (၂၀၀၇) နည်းလမ်းအရ ၃၉.၇ သို့မဟုတ် ကမ္ဘာ့ဘဏ် (၂၀၁၄) နည်းလမ်းအရ ၄၁.၃ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ တိုးတက်မှုကို မျဉ်းဖြောင့်တိုးတက်မှုအချိုးဖြင့် တွက်ချက်ခန့်မှန်းပါသည်။

**အဆိုပါကာလအတွင်းတိုးတက်မှုသည် ဒေသတွင်း အခြားသောနိုင်ငံများနှင့် နှိုင်းယှဉ်နိုင်သလို စီးပွားရေးလွတ်လပ်ခွင့် စတင်ကျင့်သုံးသည့် စွမ်းဆောင်ရည်မြင့်နိုင်ငံများနှင့်လည်း နှိုင်းယှဉ်နိုင်ပါသည်။** ၂၀၁၀/ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၄/ ၂၀၁၅ ခုနှစ်များအကြားတွင် မြန်မာ့စီးပွားရေးသည် ပျမ်းမျှတစ်နှစ်လျှင် ၇ ရာခိုင်နှုန်းဖြင့် တိုးတက်ခဲ့သည်။ (ကမ္ဘာ့ဘဏ်၊ ၂၀၁၅က)။ လွန်ခဲ့သည့် ၅ နှစ်တာကာလတွင် တိုးတက်မှုများသည် ဒေသတွင်းအခြားနိုင်ငံများနှင့် ကောင်းစွာနှိုင်းယှဉ်နိုင်ပြီး (ပုံ ၃.၈) စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၏ ထောက်ကူမှုဖြင့်မြို့သိပ်ထားခဲ့ရသော ဝယ်လိုအားနှင့် စီးပွားရေး ပြန်လည်ဦးမော့လာခြင်းတို့ကို ထင်ဟပ်လျက်ရှိသည်။ ကိုးရီးယား၊ ဗီယက်နမ်၊ တရုတ် ကဲ့သို့သော အခြားသာနိုင်ငံများတွင် ယင်းတို့၏ စီးပွားရေးပွင့်လင်းမှု ပထမဆုံး စတင်ဆောင်ရွက်ခဲ့ချိန်၌ ဂျီဒီပီ တိုးတက်နှုန်းမှာ ၆ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်း ကြားတွင်ရှိခဲ့သည် (ပုံ ၃.၉)။

ပုံ ၃.၈။

ဂျီဒီပီ တိုးတက်နှုန်း။ ၂၀၁၁-၂၀၁၄။ (%)




ဇစ်မြစ်။ ။ ကမ္ဘာ့ဘဏ် (၂၀၁၅က)။ ပုံပါ တိုးတက်မှု ခန့်မှန်းခြေမှာ ပြက္ခဒိန်နှစ်ထက် အစိုးရဘဏ္ဍာရေးနှစ်ကိုသာ အသုံးပြုသည့် မြန်မာနိုင်ငံအစိုးရ၏ ခန့်မှန်းခြေများနှင့် အနည်းငယ်ကွဲလွဲပါသည်။ အစိုးရ ဘဏ္ဍာရေးနှစ်မှာ ဧပြီလမှ မတ်လအထိဖြစ်သည်။ မြန်မာနိုင်ငံအစိုးရ၏ တိုးတက်မှု ခန့်မှန်းခြေများမှာ ၂၀၁၁/ ၂၀၁၂ တွင် ၅.၆%၊ ၂၀၁၂/ ၂၀၁၃ တွင် ၇.၃%၊ ၂၀၁၃/ ၂၀၁၄ တွင် ၈.၄% နှင့် ယာယီအမှန်စာရင်းအရ ၂၀၁၄/ ၂၀၁၅ တွင် ၈.၀% ဖြစ်ပါသည်။

ပုံ ၃.၉။

ဂျီဒီပီ တိုးတက်နှုန်း။ (လွတ်လပ်ခွင့်ပြုပြီးနောက် ၅ နှစ်စာ ပျမ်းမျှ)။




ဇစ်မြစ်။ ။ ကမ္ဘာ့ဘဏ် (၂၀၁၅က)။

**အပြုသဘောသက်ရောက်မှုရှိသည့် ဆောင်ရွက်လျက်ရှိသော ပြုပြင်ပြောင်းလဲရေးများအား ဝန်ဆောင်မှုကဏ္ဍ၏ ခိုင်မာသော တိုးတက်မှုများက ထင်ဟပ်လျက်ရှိသော်လည်း ဆင်းရဲနွမ်းပါးသူအများစုလုပ်ကိုင်လျက်ရှိသော လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်မူ အပြည့်အဝ ခံစားရခြင်း မရှိသေးပေ။** ဝန်ဆောင်မှုကဏ္ဍသည် ၂၀၁၁/ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၄/ ၂၀၁၅ ခုနှစ်ကြားတွင် နှစ်စဉ်တိုးတက်မှုအား အကြီးမားဆုံးထောက်ကူခဲ့ပြီး ၂၀၁၁/ ၂၀၁၂ ခုနှစ်တွင် ၃ ရာခိုင်နှုန်းကျော်နှင့် ၂၀၁၄/ ၂၀၁၅ ခုနှစ်တွင် ၄ ရာခိုင်နှုန်းကျော် ပါဝင်ခဲ့သည် (ပုံ ၃.၁၀)။ အဆိုပါ ပါဝင်မှုတွင် ဈေးကွက်လွတ်လပ်ခွင့်ပြုခြင်း၏ အကျိုးဆက်အဖြစ် ရင်းနှီးမြှုပ်နှံမှုအသစ်များနှင့် အလျင်

အမြန်တိုးတက်လာသော သုံးစွဲမှုများကြောင့် မြန်ဆန်စွာတိုးချဲ့လာသော ဆက်သွယ်ရေးကဏ္ဍသည် အရေးပါသောမောင်းနှင်အား ဖြစ်ခဲ့သည်။ ကမ္ဘာ့ဘဏ် (၂၀၁၅က)။ အဆိုပါ ကာလတစ်လျှောက်တွင်ပင် ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှု တိုးချဲ့လာခြင်း၏ ထင်ဟပ်ချက်အဖြစ် သယ်ယူပို့ဆောင်ရေးကဏ္ဍသည် ဝန်ဆောင်မှုကဏ္ဍတိုးတက်မှု၏ ၃ ပုံ ၁ ပုံ ပါဝင်ခဲ့သည်။ စက်မှုနှင့် ဆောက်လုပ်ရေးကဏ္ဍများသည်လည်း တိုးတက်မှုတွင် အရေးပါသောပါဝင်မှု များပြုခဲ့သည်။ ပျမ်းမျှထက်ပိုသော ကဏ္ဍအလိုက် တိုးတက်မှု၏ အကျိုးဆက်အဖြစ် ဝန်ဆောင်မှုကဏ္ဍ၏ ဂျီဒီပီအချိုးပါဝင်မှုမှာ ၂၀၀၉/ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၄ ခုနှစ် ကြားကာလတွင် ၃၇ ရာခိုင်နှုန်းမှ ၄၁ ရာခိုင်နှုန်းသို့၊ စက်မှုကဏ္ဍမှ ဂျီဒီပီအချိုးသည် ၂၆ ရာခိုင်နှုန်းမှ ၂၉ ရာခိုင်နှုန်းသို့ တိုးပွားလာခဲ့သည်။

**ဝန်ဆောင်မှုကဏ္ဍတွင်တိုးတက်မှုနှင့် စက်မှုကဏ္ဍတွင် အတိုင်းအတာတစ်ခုအထိ တိုးတက်မှုတို့သည် ကျေးလက်ဆင်းရဲနွမ်းပါးသူများထက် မြို့ပြဆင်းရဲနွမ်းပါးသူများ၏ ဝင်ငွေရရှိရေးအခွင့်အလမ်းများအပေါ် သက်ရောက်မှုရှိပုံရသည်။** ယုံကြည်အားထားရသည့် လျှပ်စစ်နှင့်သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများ ပိုမိုရနိုင်သည့် မြို့ပြနှင့် မြို့ပြဆင်ခြေဖုံးများတွင် ဆောက်လုပ်ရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ တိုးတက်မှု အဓိကအားဖြင့် ဖြစ်ပေါ်ခဲ့သည်။ ဆက်သွယ်ရေးကဏ္ဍတွင် အားကောင်းသောတိုးတက်မှုသည် ဝန်ဆောင်မှုစရိတ်များ ကျဆင်းလာခြင်း၊ ကွန်ယက်အခြေခံအဆောက်အအုံ ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် လက်လှမ်းမီသုံးစွဲနိုင်မှုနှင့် အရည်အသွေးမြင့်မားလာခြင်းတို့ကြောင့် စီးပွားရေးလုပ်ငန်းများနှင့် သုံးစွဲသူများအပေါ် ကျယ်ပြန့်သောသက်ရောက်မှုများဖြစ်ပေါ်စေခဲ့သည်။

ပုံ ၃.၁၁။

ဂျီဒီပီတိုးတက်မှုတွင် ကဏ္ဍအလိုက် ပါဝင်မှု




ရင်းမြစ်။ ။ ကမ္ဘာ့ဘဏ် (၂၀၁၅က)

ပုံ ၃.၁၁။

ကဏ္ဍအလိုက် တိုးတက်မှုနှုန်း (%)




ရင်းမြစ်။ ။ ကမ္ဘာ့ဘဏ် (၂၀၁၅က)

**လွန်ခဲ့သည့် ၅ နှစ်တာကာလတွင် လယ်ယာကဏ္ဍမှ ထုတ်လုပ်မှုတိုးတက်လာသော်လည်း ဆင်းရဲနွမ်းပါးမှု အလျင်အမြန်လျော့ချရေးအတွက် မောင်းနှင်အားတစ်ရပ်အနေဖြင့် လယ်ယာကဏ္ဍ၏ အလားအလာမှာ ပေါ်ထွက် မလာသေးပေ။** စိုက်ပျိုးရေးကဏ္ဍသည် စီးပွားရေးတစ်ရပ်လုံးနှင့် နှုန်းတူတိုးတက်မှု မရှိသေးပေ။ လယ်ယာကဏ္ဍတိုးတက်မှုသည် ၂၀၁၃/ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၄/ ၂၀၁၅ ခုနှစ်များတွင် ပြန်လည်ဦးမော့မလာမီအထိ ၂၀၁၁/ ၂၀၁၂ ခုနှစ်နှင့်၂၀၁၂/ ၂၀၁၃ ခုနှစ်တို့တွင် တစ်နှစ်လျှင် ၂ ရာခိုင်နှုန်းအောက်၌ တန့်နေခဲ့သည်။ အဆိုရလဒ်သည် ယင်းကဏ္ဍ၏ ဂျီဒီပီပါဝင်မှုအချိုးကို ၃၇ ရာခိုင်နှုန်းမှ ၃၁ရာခိုင်နှုန်းသို့ကျဆင်းသွားစေခဲ့သည်။[13] စီးပွားရေးဖွဲ့စည်းတည်ဆောက်ပုံသည် ကုန်ထုတ်စွမ်းအားနိမ့်သော လယ်ယာစိုက်ပျိုးရေးမှ ကုန်ထုတ်စွမ်းအားမြင့်သော ကုန်စည်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုများဆီသို့ ရွေ့ပြောင်းနေသည့် စီးပွားရေး အသွင်ကူးပြောင်းမှုကာလတွင် ဤအချက်ကို မျှော်လင့်ထားရမည်ဖြစ်သော်လည်း မြန်မာ့လယ်ယာစိုက်ပျိုးရေးနှင့်ဆိုင်သော အလားအလာမှာ ယင်း၏အလားအလာအောက်သို့ ရောက်နေသည်။ နိုင်ငံ၏ စိုက်ပျိုးမြေဧရိယာ ၅၄ ရာခိုင်နှုန်းဝန်းကျင်ကိုစပါးစိုက်ပျိုးသော်လည်း အထွက်နှုန်းမှာ ဒေသတွင်းအနိမ့်ဆုံး၌သာရှိနေပြီး တိုးတက်မှု တစ်ရပ်လုံး၊ လယ်သမားများ၏ ဝင်ငွေနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချခြင်းတို့ကို ဆိုးဆိုးရွားရွားထိခိုက်စေလျက်ရှိသည် (ကမ္ဘာ့ဘဏ်၊ ၂၀၁၆)။ စီမံခန့်ခွဲမှုကောင်းသော ဆည်မြောင်းလုပ်ငန်းများသည် မြန်မာနိုင်ငံတွင် တစ်ဟက်တာလျှင် ၄ တန်ဝန်းကျင်ထွက်နိုင်သော်လည်း လယ်ယာအများစုမှာ ပျမ်းမျှတစ်ဟက်တာလျှင် ၂.၅ တန်သာထွက်ရှိသည်။ နှိုင်းယှဉ်ချက်အရ အိမ်နီးချင်းထိုင်းနိုင်ငံတွင် တစ်ဟက်တာလျှင် ၂.၉ တန်၊ ဖိလစ်ပိုင်တွင် ၃.၇ တန်နှင့် ဗီယက်နမ်နိုင်ငံတွင် ၅.၆ တန်ထွက်ကြသည်။

## ရှေ့ဆက်ဆောင်ရွက်ရမည့် ပြည့်စုံဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှု တိုင်းတာချက်များအား နောက်ဆုံးအခြေအနေနှင့် လိုက်လျောညီထွေစွာ ဆောင်ရွက်နိုင်ရေးအတွက် ထောက်ခံချက်

**ဆင်းရဲနွမ်းပါးမှု ပူးတွဲစိစစ်သုံးသပ်ချက်သည် မြန်မာအစိုးရအနေဖြင့် ၂၀၁၅ ခုနှစ်ရှိ လူဦးရေ၏ လိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာထင်ဟပ်နိုင်ရေးအတွက် ယင်း၏ဆင်းရဲနွမ်းပါးမှု တိုင်းတာပုံတိုင်းတာနည်းအား ပြန်လည်စိစစ်သုံးသပ်ရန်နှင့် အခြေကိုပြန်လည်ပြင်ဆင်ရန် အကြံပြုထားပါသည်။** နိုင်ငံအများစုတွင် ဆင်းရဲနွမ်းပါးမှုကိုဖြစ်စေသည့် အကြောင်းအချက်များနှင့်ပတ်သက်၍ အများစုသဘောတူညီချက်အရ ဆင်းရဲနွမ်းပါးမှုမျဉ်းများကို မကြာမကြာ ပြန်လည်သုံးသပ်ပြင်ဆင်ရသည်။ (Haughton and Khandkar, 2009; Ravallion, 2016)။ အနိမ့်ဆုံးအခြေခံလိုအပ်ချက်များဆိုင်ရာ ဖွင့်ဆိုသတ်မှတ်ချက်အား လူနေမှုအဆင့်အတန်းတိုးတက်မှုနှင့် လူမှုအဖွဲ့အစည်းအတွင်း ပြောင်းလဲမှုများကို ကြည့်ရှုသုံးသပ်ကာ အဆင့်ဆင့်ပြောင်းလဲဖွင့်ဆိုသတ်မှတ်၍ အခြေပြန်လည်သတ်မှတ်မှုပြုသင့်သည်။ ဆင်းရဲနွမ်းပါးမှုခန့်မှန်းချက်များအား အခြေပြန်လည်သတ်မှတ်သည့် ရည်ရွယ်ချက်မှာ ၂၀၁၅ ခုနှစ်တွင် တွေ့ရှိ ရသည့် လူနေမှုအဆင့်အတန်းနှင့် လိုအပ်ချက်များကို ချိန်ညှိရန်ဖြစ်သည်။

**၂၀၀၄/ ၂၀၀၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှုအား ပထမဆုံးစတင်တိုင်းတာခဲ့ချိန်မှစပြီး လူနေမှုဘဝအခြေအနေများနှင့် ဆင်းရဲနွမ်းပါးသူများ၏ လိုအပ်ချက်များသည် နည်းလမ်း ၃ သွယ်ဖြင့် အမှန်တကယ်ပြောင်းလဲလာခဲ့သည်။**

**ပထမပြောင်းလဲပုံမှာ အိမ်ထောင်စုကုန်စည်ဈေးခြင်းတောင်းတွင် အစားအသောက်ကုန်စည်အမယ်များ ပါဝင်မှုအချိုးအစား ကျဆင်းလာပြီး အစားအသောက်မဟုတ်သော ကုန်စည်အမယ်များ အမျိုးအမည် ပိုမိုစုံလင်လာသည်။** ယင်းသည် အစားအသောက်မဟုတ်သော ကုန်စည်အမယ်များပိုမိုကျယ်ပြန့်စုံလင်လာသည်ကိုသတ်မှတ်ရန်လိုအပ်ချက်ကိုဖြစ်ပေါ်စေသည်။အချိန်ကာလတစ်လျှောက် အိမ်ထောင်စုအသုံးစရိတ်များ တိုးပွားလာခြင်းသည် စားသုံးမှုဈေးခြင်းတောင်းတွင် အစားအသောက်၏ ပါဝင်မှုအချိုးအပေါ်နှင့် စားသောက်သည့်အစားအသောက်အမျိုးအစားပေါ်တွင်ပါ လွှမ်းမိုးသက်ရောက်မှုရှိသည်။ အသုံးစရိတ်ဖွဲ့စည်းမှုတွင် ထင်ဟပ်လျှက်

13 ဖော်ပြထားသောကဏ္ဍအလိုက် ဂျီဒီပီ ပါဝင်မှုအချိုးကို မြန်မာနိုင်ငံအစိုးရ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနက အသုံးပြုအစီရင်ခံသည့် ဘဏ္ဍာနှစ်ထက် ပြက္ခဒိန်နှစ်အသုံးပြုသော မြန်မာ့စီးပွားရေးစောင့်ကြည့်အစီရင်ခံစာမှ ရယူအသုံးပြုပါသည်။

ရှိသော လူနေမှုအဆင့်အတန်း တိုးတက်ကောင်းမွန်လာမှု အထောက်အထားများကို အမှန်တကယ်ပင် မြင်တွေ့ရသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့ (၂၀၀၇) နည်းလမ်းအရ စုစုပေါင်းအစားအသောက်၏ ပါဝင်မှုအချိုးမှာ ၂၀၀၄/ ၂၀၀၅ ခုနှစ်တွင် ၆၉.၄ ရာခိုင်နှုန်းနှင့် ၂၀၀၉/ ၂၀၁၀ ခုနှစ်တွင် ၆၈ ရာခိုင်နှုန်းရှိခဲ့သည်။ ၂၀၀၉/ ၂၀၁၀ ခုနှစ်တွင် အောက်ခြေ ၅ပုံ ၁ ပုံ၌ အစားအသောက်အတွက် သုံးစွဲခြင်းမှာ စုစုပေါင်း အသုံးစရိတ်၏ ၇၄ ရာခိုင်နှုန်းရှိခဲ့သည်။ ၂၀၁၅ ခုနစ် MPLCS အချက်အလက်များကို အသုံးပြုတွက်ချက်ရာတွင် အစားအသောက်အတွက် သုံးစွဲမှု အချိုးမှာ ပျမ်းမျှ ၆၂ ရာခိုင်နှုန်းသို့ကျဆင်းသွားခဲ့ပြီး အောက်ခြေ ၅ ပုံ ၁ ပုံတွင် ၆၇ ရာခိုင်နှုန်း ရှိသည်။ အောက်ခြေ ၅ ပုံ ၁ ပုံတွင် အစားအသောက် အတွက် သုံးစွဲမှုအချိုးမှာ မျှော်လင့်ထားသည့် ၆၅ ရာခိုင်နှုန်းထက် မြင့်မားနေဆဲဖြစ်သည်။[14]

**ဒုတိယနှင့် အခြားဆက်စပ်သောအချက်မှာ ကုန်စည်များ၏ အရေအတွက်နှင့် အမျိုးအမည်များ အထူးသဖြင့် အိမ်ထောင်စု ပိုင်ဆိုင်မှုပစ္စည်းများ တိုးပွားလာခြင်းဖြစ်သည်။** ၂၀၀၄/ ၂၀၀၅ ခုနှစ် ပြည့်စုံဖူလုံမှု စုစုပေါင်းတွင် မိုဘိုင်းဖုန်းနှင့် ရုပ်မြင်သံကြားကဲ့သို့သော အိမ်တွင်းပိုင်ဆိုင်မှုပစ္စည်းများမှ ထွက်ပေါ်လာသော ပြည့်စုံဖူလုံမှုကို ချန်လှပ်ထားခဲ့သည်။ ထိုအစောပိုင်းကာလများတွင် အားလုံးသောအိမ်ထောင်စုများအကြား အထူးသဖြင့် ပိုမိုဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများအကြားတွင် အဆိုပါပစ္စည်းအမယ်များပိုင်ဆိုင်မှုမှာ အကန့်အသတ်ရှိခဲ့သည်။ အဆိုပါပစ္စည်းအမယ်များ ပိုင်ဆိုင်မှုနှင့်ကြွယ်ဝဖူလုံမှုတွင် ပါဝင်မှုမှာ အချိန်ကာလတစ်လျှောက် သိသိသာသာ ကြီးထွားလာခဲ့သည်။ ကျွန်ုပ်တို့၏တွက်ချက်ခန့်မှန်းချက်များအရ အဆိုပါပစ္စည်းအမယ်များသည် စားသုံးမှုစုစုပေါင်း၏ အခြားသောအစိတ်အပိုင်းများထက် ဝင်ငွေတိုးတက်မှုကို ပိုမိုတုန့်ပြန် ထင်ဟပ်နိုင်သည်။[15] အဆိုပါပစ္စည်းအမယ်များအား စားသုံးမှုအစု အပေါင်းခြင်းတောင်းမှ ချန်ထားခဲ့ခြင်းသည် တိုင်းတာသည့် ဆင်းရဲနွမ်းပါးမှု ရှေ့ဆက်ကျဆင်းမှုကို နှေးကွေးသွားစေနိုင်သည်။[16]

**တတိယအချက်မှာ ကျယ်ပြန့်သည့်ပြုပြင်ပြောင်းလဲမှုများသည် အိမ်ထောင်စုများအားသုံးစွဲခွင့်ပြုသည့် သယံဇာတအမျိုးအမည်များ ကွဲပြားစုံလင်စေရန် အစိုးရသယံဇာတများကို အဓိကဝန်ဆောင်မှုများအဖြစ် တိုးတက်လာစေသည့် အိမ်ထောင်စုများ၏ သုံးစွဲမှုပုံစံများကို ပြောင်းလဲစေခြင်းဖြစ်သည်။** ဥပမာ။ ။ ၂၀၁၁/ ၁၂ ခုနှစ်နှင့် ၂၀၁၃/ ၁၄ ခုနှစ်များအကြားတွင် အစိုးရသည် ပညာရေးအတွက် ဘတ်ဂျက်ကို လေးဆတိုးခဲ့သည် (ကမ္ဘာ့ဘဏ်၊ ၂၀၁၅)။ ပြုပြင်ပြောင်းလဲရေးများသည် အိမ်ထောင်စုများ၏သုံးစွဲမှုအား ပညာရေးမှ အခြားအရာများဆီသို့ ပြောင်းလဲ သုံးစွဲစေခဲ့ဖွယ်ရှိပါသည်။[17] ပညာရေးအတွက် အိပ်စိုက်သုံးငွေသည် များပြားနေသေးသော်လည်း ယင်းမူဝါဒအပြောင်းအလဲများသည် အိမ်ထောင်စုများ အထူးသဖြင့် ဆင်းရဲနွမ်းပါးသူများအတွက် ပညာသင်ကျောင်းတက်ရန် အခက်အခဲကို လျော့ပါးသွားစေဖွယ်ရှိပါသည်။ အိမ်ထောင်စုဘတ်ဂျက်ဖွဲ့စည်းမှုကို သက်ရောက်မှုဖြစ်စေသည့် ပြုပြင်ပြောင်းလဲရေးများကို အခြားသော ကဏ္ဍများတွင်လည်းမြင်တွေ့ရသည်။ ဥပမာ။ ။ ၂၀၀၉/ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၃/ ၂၀၁၄ ခုနှစ်အကြားတွင် ကျန်းမာရေးဝန်ကြီးဌာန၏ အသုံးစရိတ်သည် ၉ ဆ တက်လာခဲ့သည် (ကမ္ဘာ့ဘဏ်၊ ၂၀၁၅)။ ယနေ့လက်ရှိ မြန်မာနိုင်ငံ၏အိမ်ထောင်စုများ အစားအသောက်အတွက် မဟုတ်သော သုံးစွဲမှုအစိတ်အပိုင်းကို ပိုမိုကောင်းမွန်စွာ ထင်ဟပ်နိုင်စေရေးအတွက် ဆင်းရဲနွမ်းပါးမှုမျဉ်းကို ပြန်လည်သုံးသပ်ပြင်ဆင်ရန် လိုအပ်လျှက်ရှိပါသည်။

နိုင်ငံအဆင့် ဆင်းရဲနွမ်းပါးမှု တိုင်းတာပုံတိုင်းတာနည်းအား ပြန်လည်စိစစ်သုံးသပ် ပြင်ဆင်ရန်နှင့် အခြေပြန်လည်ပြင်ဆင်ရန် ထောက်ခံအကြံပြုချက်များအား လက်ခံပြီးသည့် နောက်ဝယ် ဆင်းရဲနွမ်းပါးမှုပူးတွဲအကဲဖြတ်သုံးသပ်ချက် အပိုင်း ၂ (မကြာမီ ဆက်လက်ထွက်ပေါ် လာမည်) ကို မြန်မာနိုင်ငံအတွက် ပြန်လည်စိစစ်သုံးသပ်ပြင်ဆင်ထားသော၊ အခြေပြန်လည် ပြင်ဆင်ထားသည့် ဆင်းရဲနွမ်းပါးမှုတိုင်းတာပုံတိုင်းတာနည်းအသစ်အား အသုံးပြုလျှက် ဘက်စုံ ဆင်းရဲနွမ်းပါးမှု လေ့လာချက်အား တင်ပြမည်ဖြစ်ပါသည်။

14 အဆိုပါကိန်းဂဏန်းများအား မြန်မာနိုင်ငံအစိုးရနှင့်အဖွဲ့ (၂၀၀၇) နည်းလမ်းနှင့် MPLCS အချက်အလက်များမှရရှိသည့် နှိုင်းယှဉ်မှုအပြုနိုင်ဆုံး စုစုပေါင်းအား အသုံးပြုတွက်ချက်ခန့်မှန်းထားပါသည်။ ယင်းတို့ကို ဒီမိုကရက်တစ် အလေးတင်မှု အသုံးပြုတွက်ချက်ခန့်မှန်းထားပါသည်။ ဆိုလိုသည်မှာ ယင်းတို့သည် အချိုးအစားသမတ်ကိန်းကိုပေးသည်။ သမတ်ကိန်းအချိုးအစားကိုပေးခြင်းမဟုတ်ပါ။

15 စုစုပေါင်းအသုံးစရိတ်နှင့် စပ်လျဉ်းသည့် တာရှည်ခံကုန်စည်များ၏ အလျော့အတင်းသည် ၃ ထက်ကြီးသည်။

16 ယင်း အိမ်တွင်းရပိုင်ခွင့်ပစ္စည်း အမျိုးအစားများအား ပိုမိုများပြားသည့်အရေအတွက်နှင့် ပိုမိုမြင့်မားသည့်တန်ဖိုးအားဖြင့် ပိုမိုချမ်းသာသော အိမ်ထောင်စုများက ပိုင်ဆိုင်ဘွယ်ရှိခြင်းကြောင့် ယင်းတို့ ကျန်ရစ်နေခဲ့ခြင်းသည် ပုံစံတကျအားဖြင့် ပိုမိုနိမ့်သော မညီမျှမှု ကိန်းဂဏန်းများနှင့် ဆက်နွယ်လျှက်ရှိသည်။

17 ပြုပြင်ပြောင်းလဲရေးများတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းဝင်ကြေးများကောက်ခံမှုများအား ပယ်ဖျက်မှု၊ မသင်မနေရမူလတန်းပညာရေး၊ ဆရာ/ ဆရာမများ ပိုမိုငှားရမ်းခန့်အပ်ခြင်း၊ ဆင်းရဲနွမ်းပါးသူ ကျောင်းသား ၁၀၀,၀၀၀ ကျော်အထိ ပညာသင်ထောက်ပံ့ကြေး တိုးချဲ့ခြင်းနှင့် ကျောင်းလိုအပ်ချက်များအတွက် ပြည်ထောင်စုအစိုးရမှချထားပေးသည့် ကျောင်းထောက်ပံ့ကြေးများ ပါဝင်သည်။

# ကိုးကားမှုများ

အဒမ်စ်၊ ရစ်ချာဒ် ဂျူနီယာ။ ၂၀၀၄။ "စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ မညီမျှမှုနှင့် ဆင်းရဲနွမ်းပါးမှု - ဆင်းရဲနွမ်းပါးမှု အလျော့အတင်းတိုးတက်မှုကို ခန်မှန်းခြင်း။" ကမ္ဘာ့ဘဏ်၊ အယ်စီဗီးရား၊ အမှတ်စဉ် ၃၂(၁၂)၊ စာမျက်နှာ ၁၉၈၉-၂၀၁၄၊ ဒီဇင်ဘာ။

ဘာဒီရာနီ-မက်နူဆန်၊ ရီနာ၊ ပီတာ လန်ဂျူး၊ အက်စ်ပန် ဘီရာ ပရစ်ဖ် နှင့် ရှိုင်ဗန်ဒါဝိုက်။ ၂၀၁၇။ "မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးမှုလျော့ချရေးကို ခြေရာခံရန် နှိုင်းယှဉ်၍ မရသော စစ်တမ်းအချက်အလက်များကို လမ်းညွှန်ခြင်း၊ ၂၀၀၄-၂၀၁၅။" ကမ္ဘာ့ဘဏ် အလုပ်စာစောင် စီးရီးများ၊ မကြာမီထွက်ပေါ်မည်။ တောင်းဆိုပါက ပေးပို့နိုင်ပါသည်။

ဘီးဂယ်လ်၊ ကတ်သ်လင်း။ ဂျိုချင်မ် ဒီ ဝီအာဒ်။ ဂျက်ဖရိုက်မင်း နှင့် ဂျွန်ဂစ်ပ်ဆင်။ ၂၀၁၂။ "စစ်တမ်းများမှတစ်ဆင့် အိမ်ထောင်စုစားသုံးမှု တိုင်းတာချက်နည်းလမ်းများ - တန်ဇန်းနီးယားမှ ရရှိသော စမ်းသပ်လေ့လာမှုရလဒ်များ။" ဖွံ့ဖြိုးမှုဘောဂဗေဒဂျာနယ်၊ အယ်စီဗီးရား၊ အမှတ်စဉ် ၉၈(၁)၊ စာမျက်နှာ ၃-၁၈။

ဘော်ဂီနွန်၊ ဖရန်ဆွာ။ ၂၀၀၂။ "ဆင်းရဲနွမ်းပါးမှု လျော့ချရေး၏ အလျော့အတင်းတိုးတက်မှု - နိုင်ငံများနှင့် အချိန်ကာလတစ်လျှောက် ကွဲပြားမှုကို ဖြေရှင်းခြင်း။" DELTA အလုပ်စာစောင်များ ၂၀၀၂-၀၃၊ DELTA (အီကိုးလ် နော်မေးလ် ဆူပဲရီ)။

ခရစ်စ်တီရမ်စန်၊ အယ်လ်၊ ပီ။ လန်ဂျူး၊ ဂျေ။ လူအိုတို နှင့် ဒီ၊ စတီဖယ်။ ၂၀၁၂။ "ဆင်းရဲနွမ်းပါးမှုကို ခြေရာခံရန် သေးငယ်သောဧရိယာ ခန့်မှန်းမှုအခြေခံ မှန်းဆချက်နည်းလမ်းများ - အတည်ပြုမှုနှင့် အသုံးချမှုများ။" မညီမျှမှုဘောဂဗေဒဂျာနယ်၊ စပရင်ဂျာ၊ အမှတ်စဉ် ၁၀(၂)၊ စာမျက်နှာ ၂၆၇-၂၉၇၊ ဇွန်။

ဒေတန်၊ အန်းဂတ်စ်။ ၁၉၉၇။ *အိမ်ထောင်စုစစ်တမ်းများ လေ့လာစိစစ်ချက်*။ ဂျွန်ဟုတ်ကင်းစ်တက္ကသိုလ်ပုံနှိပ်၊ ဘာတီမိုးနှင့် လန်ဒန်။

ဒေတန်၊ အန်းဂတ်စ်နှင့် ဂျင်းဒရိဇ်။ ၂၀၀၂။ "အိန္ဒိယရှိ ဆင်းရဲနွမ်းပါးမှုနှင့် မညီမျှမှု - ပြန်လည်စစ်ဆေးချက်။" နိုင်ငံရေးနှင့် စီးပွားရေးအပတ်စဉ်၊ ၃၇(၃၆): ၃၇၂၉-၃၇၄၈။

ဒေတန်၊ အန်းဂတ်စ်နှင့် ဗလရီ ကိုဇယ်။ ၂၀၀၅။ "အချက်အလက်နှင့် ခံယူချက် - ဂရိတ်အိန္ဒိယန်း၏ ဆင်းရဲနွမ်းပါးမှုစကားရည်လုပွဲ။" ကမ္ဘာ့ဘဏ်သုတေသနစာတမ်း စောင့်ကြည့်လေ့လာသူ၊ ကမ္ဘာ့ဘဏ်အုပ်စု၊ အမှတ်စဉ် ၂၀(၂)၊ စာမျက်နှာ ၁၇၇-၁၉၉။

ဒေတန်၊ အန်းဂတ်စ်နှင့် ဂျွန်မူဘောင်းဝါ။ ၁၉၈၀။ *စားသုံးသူအပြုအမူနှင့် ဘောဂဗေဒ*။ ကိန်းဘရစ်ချ် - ကိန်းဘရစ်ချ်တက္ကသိုလ်ပုံနှိပ်။

ဒေတန်၊ အန်းဂတ်စ်နှင့် ဆယ်လ်မန်ဇိုင်ဒီ။ ၂၀၀၂။ "လူမှုဖူလုံမှု လေ့လာစိစစ်ချက်အတွက် စားသုံးမှုစုစုပေါင်းများ တည်ဆောက်ခြင်းအတွက် လမ်းညွှန်ချက်။" နေထိုင်မှုအဆင့်အတန်း တိုင်းတာမှုလေ့လာချက် (LSMS) အလုပ်စာစောင် ၁၃၅။ ဝါရှင်တန်ဒီစီ - ကမ္ဘာ့ဘဏ်။

ဒူအိုင်ဒစ်၊ မိုဟာမက်။ အက်ဖ်ရာရီ၊ အက်ဘ်ဒယ်ဂျက်အော။ ဗန်ဒါဝိုက်၊ ရှိုင် နှင့် ဗာမီ၊ ပိုင်လို။ ၂၀၁၅။ "လုပ်သားအင်အားစုစစ်တမ်းများကို အသုံးပြု၍ သုံးလတစ်ကြိမ် ဆင်းရဲနွမ်းပါးမှုနှုန်းများကို ခန့်မှန်းခြင်း - အကြိုစာစု။" ကမ္ဘာ့ဘဏ်၏ စီးပွားရေးသုံးသပ်ချက်၊ စာမျက်နှာ ၁-၂၆၊ ကမ္ဘာ့ဘဏ်။

အယ်ဘာစ်၊ ခရစ်စ်။ ဂျင်း အို လန်ဂျူး နှင့် ပီတာ လန်ဂျူး။ ၂၀၀၃။ "ဆင်းရဲနွမ်းပါးမှုနှင့် မညီမျှမှု၏ မက်ခရိုအဆင့်ခန့်မှန်းချက်။" *အီကိုမက်ထရီကာ*၊ ၇၁(၁): စာမျက်နှာ ၃၅၅-၃၆၄။

အယ်ဘာစ်၊ ခရစ်စ် နှင့် ဗန်ဒါဝိုက်၊ ရှိုင်။ ၂၀၁၄။ "ဆင်းရဲနွမ်းပါးမှုနှင့် မညီမျှမှု၏ သေးငယ်သော ဧရိယာခန့်မှန်းမှုကို အစုလိုက်မှားယွင်းသောပုံစံထဲရှိ ပုံမှန်ရောနှောမှုများ၏ ခန့်မှန်းချက်ဖြင့် အသုံးချမှု။" ပေါ်လစီသုတေသနအလုပ်စာစောင်စီးရီးများ ၆၉၆၂၊ ကမ္ဘာ့ဘဏ်။

ဖင်လ်မာ၊ ဒီ နှင့် အယ်လ်အိတ်ဂျ် ပရစ်ချက်။ "အသုံးစရိတ်အချက်အလက် သို့မဟုတ် ခွဲထုတ်မှုများမလုပ်ဘဲ ဖူလုံက ကြွယ်ဝမှုကို ခန့်မှန်းခြင်း - အိန္ဒိယရှိပြည်နယ်များ၏ ပညာရေးဆိုင်ရာအပ်နှံမှုများတွင် အသုံးချမှု။" လူဦးရေအကြောင်းအရာ ၃၈၊ နံပတ် ၁၁၅-၃၂ (၂၀၀၁)။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ IDEA၊ UNDP နှင့် UNOPS။ ၂၀၀၇။ *မြန်မာနိုင်ငံ၏ ပေါင်းစည်းအိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း - ဆင်းရဲနွမ်းပါးမှုအစီရင်ခံစာ*။ ဇွန် ၂၀၀၇။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ UNDP နှင့် IDEA။ ၂၀၁၀။ *ပေါင်းစည်းအိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း (၂၀၀၉-၂၀၁၀): နည်းပညာပိုင်းဆိုင်ရာအစီရင်ခံစာ*။ ဇွန် ၂၀၁၀။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ SIDA၊ UNDP နှင့် UNICEF။ ၂၀၁၁က။ *မြန်မာနိုင်ငံ၏ ပေါင်းစည်းအိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း (၂၀၀၉-၂၀၁၀): ဆင်းရဲနွမ်းပါးမှုအစီရင်ခံစာ*။ ဇွန် ၂၀၁၁။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ SIDA၊ UNDP နှင့် UNICEF။ ၂၀၁၁ခ။ *မြန်မာနိုင်ငံ၏ ပေါင်းစည်းအိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း (၂၀၀၉-၂၀၁၀): နည်းပညာပိုင်းဆိုင်ရာအစီရင်ခံစာ*။ ဇွန် ၂၀၁၁။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ SIDA၊ UNDP နှင့် UNICEF။ ၂၀၁၁ဂ။ *မြန်မာနိုင်ငံ၏ ပေါင်းစည်းအိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း (၂၀၀၉-၂၀၁၀): အရည်အသွေးဆိုင်ရာအစီရင်ခံစာ*။ ဇွန် ၂၀၁၁။

ဟော်တန်၊ ဂျိုနတန် ဟင်နရီ နှင့် ရှာဟီဒါ အာ ခန်ခါ။ ၂၀၀၉။ *ဆင်းရဲနွမ်းပါးမှုနှင့် မညီမျှမှု လက်စွဲစာအုပ်*။ ဝါရှင်တန်ဒီစီ - ကမ္ဘာ့ဘဏ်။

ဂျော်လစ်ဖ်၊ ဒင်း။ ၂၀၀၁။ "အပြည့်အဝနှင့် အချိုးကျ ဆင်းရဲနွမ်းပါးမှုကို တိုင်းတာခြင်း - စစ်တမ်းပုံစံကို ခန့်မှန်းသောအိမ်ထောင်စုစားသုံးမှု၏ တုန့်ပြန်နိုင်စွမ်း။" လူမှုရေးနှင့် စီးပွားရေး တိုင်းတာမှု ဂျာနယ် အမှတ်စဉ် ၂၇၊ နံပတ် ၁-၂။

ကီဂျီးမား၊ ယိုကို နှင့် ပီတာ လန်ဂျူး။ ၂၀၀၃။ "၁၉၉၀နှစ်များအတွင်းက အိန္ဒိယရှိ ဆင်းရဲနွမ်းပါးမှု - ဒေသတွင်းရှုထောင့်။" ပေါ်လစီသုတေသနအလုပ်စာစောင် နံပတ် ၃၁၄၁။ ဝါရှင်တန်ဒီစီ - ကမ္ဘာ့ဘဏ်။

LIFT။ ၂၀၁၅။ အိမ်ထောင်စုစစ်တမ်း ၂၀၁၃။ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံမှု ရံပုံငွေ။

ကျန်းမာရေးဝန်ကြီးဌာန (နေ့စွဲမပါ)။ *အာဟာရဓာတ်ပါဝင်မှု သတင်းအချက်အလက် စာအုပ်ငယ်*။ အာဟာရဓာတ်ဌာနခွဲ၊ ကျန်းမာရေးဝန်ကြီးဌာန (MoH)။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် - နေပြည်တော်။

ငုယန်၊ အမ် စီ နှင့် အာ ဗန်ဒါဝိုက်။ ၂၀၁၆။ "နောက်ဆုံးရပုံစံကိုအသုံးပြု၍ ဆင်းရဲနွမ်းပါးမှု ခန့်မှန်းချက်များကို ပြုပြင်ခြင်း။" mimeo၊ ကမ္ဘာ့ဘဏ်။

ရာဗလီရမ်၊ မာတင်။ ၁၉၉၂။ "ဆင်းရဲနွမ်းပါးမှု နှိုင်းယှဉ်ချက်များ - အယူအဆများနှင့် နည်းလမ်းများ လမ်းညွှန်ချက်။" စာစောင်များ ၈၈၊ ကမ္ဘာ့ဘဏ် - နေထိုင်မှုအဆင့်အတန်း တိုင်းတာမှု။

ရာဗလီရမ်၊ မာတင်။ ၁၉၉၄။ *ဆင်းရဲနွမ်းပါးမှု နှိုင်းယှဉ်ချက်များ*။ စစ်မှန်သောနှင့် အသုံးချ စီးပွားရေး အခြေခံမှုများ ၅၆။ ချာ၊ ဆွစ်ဇာလန် - ဟာဝု ပညာရေးဆိုင်ရာ ထုတ်ဝေသူများ။

ရာဗလီရမ်၊ မာတင်။ ၂၀၀၁။ ဆင်းရဲနွမ်းပါးမှုမျဉ်းများ - လက်ရှိလုပ်ထုံးလုပ်နည်းများ၏ စီးပွားရေးအခြေခံများ။ ကမ္ဘာ့ဘဏ်၊ ဝါရှင်တန်ဒီစီ။

ရာဗလီရမ်၊ မာတင်။ ၂၀၁၅။ "ဆင်းရဲနွမ်းပါးမှု တိုင်းတာချက်များ၏ တုန်ပြန်နိုင်သော အတိုင်းအတာကို စမ်းသပ်ခြင်း။" စီးပွားရေးစာမူများ၊ ၁၃၇ (၂၀၁၅) ၈၈-၉၀။

ရာဗလီရမ်၊ မာတင်။ ၂၀၁၆။ *ဆင်းရဲနွမ်းပါးမှု၏ ဘောဂဗေဒ - ပေါ်လစီ၊ တိုင်းတာမှုနှင့် သမိုင်း*။ OUP ကတ်သလောက်၊ အောက်စဖို့ဒ်တက္ကသိုလ်ပုံနှိပ်၊ နံပတ် ၉၇၈၀၁၉၀၂၁၂၇၇၃၊ မေ။

ရာဗလီရမ်၊ မာတင် နှင့် ရှောင်ဟွာချန်း။ ၁၉၉၇။ "ဆင်းရဲနွမ်းပါးမှုနှင့် ဖြန့်ဝေမှု၏ လတ်တလော ပြောင်းလဲမှုများအကြောင်းကို စစ်တမ်းအချက်အလက်အသစ်များက မည်သည်ကို ဖော်ပြနိုင်သနည်း။" ကမ္ဘာ့ဘဏ်၏ စီးပွားရေးသုံးသပ်ချက်၊ ကမ္ဘာ့ဘဏ်အုပ်စု၊ အမှတ်စဉ် ၁၁(၂)၊ စာမျက်နှာ ၃၅၇-၈၂၊ မေ။

ရစ်ဒါ၊ ဂီရာတ် နှင့် ရောဘတ် မော်ဖစ်။ ၂၀၀၇။ "အချက်အလက်ပေါင်းစီးမှု၏ အီကိုနို မက်ထရစ်။" အီကိုနိုမက်ထရစ်၏ လက်စွဲစာအုပ်၊ ဂျိမ်းစ် ဂျေ ဟတ်မင်း နှင့် အက်ဝပ်ဒ် အီး လင်မာ၊ အမှတ်စဉ် ၆၊ အပိုင်း ခ၊ ၅၄၆၉-၅၅၄၇။ ဘောဂဗေဒ လက်စွဲစာအုပ်။ အမ်စတာဒမ် - မြောက်ဟော်လန်။ http://www.sciencedirect.com/science/article/pii/S1573441207060758

ရူဘင်၊ ဒေါ်နယ် ဘီ။ ၁၉၇၆။ "ပျောက်နေသောအချက်အလက်များနှင့် သုံးသပ်ချက်။" ဘိုင်အိုမက်တရီကာ ၆၃ (၃): ၅၈၁-၉၂။ doi:10.1093/biomet/63.3.581

ရူဘင်၊ ဒေါ်နယ် ဘီ။ ၁၉၈၇။ *စစ်တမ်းများရှိ မတုန့်ပြန်မှုအတွက် ကြိမ်ဖန်များစွာ အစားထိုးခန့်မှန်းတွက်ချက်ခြင်း*။ နယူးယောက်၊ NY: ဝီလီ။

ရူဘင်၊ ဒေါ်နယ် ဘီ။ ၁၉၉၆။ "၁၈+ နှစ်များပြီးနောက် ကြိမ်ဖန်များစွာ အစားထိုးခန့်မှန်းတွက်ချက်ခြင်း။" အမေရိကန်စာရင်းအင်းဆိုင်ရာအဖွဲ့အစည်း ဂျာနယ် ၉၁ (၄၃၄): ၄၇၃-၈၉။ doi:10.1080/01621459.1996.10476908

ရူဘင်၊ ဒေါ်နယ် ဘီ နှင့် နသန်နီရယ် ရှန်ကာ။ ၁၉၈၆။ "မသိကျိုးကျွန်ပြု၍ရသော တုန့်ပြန်မှုမရှိသည့် ရိုးရှင်းသော ကျပန်းနမူနာများမှ ကြားခံခန့်မှန်းမှုအတွက် ကြိမ်ဖန်များစွာ အစားထိုးခန့်မှန်းတွက်ချက်ခြင်း။" အမေရိကန်စာရင်းအင်းဆိုင်ရာအဖွဲ့အစည်း ဂျာနယ် ၈၁ (၃၉၄): ၃၆၆-၇၄။ doi:10.1080/01621459.1986.10478280

ရှစ်စ်၊ ဂျက်စီကာ နှင့် ရစ်ချတ် ရိုစန်ဘတ်။ ၂၀၁၁။ "အသေးစားချေးငွေ များသွားပါသလား။ အလွန်အကျွံ အကြွေးတင်မှု သက်သေအပေါ်စစ်တမ်းတစ်ခု။" CGAP အိုကေးရှင်းနယ် စာစောင်၊ နံပတ် ၁၉။ ဝါရှင်တန်ဒီစီ - ကမ္ဘာ့ဘဏ်။ http://documents.worldbank.org/curated/en/2011/09/15301673/too-much-microcredit-survey-evidence-over-indebtedness

ကမ္ဘာ့ဘဏ်။ ၂၀၁၄က။ *မြန်မာ - အပြောင်းအလဲကာလတွင် မျှဝေသောချမ်းသာကြွယ်ဝမှု မြှင့်တင်ခြင်းနှင့် ဆင်းရဲနွမ်းပါးမှု အဆုံးသတ်ခြင်း - တစ်နိုင်ငံလုံးကို စနစ်တကျပြင်ဆင်ရန် ဖော်ထုတ်လေ့လာခြင်း*။ ကမ္ဘာ့ဘဏ်အုပ်စု။

ကမ္ဘာ့ဘဏ်။ ၂၀၁၄ခ။ *လုပ်ငန်းစစ်တမ်း မြန်မာ ၂၀၁၄*။ www.enterprisesurveys.org/data/exploreeconomies/2014/myanmar

ကမ္ဘာ့ဘဏ်။ ၂၀၁၅က။ *မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာမှု*။ အောက်တိုဘာ ၂၀၁၅။

ကမ္ဘာ့ဘဏ်။ ၂၀၁၅ခ။ "မြန်မာပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးအရာများသို့ နိုင်ငံတော်အသုံးစရိတ်ကို ပြန်လည်ချိန်ညှိခြင်း - အများပြည်သူဆိုင်ရာအသုံးစရိတ် လေ့လာမှု။" ဝါရှင်တန်ဒီစီ၊ ကမ္ဘာ့ဘဏ်အုပ်စု။ http://documents.worldbank.org/curated/en/2016/03/26072851/realigning-union-budget-myanmar’s-development-priorities-public-expenditure-review

ကမ္ဘာ့ဘဏ်။ ၂၀၁၅ဂ။ "မျှဝေသောချမ်းသာကြွယ်ဝမှု မြှင့်တင်ခြင်းနှင့် ဆင်းရဲနွမ်းပါးမှု အဆုံးသတ်ခြင်းကို တိုင်းတာသော ချဉ်းကပ်မှုတစ်ခု - အမှာရည်မှန်းချက်များ၊ အယူအဆများနှင့် အချက်အလက်များ။" ပေါ်လစီသုတေသန အစီရင်ခံစာ။ ဝါရှင်တန်ဒီစီ၊ ကမ္ဘာ့ဘဏ်။

ကမ္ဘာ့ဘဏ်။ ၂၀၁၆။ *မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာမှု*။ မေ ၂၀၁၆။

ရိုရှီဒါ၊ နိဘူအို။ ၂၀၁၄။ " MI နှင့် ELL ကို နှိုင်းယှဉ်မှု - လက်တွေ့ကို အခြေခံသော ရလဒ်များ။" ကြိမ်ဖန်များစွာ အစားထိုးခန့်မှန်းတွက်ချက်ခြင်း၏ အထူးအခန်းများတွင် တင်ဆက်သောဆင်းရဲနွမ်းပါးမှုနှင့် မညီမျှမှုတိုင်းတာချက်နှင့် လေ့လာစိစစ်ချက် လုပ်ဆောင်မှုအုပ်စု၏ စာစောင်၊ ဝါရှင်တန်ဒီစီ၊ ဇွန် ၁၈။

# နည်းပညာပိုင်းဆိုင်ရာ နောက်ဆက်တွဲများ

# နည်းပညာပိုင်းဆိုင်ရာ နောက်ဆက်တွဲများ

အစီရင်ခံစာရှိ ဆင်းရဲနွမ်းပါးမှုအတိုင်းအတာများ၏ ပိုမိုကျယ်ပြန့်သော နည်းပညာပိုင်းဆိုင်ရာ အသေးစိတ်များကို ဖော်ပြထားပါသည်။ နောက်ဆက်တွဲ က ၁ သည် မြန်မာနိုင်ငံတွင် ဖော်ထုတ်ထားသော ယခင် ဆင်းရဲနွမ်းပါးမှု အတိုင်းအတာနှစ်စောင်တို့ကြားရှိ နည်းပညာဆိုင်ရာ ကွဲပြားမှုများကို အတွင်းကျကျ သုံးသပ်ထားပါသည်။ နောက်ဆက်တွဲ က ၂ သည် အချိန် ကာလတစ်လျှောက် ဆင်းရဲနွမ်းပါးမှုအလားအလာများကို အလေးပေးထား၍ ခိုင်မာချက်ဆန်းစစ်မှုအပြင် အဓိကရလဒ်များကိုပါ တင်ပြထားပါသည်။ နောက်ဆက်တွဲ က ၃ သည် အိမ်ထောင်စု စစ်တမ်းများ (IHLCA I, II နှင့် MPLCS) ထဲမှ မြို့နှယ်တစ်ခွင် လေ့လာ သုံးသပ်ချက်များကို ဖော်ပြထားပါသည်။ နောက်ဆက်တွဲ က ၄ သည် IHLCA နှင့် MPLCS ကြားရှိ မေးခွန်းများကို နှိုင်းယှဉ်ထားပါသည်။ နောက်ဆုံးအနေဖြင့် နောက်ဆက်တွဲ က ၅ သည် ခန့်မှန်းအစားထိုး ကျင့်သုံးချက်ကို အချိန်ကာလတစ်လျှောက် နှိုင်းယှဉ်နိုင်သော စားသုံးမှု စုစုပေါင်းကို မည်သို့ဖန်တီးတည်ဆောက်ရမည်ဟု အသေးစိတ်ရှင်းလင်း ချက်များကို ဖော်ပြထားပါသည်။

# နောက်ဆက်တွဲ က ၁

## မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးမှုတိုင်းတာချက် နည်းပညာပိုင်းဆိုင်ရာ ကွဲပြားခြားနားမှု

ဆင်းရဲနွမ်းပါးမှုကို မြန်မာနိုင်ငံတွင် ဆင်းရဲသူဟုဆိုရခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုး၏ အနည်းငယ်ကွဲပြားချက် ကို အခြေခံသည့် မတူညီသောနည်းစနစ်နှစ်ခုကိုသုံး၍ ယခင်က ခန့်မှန်းခဲ့ရာ ယင်းမှ ၂၀၀၉/၁၀ ခုနှစ်အတွက် ဆင်းရဲနွမ်းပါးမှု ခန့်မှန်းချက် နှစ်စောင် ရရှိခဲ့ပါသည်။ ဆင်းရဲနွမ်းပါးမှုကို ၂၀၀၄/၀၅ ခုနှစ်က ကောက်ယူရရှိထားသော စားသုံးမှု အသုံးစရိတ်များဖြစ်သည့် အချက်အလက်များကို အသုံးပြု၍ မြန်မာနိုင်ငံတွင် မူလက တိုင်းတာခဲ့ပါသည်။ မြန်မာနိုင်ငံ အစိုးရနှင့် ၎င်း၏ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် လူနေမှုအဆင့်အတန်းများကို တိုင်းတာနိုင်မည့် စားသုံးမှုအသုံးစရိတ်စုစုပေါင်းအား တည်ဆောက်နိုင်ခဲ့သည်။ နောက်ဆက်တွဲအနေဖြင့် ၂၀၀၄/၀၅ ခုနှစ်တွင် အနည်းဆုံး လိုအပ်ချက်များအပေါ် အခြေခံ၍ ဆင်းရဲနွမ်းပါးမှုမျဉ်းကို ခန့်မှန်းနိုင်ခဲ့ပါသည်။ ဤစံအမှတ်နှင့် နည်းပညာကို အသုံးပြု၍ ၂၀၀၄/၀၅ ခုနှစ်၏ ဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၃၂.၁ % ဖြစ်ပြီး နောက်ဆက်တွဲအနေဖြင့် ၂၀၀၉/ ၁၀ ခုနှစ်တွင် ၂၅.၆ ရာခိုင်နှုန်း သို့ (GOM et al, ၂၀၀၇ နှင့် GOM et al, ၂၀၁၁က) ကျဆင်းသွားခဲ့သည်။ ၂၀၀၉/၁၀ ခုနှစ် လူနေမှု အဆင့်အတန်းအပေါ် အခြေခံသည့် ဆင်းရဲနွမ်းပါးမှုခန့်မှန်းချက်သည် ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့ဘဏ်မှ အကြံပြုခဲ့ခြင်းဖြစ်သည်။ စားသုံးမှု ခြင်းတောင်းတစ်ခု တည်ဆောက်ရန်နှင့် အနည်းဆုံး လူနေမှုအဆင့်အတန်းတို့ကို သတ်မှတ်ရန် IHLCA-II မှ အချက်အလက်တို့ကို အသုံးပြု၍ ကမ္ဘာ့ဘဏ်သည် ၂၀၀၉/၁၀ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၃၇.၅ ရှိသည် (ကမ္ဘာ့ဘဏ်၊ ၂၀၁၄) ဟု ခန့်မှန်းခဲ့ပါသည်။

ယခင်ဆင်းရဲနွမ်းပါးမှုခန့်မှန်းချက် (၂) ရပ်မှာ တူညီသောအချက်အလက်များနှင့် တူညီသောအချိန်ကာလတို့အပေါ် အခြေခံပါသည်။ သို့သော် ခန့်မှန်းချက်များတွင် ဆင်းရဲသူဟုဆိုရခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက် အမျိုးမျိုးကွဲပြားခြားနားမှုမှအခြေခံပြီး ယင်းမှမတူညီသော ဆင်းရဲနွမ်းပါးမှုနှုန်းများ ထွက်ပေါ်လာပါသည်။ ခက်ခဲကြမ်းတမ်းသည့် အခြေအနေတွင် နေထိုင်နေရသော မြန်မာနိုင်ငံသားအရေအတွက်ကြောင့် အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ပြောင်းလဲမှု အနည်းငယ်ရှိခြင်းသည် ဆင်းရဲနွမ်းပါးမှုခန့်မှန်းချက်များ၌ ကြီးမားသည့် အပြောင်းအလဲများဆီသို့ ဦးတည်နိုင်ပါသည်။ ဆင်းရဲနွမ်းပါးမှုတိုင်းတာချက်တွင် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိရန် လိုအပ်ပြီး ဤနေရာ၌ ဆင်းရဲနွမ်းပါးမှု ခန့်မှန်းချက်များတွင် မတူကွဲပြားမှုတို့သည် အခြားသော ဆုံးဖြတ်ချက်တို့ကို ရောင်ပြန်ဟပ်စေသည်။ ဆင်းရဲနွမ်းပါးမှု ခန့်မှန်းချက်ဆိုင်ရာ ချဉ်းကပ်ပုံများဖြစ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့ (၂၀၀၇) နှင့် ကမ္ဘာ့ဘဏ် (၂၀၁၄) ကြားရှိ နည်းပညာ ကွဲပြားခြားနားမှုများအပေါ် အသေးစိတ်ဆွေးနွေးချက်ကို ဇယား က ၁.၁ တွင် ဖော်ပြထားပါသည်။

၂၀၀၉/ ၁၀ ခုနှစ်အတွက် ဆင်းရဲနွမ်းပါးမှုကိုခန့်မှန်းရာတွင် နည်းပညာတစ်ရပ်မှ ၂၅.၆ % ဟု ခန့်မှန်း၍ အခြားတစ်ရပ်မှ ၃၇.၅ % ဟု ခန့်မှန်းခဲ့ကြသည့် အကြောင်းရင်းကိုရှင်းလင်းနိုင်သော နည်းပညာဆိုင်ရာ အဓိကကွဲပြား ခြားနားမှု သုံးရပ် ရှိပါသည်။

ပထမဆုံးကွဲပြားခြားနားမှုသည် လူနေမှုအဆင့်အတန်းတွက်ချက်ရန်အတွက် အခြေတည်နှစ်နှင့် ဆင်းရဲနွမ်းပါးမှုဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်တို့ကို ထင်ဟပ်ပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့(၂၀၀၇) နည်းပညာသည် ၂၀၀၄/၀၅ ခုနှစ်တွင် ဆင်းရဲသောနိုင်ငံသားများ စားသုံးခဲ့သည့် ကုန်ပစ္စည်းခြင်းတောင်း basket ပေါ်တွင် အခြေပြုထားပြီး ကမ္ဘာ့ဘဏ်၏ နည်းပညာမှာမူ ၂၀၀၉/၁၀ ခုနှစ်တွင် စားသုံးခဲ့သည့် ကုန်ပစ္စည်းခြင်းတောင်း basket ပေါ်တွင်အခြေပြုပါသည်။ ကမ္ဘာ့ဘဏ်မှ ရွေးချယ်သည့် အခြေတည်နှစ်သည် အကဲဖြတ်မှုပြုလုပ်မည့် အချိန်တွင်ရရှိသည့် နောက်ဆုံးရအချက်အလက်များ အသုံးပြုခြင်းကို ထင်ဟပ်စေပါသည်။

GOM et al (၂၀၀၇) နှင့် ကမ္ဘာ့ဘဏ် (၂၀၁၄) နည်းလမ်းများကြားရှိ ဒုတိယမြောက် ကွဲပြားခြားနားမှုမှာ နည်းပညာဆိုင်ရာ ရွေးချယ်မှုဖြစ်ပြီး အထူးသဖြင့် အရွယ်ရောက်ပြီးသူ မျှခြေပမာဏကို အသုံးပြုသည့်ပုံစံမှာ ကွဲပြားသည်။ ရရှိလာသည့် ဆင်းရဲနွမ်းပါးမှုနှုန်းများကြား အရေးအကြီးဆုံး ကွဲပြားခြားနားမှုမှာ အိမ်ထောင်စုအသုံးစရိတ်များမှ တစ်ဦးချင်း အသုံးစရိတ်များသို့ ညှိနှိုင်းပြင်ဆင်ချက်ပင်ဖြစ်သည်။ အိမ်ထောင်စု စစ်တမ်းများသည် အိမ်ထောင်စုအဆင့်၌ စုစုပေါင်းစားသုံးမှုကို ရယူထားသည်။ အိမ်ထောင်စုမှ တစ်ဦးချင်း လူမှုဖူလုံရေးသို့ ရွေ့လျားတိုင်းတာရာတွင် အဆင့် (၂) ဆင့်လိုအပ်ပါသည်။ (၁) ကွဲပြားခြားနားသော လူဦးရေဆိုင်ရာ စာရင်းအချက်အလက်များ လိုအပ်မှုကိုဖော်ပြပေးမည့် မျှခြေဘောင်တစ်ခု ရွေးချယ်ခြင်းနှင့် (၂) ညှိနှိုင်းပြင်ဆင်မှုပြုလုပ်ပြီးနောက် ဆင်းရဲနွမ်းပါးမှုမျဉ်းကို ထိန်းညှိရန် စံပုံစံ ပြန်ဖြစ်စေမှု (Normalization) ကို အသုံးပြုခြင်း (Deaton and Zaidi, ၂၀၀၂; Ravallion ၂၀၁၅) တို့ပါဝင်သည်။

ဤအဆင့်နှစ်ဆင့် နည်းလမ်းကိုအသုံးပြု၍ အရွယ်ရောက်ပြီးသူမျှခြေပမာဏကြားရှိ ကွဲပြားခြားနားမှုတို့သည် ဆင်းရဲနွမ်းပါးမှုအဆင့်ကို သက်ရောက်မှုမရှိစေသင့်သော်လည်း ယင်းအစားလေ့လာချက်ကိုမူ သက်ရောက်စေသင့်ပါသည်။ သို့သော် စံပုံစံဖြစ်အောင်ပြုလုပ် ခြင်းဖြစ်စဉ်မရှိသည့်အခါတွင် ခန့်မှန်းဆင်းရဲနွမ်းပါးမှုသည် မျှခြေပမာဏကို အသုံးပြုခြင်း (Ravallion, ၂၀၁၅) ကြောင့် ကျဆင်းသွားသည်။ ဥပမာအားဖြင့် အရွယ်ရောက်ပြီးသူများထက် ကလေးသူငယ်တို့၏လိုအပ်ချက်ကို လျော့ပါးသွားစေသည့် မျှခြေပမာဏကို အသုံးပြုခြင်းဖြင့် ကလေးသူငယ်တို့ရှိသည့်အိမ်ထောင်စုများသည် အရွယ်ရောက်ပြီး သူများသာပါဝင်သည့် အိမ်ထောင်စုများထက်ပို၍ ကောင်းကျိုးခံစားရနိုင်ဖွယ်ရှိပါသည်။ အထက်တွင် ဖော်ပြထားသည့် နည်းပညာများကြားရှိ အဓိကကွဲပြားခြားနားမှုမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့ (၂၀၀၇) မှထွက်ပေါ်လာသည့် ယခင်ခန့်မှန်းချက်များတွင် ပထမအဆင့်ကိုသာ အသုံးပြုခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့ (၂၀၀၇) နှင့် ကမ္ဘာ့ဘဏ် (၂၀၁၄) နည်းလမ်းများကြားရှိ နောက်ဆုံးကွဲပြားခြားနားမှုမှာ အစားအစာ စားသုံးမှုဘောင်များ ရွေးချယ်မှုကို ထင်ဟပ်ပါသည်။ ကမ္ဘာ့ဘဏ် (၂၀၁၄) ၏ အစားအစာခြင်းတောင်း basket သည် အိမ်ထောင်စုတို့မှ သတ်မှတ်မှီငြမ်းကာလတစ်လျှောက် တင်ပြသည့် စားသုံးမှု စုစုပေါင်းပမာဏအပေါ် အခြေခံထားပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့ (၂၀၀၇) ကမူ သတ်မှတ်မှီငြမ်းကာလတစ်လျှောက် ကိုယ်ပိုင်ထုတ်လုပ် စားသုံးခြင်းနှင့် အလားတူ အခြေအနေမှ ရရှိသော ထုတ်ကုန်များကို စားသုံးခြင်းနှင့် ဝယ်ယူထားသည့် စုစုပေါင်းပမာဏအား ပေါင်းထည့်ခြင်းတို့အပေါ် အခြေခံသည်။ အကယ်၍ (၁) အိမ်ထောင်စုတစ်စုသည် ကိုယ်ပိုင်ထုတ်လုပ်ခြင်း/ အလားတူထုတ်လုပ်ခြင်းမှ လုံးဝ အမှီပြု၍ စားသုံးပါက (သို့) (၂) အိမ်ထောင်စုတစ်စုသည် မှီငြမ်းကာလအတွင်း ဝယ်ယူထားသည့် စုစုပေါင်းပမာဏကို စားသုံးပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အဖွဲ့(၂၀၀၇) တိုင်းတာမှုမှာ နည်းပညာအားဖြင့် သတ်မှတ်ကာလတစ်လျှောက် စုစုပေါင်းစားသုံးမှုကို တူညီစေနိုင်သည်။ သို့ရာတွင် ဆန်နှင့်ဆီကဲ့သို့ ပမာဏများများဖြင့် ဝယ်ယူထားသော မပျက်သုန်းနိုင်သည့်ပစ္စည်းများသည် ပြည့်ဝစွာစားသုံး ရန်ဖြစ်နိုင်ခြေ မရှိသောကြောင့် ပျမ်းမျှဖြစ်ရပ်တစ်ခု မဖြစ်နိုင်ပါ။ ယင်းပစ္စည်းများကို ယခင်ဝယ်ယူထားသည်တို့အား သိမ်းဆည်း၍ ပြန်လည်ထုတ်ယူခြင်းဖြင့် ထုတ်ယူစားသုံးနိုင်ပြီး မဝယ်ယူနိုင်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့(၂၀၀၇) ၏ အစားအသောက်စားသုံးမှုတိုင်းတာချက်နှင့် အိမ်ထောင်စုတို့မှ အစီရင်ခံသည့် အစားအသောက် စားသုံးမှုတို့ ကြားကွဲပြားခြားနားမှုအချို့ကို မျှော်မှန်းထားရခြင်းဖြစ်သည်။

ဇယား က ၁.၁

မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုကိုခန့်မှန်းရန် နည်းပညာပိုင်းဆိုင်ရာချဉ်းကပ်မှုများ

| အစိတ်အပိုင်း | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရနှင့် အဖွဲ့(၂၀၀၇) | ကမ္ဘာ့ဘဏ် (၂၀၁၄) |
|---|---|---|
| **အစားအစာအတွက် ကုန်ကျစရိတ်များ** | | |
| စားသုံးခဲ့သည့်အရေအတွက်များ | လွန်ခဲ့သည့် (၇/၃၀) ရက်အတွင်း ကိုယ်ပိုင် ထုတ်လုပ်မှု (နှင့်) ယင်းကဲ့သို့ ထုတ်လုပ်မှုတို့မှ စားသုံးခဲ့သော စုစုပေါင်းဝယ်ယူခဲ့သည် တို့ပေါ် အခြေခံ၍။ | လွန်ခဲ့သည့် (၇/၃၀) ရက်အတွင်း စားသုံးခဲ့သည့် အစားအစာစုစုပေါင်းပေါ် အခြေပြု၍။ |
| ဈေးနှုန်းများ | အိမ်ထောင်စုအဆင့်၌ (တန်ဖိုးရှိသော သတ်မှတ် တက်ရိပ်များ ပျောက်ဆုံးနေသည့်) ခန့်မှန်းယူနစ်တန်ဖိုးများ။ | အိမ်ထောင်စုအဆင့်၌ (တန်ဖိုးရှိသော သတ်မှတ် တက်ရိပ်များ ပျောက်ဆုံးနေသည့်) ခန့်မှန်းယူနစ်တန်ဖိုးများ။ |
| ပါဝင်သည့်/ ဖယ်ချန်ထားသည့် ပစ္စည်းများ | အရက်ကိုဖယ်ချန်ထား။ အခြားရေတွက်၍မရသော ပစ္စည်းများဖယ်ချန်ထား။ | အရက်ပါဝင်။ အခြားရေတွက်၍မရသော ပစ္စည်းများပါဝင်။ |
| **အစားအစာအတွက် မဟုတ်သည့် ကုန်ကျစရိတ်များ** | | |
| ကျန်းမာရေး | ဖယ်ချန်ထား။ ကျန်းမာရေးအသုံးစရိတ် ဆန့်ကျံ့သတ္တိ = ၀.၉၉၃။ | ပါဝင်သည်။ ကျန်းမာရေးအသုံးစရိတ် ဆန့်ကျံ့သတ္တိ = ၀.၉။ |
| ပညာရေး | ပါဝင်သည်။ ကျူရှင်အသုံးစရိတ်များကို ဖယ်ချန်ထား။ | အသုံးစရိတ်အားလုံး ပါဝင်သည်။ |
| တာရှည်ခံသည့်ပစ္စည်းများ | IHLCA-I ကိုအသုံးပြုသည့်ခန့်မှန်းထား သော တန်ဖိုးလျော့ကျနှုန်း များသည် အပေါင်းလက္ခဏာ အဖြစ် တွေ့ရှိရသည်။ | ပါဝင်သည်။ ၂၀၁၀ခုနှစ် ဇီယက်နမ်တွင်ခန့်မှန်း ထားသည့် တန်ဖိုးလျော့ကျနှုန်းများကို အသုံးပြုထားသည်။ |
| အိမ်ရာစီမံကိန်း | ပါဝင်သည်။ အိမ်ငှားရမ်းခများကို OLS အခြေခံ၍ ခန့်မှန်းခြင်း။ | ပါဝင်သည်။ အိမ်ငှားရမ်းခများကို OLS အခြေခံ၍ ခန့်မှန်းခြင်း။ |
| **ဆင်းရဲနွမ်းပါးမှုမျဉ်း ခန့်မှန်းချက်** | | |
| နည်းလမ်း | အခြေခံလိုအပ်ချက်များအတွက် ကုန်ကျစရိတ် | အခြေခံလိုအပ်ချက်များအတွက် ကုန်ကျစရိတ် |
| အသုံးပြုသည့် ဈေးနှုန်းများ | သတ်မှတ် | သတ်မှတ် |
| ကယ်လိုရီ | ၂၃၄၀ | ၂၃၀၀ |
| **အရွယ်ရောက်ပြီးသူတို့၏မျှခြေ** | | |
| မျှခြေပမာဏ | အစားအစာ - alpha = (၀ - ၁၄) နှစ်အတွက် ၀.၇၊ အရွယ်ရောက်ပြီးသူ အမျိုးသမီးများအတွက် ၀.၉။ အစားအစာမဟုတ်သည့် ပစ္စည်း (၀ - ၁၄) နှစ်အတွက် alpha = ၀.၃။ | အစားအစာနှင့် အစားအစာမဟုတ်သည့် ပစ္စည်း (၀ - ၆) နှစ်အတွက် alpha = ၀.၅။ |
| Economies of scale | Theta = ၀.၉ | Theta = ၁ (economies of scale မရှိ) |
| စံပုံစံပြန်ဖြစ်ခြင်း ဖြစ်စဉ် | မရှိ။ | ရှိ။ |
| **အကြားအလပ်ရှိသည့် ဈေးနှုန်း လျော့ကျမှု** | | |
| အသုံးပြုထားသည့်ဈေးနှုန်းများ | အစားအစာ | အစားအစာနှင့် အစားအစာမဟုတ် သည့်ပစ္စည်း |
| နည်းလမ်း | Paasche ညွှန်းကိန်းနှင့် အိမ်ထောင်စုအဆင့်။ | ဆင်းရဲနွမ်းပါးမှုမျဉ်း အချိုး၊ ဇုန်နှင့် မြို့ပြအဆင့်။ |

# နောက်ဆက်တွဲ က ၂

## မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုအလားအလာများ တည်ဆောက်ရန် အသုံးပြုသည့် နည်းလမ်းများ ခြုံငုံတင်ပြချက်

## က ၂.၁ နည်းပညာဆိုင်ရာဖြစ်ရပ်များ

ဤဆင်းရဲနွမ်းပါးမှုတိုင်းတာချက်၏ အဓိကရည်မှန်းချက်သည် ၂၀၀၄/၀၅ ခုနှစ် ၊ ၂၀၀၉/၁၀ ခုနှစ် နှင့် ၂၀၁၅ ခုနှစ်တို့အကြား ဆင်းရဲနွမ်းပါးမှု အဆင့်ဆင့်တိုးတက်ပြောင်းလဲမှုများကို စစ်ဆေးကြည့်ရှုရန်ဖြစ်သည်။ အချိန်ကာလတစ်လျှောက် ဆင်းရဲ နွမ်းပါးမှုခန့်မှန်းချက်များကို နှိုင်းယှဉ်ရာတွင် စည်းမျဉ်း (၂) ရပ် လိုအပ်ပါသည်။ (၁) ၂၀၀၄/၀၅ ခုနှစ်၊ ၂၀၀၉/ ၁၀ ခုနှစ် နှင့် ၂၀၁၅ ခုနှစ်ကြား နှိုင်းယှဉ်နိုင်သည့် လူမှုဖူလုံရေးတိုင်းတာမှုနှင့် (၂) စားဝတ်နေရေး ဈေးနှုန်းများ ပြောင်းလဲလာခြင်းအတွက် သင့်လျော်သည့် ပြုပြင်မှုများပြုလုပ်၍ အချိန်ကာလအလိုက် မွမ်းမံပြင်ဆင်ထားသည့် (ဆင်းရဲနွမ်းပါးမှုမျဉ်း) စံအတိုင်းအတာ တို့ဖြစ်သည်။

လူမှုဖူလုံရေးအတိုင်းအတာများမှာ အသုံးပြုသည့်မေးခွန်းပုံစံကိုလိုက်၍ ထိခိုက်လွယ်သည်။ မြန်မာနိုင်ငံရှိ နေထိုင်မှု အခြေအနေများကိုသိရှိရန် အသုံးပြုသည့် မေးခွန်းပုံစံများသည် အချိန်ကာလတစ်လျှောက် ပြောင်းလဲခဲ့ပြီးဖြစ်သည်။ ၎င်းပုံစံ ပြောင်းလဲမှုများသည် စစ်တမ်းနည်းပညာတိုးတက်မှုများကို ထင်ဟပ်သည့်အချိန်တွင် ၎င်းတို့သည် နှိုင်းယှဉ်နိုင်မှု၏ကြီးမားသောစရိတ်ဖြင့်လာသည်ကို မှတ်သားထားသင့်သည်။ ထို့ကြောင့် အချိန်ကာလတစ်လျှောက် မေးခွန်းများ ပြောင်းလဲပြင်ဆင်ခြင်းမှရမည့် မည်သည့် အကျိုးကျေးဇူးကိုမဆို အချိန်ကာလတစ်လျှောက် လျော့ကျသွားမည့် နှိုင်းယှဉ်နိုင်မှု၏ စရိတ်ဖြင့် ချိန်ထိုး၍ သေချာစဉ်းစား သုံးသပ်သင့်သည်။

၂၀၀၄/၀၅ ခုနှစ်အတွက် ဆင်းရဲနွမ်းပါးမှုခန့်မှန်းချက်များတွင် IHLCA-I မေးခွန်းဖြင့် မေးမြန်းထားသည့် စားသုံးမှု အတိုင်းအတာများပါဝင်ပြီး ကွင်းဆင်းဆောင်ရွက်သည့် ကာလမှာ ၂၀၀၄ ခုနှစ် နိုဝင်ဘာ-ဒီဇင်ဘာ နှင့် ၂၀၀၅ ခုနှစ် မေလ ဟူ၍ အချိန်နှစ်ပိုင်း ဖြစ်သည်။ ၂၀၀၉/၁၀ ခုနှစ်အတွက် ဆင်းရဲနွမ်းပါးမှုခန့်မှန်းချက်များမှာ ကျယ်ပြန့်၍နှိုင်းယှဉ် နိုင်သည့် မေးခွန်းပုံစံ (IHLCA-II) ကို အသုံးပြုထားပါသည်။ IHLCA-I နှင့် IHLCA-II ကြားတွင် ပုံစံကွာခြားချက်အချို့ရှိ၍ ဤစစ်တမ်းများမှရရှိသည့် စားသုံးမှုစုစုပေါင်းနှိုင်းယှဉ်နိုင်စွမ်းအပေါ် သက်ရောက်နိုင်သည်။ သို့သော် စစ်တမ်းနှစ်ခုစလုံးမှာမူ ကျယ်ကျယ်ပြန့်ပြန့် နှိုင်းယှဉ်နိုင်ပါသည်။ IHLCA-II ကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ၊ ၂၀၁၀ခုနှစ် ဇန်နဝါရီနှင့် ၂၀၁၀ ခုနှစ် မေလတို့တွင် ရေတွက်ထားခြင်းဖြစ်သည်။ ၂၀၁၅ခုနှစ်အတွက် ဆင်းရဲနွမ်းပါးမှု ခန့်မှန်းချက်များမှာမူ MPLCS မေးခွန်းပုံစံမှရရှိခြင်းဖြစ်သည်။ မေးခွန်းပုံစံ (၃) ခုစလုံးသည် အနည်းငယ်သာ ကွဲပြားခြားနားကြပါသည်။ သို့သော် ထိတွေ့နိုင်သည့် နည်းလမ်းများအနေဖြင့် သုံးစွဲမှုစုစုပေါင်းအတိုင်းအတာနှင့် ဆင်းရဲနွမ်းပါးမှု ခန့်မှန်းချက်တို့အတွက် အကျိုးသက်ရောက်မှု ရှိနိုင်ပါသည်။

ဤကဏ္ဍတွင် ကျွန်ုပ်တို့အနေဖြင့် MPLCS၊ IHLCA-I နှင့် IHLCA-II တို့ကြားရှိ နှိုင်းယှဉ်နိုင်စွမ်းရှိသည့် အဓိကဖြစ်ရပ် များကိုဖော်ပြထားသည်။ ယင်းတို့သည် အချိန်ကာလအလိုက် စုစုပေါင်းစားသုံးမှုနှင့် ဆင်းရဲနွမ်းပါးမှု၏တိုင်းတာထားသော အပြောင်းအလဲတို့ကို အကျိုးသက်ရောက်နိုင်ခြေရှိသည်။ ပထမဆုံးအားဖြင့် ကျွန်ုပ်တို့သည် မေးခွန်းဒီဇိုင်းကို စစ်ဆေးပြီးနောက် နမူနာများကိုပြန်လည်၍ စစ်ဆေးပါသည်။ နောက်ဆုံးမှသာ ဆင်းရဲနွမ်းပါးမှုတိုင်းတာချက်တွင် ဆိုလိုချက်များကိုဆွေးနွေးပါသည်။ နှိုင်းယှဉ်၍ရသော ဆင်းရဲနွမ်းပါးမှု ခန့်မှန်းချက်များ ရေးသားရာတွင် အသုံးပြုသည့် ယုတ္တိကျနည်းလမ်းဖြင့် ချဉ်းကပ်မှုသည် နမူနာ၏ ကွဲပြားခြားနားချက်များကို မကျော်လွှားနိုင်ပါ။ သို့သော် မေးခွန်းပုံစံ၏ ကွဲပြားခြားနားမှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် တန်ဖိုးရှိသည့် နည်းတစ်ရပ်ဖြစ်သည်။

## က ၂.၁.၁ မေးခွန်းတည်ဆောက်မှု၏ ကွဲပြားခြားနားမှုများ

အစားအစာစားသုံးမှုဆိုင်ရာ မေးခွန်းများ၏ပုံစံကို အနည်းငယ် ပြုပြင်ပြောင်းလဲခြင်းသည် အစားအစာစားသုံးမှုကို တိုင်းတာရာတွင် ကြီးမားသည့်အကျိုးသက်ရောက်မှုရှိသည်ကို သရုပ်ဖော်ပြသခဲ့ပြီးဖြစ်သည် (ဥပမာအားဖြင့် Beegle et al., ၂၀၁၂ တွင်ကြည့်ပါ)။ ဤဖြစ်ရပ်ကို ဖော်ပြနေသည့် သုတေသနစာတမ်း၏ အဆုံးသတ်၌မူ စားသုံးမှုအကြောင်း မေးမြန်းမည့် နောက်ခံမေးခွန်းများပြောင်းလဲသွားပါက ဆင်းရဲနွမ်းပါးမှုသည် အချိန်ကာလအလိုက် ပြောင်းလဲမှုရှိသည်၊ မရှိသည်အား ဖော်ပြရန်မှာခက်ခဲသွားနိုင်ကြောင်းဖြင့် နိဂုံးချုပ်ထားပါသည်။ ဇယားကွက် က ၁ တွင် မေးခွန်းဒီဇိုင်းပြောင်းလဲလိုက်မှုက အစားအစာစားသုံးမှုတင်ပြချက်နှင့် ဆင်းရဲနွမ်းပါးမှုတိုင်းတာချက်အပေါ် မည်မျှလွှမ်းမိုးနိုင်ကြောင်း သက်သေသာဓကကို ဖော်ပြထားသည်။

MPLCA တွင် IHLCA ၏ အစားအစာနှင့် အစားအစာမဟုတ်သည့်အမျိုးအမည်များ၏ အခြေခံတည်ဆောက်ပုံကို တွေ့ရသော်လည်း ပုံစံကွဲပြားခြားနားမှုက စစ်တမ်းနည်းပညာ၏ နောက်ဆုံး အချက်အလက်များကို ထင်ဟပ်ရန် မိတ်ဆက်ပေးသည်။ ထို့ပြင် စားသုံးမှုတွင် အသုံးပြုမည့် မော်ဂျူးအတိုင်းအတာကိုလျှော့ချရန် ပစ္စည်းအမျိုးအမည် အရေအတွက်ကို အနည်းငယ်လျှော့ထားပြီးဖြစ်သည်။ ဤကဏ္ဍတွင် ပြောင်းလဲမှုများကို ပို၍အသေးစိတ်ကျစွာ ဖော်ပြပေးထားသည်။ စုစုပေါင်းစားသုံးမှုရရှိစေမည့်မေးခွန်းများ တစ်ပိုင်းပြီးတစ်ပိုင်းပြုလုပ်ထားသည့် စစ်တမ်းများတွင် ယင်းပြောင်းလဲမှုများ အကြောင်းကို မိတ်ဆက်ရှင်းလင်းထားပြီးဖြစ်သည်။

### စုစုပေါင်းအစားအစာ

MPLCS ၏မေးခွန်းနှင့် ကွင်းဆင်းအကောင်အထည်ဖော်မှုသည် IHLCA နှင့် နည်းနည်းစီများစွာ ကွာခြားသော်လည်း အရေးကြီးနိုင်သည့်နည်းလမ်းများဖြစ်ကြသည်။ (၁) ပစ္စည်းများ၏ ပေါင်းစည်းမှု၊ (၂) စားသုံးသည့်ပစ္စည်းများအတွက် ရုတ်သိမ်းသည့်ကာလတို့ကို ပြောင်းလဲလိုက်ခြင်းနှင့် (၃) ဝယ်ယူမည့်ပစ္စည်းများ[18] အတွက် ပုံသေပြန်လည်သိမ်းဆည်းသည့်ကာလမှ လွတ်လပ်မှုရှိသည့် ကာလသို့ ပြောင်းလဲလိုက်ခြင်းတို့ဖြစ်သည်။

(၁) **အစားအစာပစ္စည်းများပေါင်းစည်းမှု** - IHLCA-I ၏ပစ္စည်းစာရင်းတွင် အစားအစာ (၁၈၆) မျိုးပါဝင်ပြီး IHLCA-II တွင်မူ အစားအစာ (၂၂၈) မျိုးပါဝင်သည်။ MPLCS ပစ္စည်း စာရင်းတွင် အစားအစာ (၁၈၄) မျိုး ပါဝင်သည်။ ဖယ်ချန်ခဲ့သည့် အစားအစာပစ္စည်း များမှာ အိမ်ထောင်စု (၂) ရာခိုင်နှုန်း ထက်နည်းသည့် အရေအတွက်ကသာ စားသုံးနေ ကြ သည့်ပစ္စည်းများဖြစ်ပြီး ယင်း (၂) ရာခိုင်နှုန်း တွင်ပင် စားသုံးမှုမှာ (၅) ရာခိုင်နှုန်း ထက်ပို၍လျော့နည်းကြောင်း တွေ့ရသည်။ ဇယား က ၄.၂ တွင် IHLCA-II တွင် ပါဝင်သည့် ပစ္စည်းများရှိနေသော်လည်း MPLCS စုစုပေါင်းမှ ဖယ်ချန်ထားပါသည်။ အစားအစာ စုစုပေါင်း၏ဝေစုတွင် ရှင်းပြထားသည့် ပစ္စည်းတစ်ခုချင်းကို ဖော်ပြထားသည်။ အတူတကွပေါင်းလိုက်ပါက ဤပစ္စည်းများသည် ခြင်းတောင်း စုစုပေါင်း ကယ်လိုရီ ၏ ၀.၆၄၇ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်။ ဖယ်ချန်ထားသည့်ပစ္စည်းများကြားတွင် ခြင်းတောင်းအတွင်း ကယ်လိုရီအများဆုံးပါဝင်မှုမှာ နေကြာဆီ ဖြစ်၍ ကယ်လိုရီ စုစုပေါင်း၏ ၀.၁၄ ရာခိုင်နှုန်း ရှိပါသည်။ နှိုင်းယှဉ်ကြည့်ပါက ဆန်သည်လည်း ပျမ်းမျှ အားဖြင့် ကယ်လိုရီစုစုပေါင်း၏ ၅၉ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်။

(၂) **ပျက်စီးနိုင်သည့်ပစ္စည်း (၄၆) မျိုးအတွက် ရုတ်သိမ်းသည့်ကာလကို ရက် ၃၀ မှ ၇ ရက်အထိ လျှော့ချခြင်း** - ပို၍တိုတောင်းသောရုတ်သိမ်းသည့်ကာလသည် စားသုံးမှုအတိုင်းအတာကို မြင့်တက်စေနိုင်ပါသည်။ ထို့ကြောင့် ယင်းပစ္စည်း (၄၆) မျိုးကို နေ့စဉ်စားသုံးသည့်အတိုင်းအတာ မြင့်တက်လာခြင်းတွင် ရုတ်သိမ်းမှုကာလကွဲပြားခြားနားမှုများကြောင့် ဘက်လိုက်မှုများမြင့်တက်လာနိုင်သည်။

18 မေးခွန်းထဲရှိ အစားအစာနှင့် အစားအစာမဟုတ်သည့် အမျိုးအမည်များ၏ ပြောင်းလဲမှု ခြုံငုံဖော်ပြချက် အသေးစိတ်ကို နောက်ဆက်တွဲ က ၄ တွင် တွေ့နိုင်ပါသည်။

(၃) **ပစ္စည်းဝယ်ယူမှုအားတင်ပြရန်အတွက် ပုံသေရုတ်သိမ်းသည့်ကာလမှ လွတ်လပ်သည့် ရုတ်သိမ်းကာလဆီသို့ ပြောင်းလဲလိုက်ခြင်း** - ဤပြောင်းလဲမှု၏ကောင်းကျိုးမှာ အိမ်ထောင်စု အဆင့် ဈေးနှုန်းများကို ပို၍သိရှိလာစေခြင်းဖြစ်သည်။ သို့သော် ဤမေးခွန်းက ၂၀၀၄/၀၅ ခုနှစ် နှင့် ၂၀၀၉/၁၀ ခုနှစ်မှ တရားဝင်ဆင်းရဲနွမ်းပါးမှုခန့်မှန်းချက်များကို အခြေခံသည့် အစားအစာစုစုပေါင်း၏ အစိတ်အပိုင်း တစ်ခုဖြစ်သောကြောင့် ဤပြောင်းလဲမှုသည် တိုက်ရိုက်နှိုင်းယှဉ်နိုင်သော အချက်အလက်များဆုံးရှုံးမှုကို ဖြစ်ပေါ်စေသည်။

IHLCA-II ၏မေးခွန်းပုံစံများတွင် အိမ်ထောင်စုစားသုံးမှုကိုသိရှိလာစေမည့် မေးခွန်း (၃) ခု နှင့် ဝယ်ယူမှု တို့ကိုသိရှိ လာစေမည့် မေးခွန်း(၁)ခု ပါဝင်ပါသည်။ ၎င်းတို့မှာ (၁) ပြီးခဲ့သည့် ရက် ၃၀/ ၇ ရက်အတွင်းက စားသုံးခဲ့သည့် အရေအတွက်၊ (၂) ငွေသားဖြင့် ဝယ်ယူခဲ့သည့် အစားအစာ ပစ္စည်းများ၏ တန်ဖိုးနှင့် အရေအတွက်၊ (၃) လဲလှယ်မှုစနစ်၊ လက်ဆောင်ရခြင်းနှင့် ငွေချေးယူမှု တို့မှ ရရှိခဲ့သည့်အရေအတွက်နှင့် (၄) အိမ်တွင်း ထုတ်လုပ်မှုမှ စားသုံးခဲ့သည့် အရေအတွက်တို့ဖြစ်သည်။ ၂၀၀၄/၀၅ ခုနှစ်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နှင့်အဖွဲ့ (၂၀၀၇) ဆင်းရဲနွမ်းပါးမှုစာရင်းအင်း၏ စားသုံးမှု စုစုပေါင်း (IHLCA-I မှ အချက်အလက်များကို အခြေခံ၍) တွင် အစိတ်အပိုင်း (၂)၊ (၃) နှင့် (၄) တို့ ပါဝင်သည်။ ဝယ်ယူတန်ဖိုးအပါအဝင် ယူဆချက်တစ်ခုမှာ အိမ်ထောင်စုတစ်ခုသည် ဤထုတ်ကုန်တို့၏ စုစုပေါင်းတန်ဖိုးကို ရုတ်သိမ်းသည့်ကာလ (၇) ရက်မှ ရက် (၃၀) အတွင်း စားသုံးခဲ့ကြောင်း ဟူ၍ဖြစ်သည်။ MPLCS စစ်တမ်း တွင်မူ မေးခွန်း (၁)၊ (၂) နှင့် (၃) မျှသာ ပါဝင်သည်။ ဤ ပြောင်းလဲမှုသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့ (၂၀၁၀) နည်းလမ်းကို အသုံးပြုထားသည့် MPLCS စားသုံးမှု စစ်တမ်းအစိတ်အပိုင်းဖြင့် တိုက်ရိုက်ထုတ်ယူထားသည့် နှိုင်းယှဉ်နိုင်သော မည်သည့်စားသုံးမှုစုစုပေါင်းကိုမဆို အကျိုးသက်ရောက်စေသည်။

## အစားအစာမဟုတ်သည့် အစိတ်အပိုင်းများ စုစုပေါင်း

အစားအစာမဟုတ်သည့် အစိတ်အပိုင်းများအတွက် ပြောင်းလဲမှုများကို အမျိုးအစား (၃) ခုဖြင့် အကျဉ်းချုပ်နိုင်ပါသည်။ (၁) ရုတ်သိမ်းသည့်ကာလများ ပြောင်းလဲမှု၊ (၂) ပစ္စည်းစုစုပေါင်းဆိုင်ရာပြောင်းလဲမှု နှင့် (၃) ကြာရှည်ခံသည့်ပစ္စည်း များဆိုင်ရာ ထပ်ပေါင်းမေးခွန်းများပါဝင်လာခြင်းတို့ဖြစ်သည်။

(၁) **အစားအစာမဟုတ်သည့် ကုန်စည်အချို့အတွက် ရုတ်သိမ်းမှုကာလပြောင်းလဲမှု** - ပညာရေးနှင့် ခရီးထွက်ခြင်းကဲ့သို့ အကြောင်းအရာများအတွက် ရုတ်သိမ်းမှုကာလ ပြောင်းလဲမှုကို MPLCS ၏ အကောင်အထည် ဖော်မှုဒီဇိုင်းအရ လိုအပ်သောကြောင့် ပြုလုပ်ရခြင်းဖြစ်သည်။ IHLCA ကို တစ်နှစ်နှစ်ကြိမ် ဆောင်ရွက်ပြီး ခြောက်လတစ်ခါ ရုတ်သိမ်းမှု ပြုလုပ်ပါသည်။ အင်တာဗျူး (၂) ကြိမ်ပြုလုပ်ချိန်တွင် ၁၂ လ ရုတ်သိမ်းမှုကို ခွင့်ပြုပေးပါသည်။ MPLCS ကို သုံးလတစ်လျှောက် တိုတောင်းသည့်အချိန်ကာလအတွင်း ပြုလုပ်သောကြောင့် ရုတ်သိမ်းမှုကို စားသုံးမှု သိပ်မရှိသော၊ "ကိုးရိုးကားရားနိုင်သော" အစားအစာမဟုတ်သည့်ပစ္စည်းများတွင် လိုအပ်သလို ချိန်ညှိပေးရန် လိုအပ်ပါသည်။

(၂) **စုစုပေါင်းအပြောင်းအလဲ** - အစားအစာမဟုတ်သည့် အမျိုးအမည်များစုစုပေါင်းသည် အစားအစာ ပစ္စည်းများအတွက် ဆောင်ရွက်ထားသည့် တူညီသော လုပ်ဆောင်မှုကို ထင်ဟပ်စေသည်။ ဖြစ်တောင့်ဖြစ်ခဲအနေဖြင့် စားသုံးသူများအကြား အိမ်ထောင်စု ခြင်းတောင်း၏ ၅ ရာခိုင်နှုန်း ထက်ပင်နည်းပါးသည့် စားသုံးမှုသိပ်မရှိသော အစားအစာမဟုတ်သည့်ပစ္စည်းများကို ဖယ်ချန်ထားပါသည်။

(၃) **ဖြည့်စွက်မေးခွန်းများ** - အိမ်ထောင်စုပိုင်ဆိုင်မှု အပိုင်းတွင် MPLCS သို့ ထပ်မံဖြည့်စွက်ထားသည့် အထင်ရှားဆုံး မေးခွန်းမှာ ဝယ်ယူသည့်ကာလတွင် ပိုင်ဆိုင်မှုအတွက် ပေးရသည့် ပမာဏပင်ဖြစ်သည်။ ဤမေးခွန်းကို ထပ်ပေါင်းထည့်ခြင်းဖြင့် အချိန်ကာလတစ်လျှောက် ပိုင်ဆိုင်မှုတန်ဖိုးပြောင်းလဲမှုအပေါ် အခြေခံသည့် တန်ဖိုးလျော့နှုန်းများကို တွက်ချက်ရန် ခွင့်ပြုပေးသည်။

ဇယားကွက် က ၁ - မေးခွန်းဒီဇိုင်းနှင့် စားသုံးမှုစုစုပေါင်း၏ နှိုင်းယှဉ်နိုင်မှု။

အချိန်ကာလတစ်လျှောက် စားသုံးခြင်းနှင့်ဆင်းရဲနွမ်းပါးမှုတို့ကို နှိုင်းယှဉ်တိုင်းတာရန် မေးခွန်းဒီဇိုင်းတွင် တစ်သမတ်တည်း ဖြစ်ခြင်း၏ အရေးပါမှုကို အလွန်အကျွံအလေးထားနိုင်တော့မည်မဟုတ်ပါ။ နိုင်ငံ၏အတွေ့အကြုံများမှ (ဥပမာအနေ ဖြင့် အိန္ဒိယတွင် ပြန်လည်သိမ်းဆည်းမှုကာလ (recall periods) အတွင်း ပြောင်းလဲမှုဖြစ်ရပ် Deaton and Kozel (၂၀၀၅) ကိုကြည့်ပါ။) ဥပမာများစွာ ရရှိနိုင်သည်။ သုတေသနပညာရှင်အချို့မှ ပြန်လည်သိမ်းဆည်းမှု ကာလနှင့် တင်ပြသည့်စားသုံးမှု ပစ္စည်းအရေအတွက်ကဲ့သို့ ကန့်သတ်ချက်ဘောင်များကြားရှိ ကွဲပြားခြားနားမှုမှာ သေးငယ်သည့်တိုင်အောင်ပင် တိုင်းတာထားသည့်ရလဒ်များကို ပြင်းထန်စွာ သက်ရောက်မှုရှိကြောင်း သရုပ်ပြနိုင်ပါသည်။

စားသုံးမှုနှင့် ဆင်းရဲနွမ်းပါးမှု ခန့်မှန်းချက်ဆိုင်ရာ မေးခွန်းဒီဇိုင်းများ၏ ပြောင်းလဲမှု သက်ရောက်ချက်များကို စစ်ဆေးရန် Beegle နှင့် အခြားသူများ (၂၀၁၂) သည် တန်ဇန်နီးယားတွင် ထိန်းချုပ်သုတေသနတစ်ခုကို ဆောင်ရွက်ခဲ့သည်။ ရည်ရွယ်ချက်မှာ ပြန်လည်သိမ်းဆည်းမှုကာလများ၊ စားသုံးမှုအားပိုင်းခြားထားခြင်းနှင့် စုဆောင်းမှုကာလ (ဒိုင်ယာရီနှင့် ပြန်လည်သိမ်းဆည်းမှု) ကဲ့သို့ ရလဒ်အပေါ်သက်ရောက်မှုရှိမည့် ကန့်သတ်ချက်ဘောင်တို့၏ အပြောင်းအလဲများကို မြင်တွေ့နိုင်ရန်ဖြစ်သည်။ တူညီသောလူဦးရေများထဲမှ အိမ်ထောင်စု (၅၀၀) ပါဝင်သည့် ကျပန်းနမူနာ (၈) ခုကိုရွေးချယ်၍ ၁၄ရက် ပြုလုပ်ရမည့် နေ့စဉ်ဒိုင်ယာရီထဲတွင် ပြုလုပ်ထားပြီး ဖြစ်သည့် နှိုင်းယှဉ်ချက်များနှင့် ဆန့်ကျင်သည့်စံအမှတ်အတိုင်း တစ်ဦးချင်းစီ သတင်းအချက်အလက်များ ရေးသွင်းထားကြပါသည်။ နမူနာများကို လူဦးရေစာရင်းအင်းအကွာအဝေးနှင့် အခြားဝိသေသလက္ခဏာတို့တစ်လျှောက် အလွန်တူညီရန် ဆုံးဖြတ်ထားပါသည်။

သုတေသနပညာရှင်များအနေဖြင့် မေးခွန်းကန့်သတ်ချက်ဘောင်များကို ပြောင်းလဲလိုက်သည့်အခါတွင် ခန့်မှန်းမှုများ၌ ကြီးမားသည့် ပြောင်းလဲမှုတို့ကို တွေ့ရှိရပါသည်။ ၁၄ ရက်တာ ပြန်လည်သိမ်းဆည်းမှုကို အသုံးပြုသည့်မေးခွန်း တစ်ခုမှရရှိထားသည့် သတင်းအချက်အလက်များမှ နေ့စဉ်ဒိုင်ယာရီမှရရှိသည့် သတင်းအချက်အလက်တို့ကို အသုံးပြု၍ စံအဆင့်ထက် ၁၆ ရာခိုင်နှုန်း ပို၍နည်းပါးသည့် ပျမ်းမျှစားသုံးမှုအဆင့်တစ်ခုကို ရရှိစေပါသည်။ ၇ ရက်တာ ပြန်လည်သိမ်းဆည်းမှု နည်းလမ်းမှ စံအဆင့်ထက် ၄ ရာခိုင်နှုန်း သာပို၍ နည်းပါးသည့်ရလဒ်ကို ဖြစ်ပေါ်စေသော်လည်း တင်ပြထားသည့် စားသုံးမှုပစ္စည်းစာရင်းများ သိသာစွာလျှော့ချခဲ့ပါက ဤကွဲပြားခြားနားမှုသည် ၂၈ ရာခိုင်နှုန်းအထိ မြင့်တက်သွားခဲ့ပါသည်။ စားသုံးမှုခန့်မှန်းချက်များရှိ ပြောင်းလဲမှုများသည် ဆင်းရဲနွမ်းပါးမှုအတိုင်းအတာများတွင် ကွာဟချက်များကို တိုက်ရိုက်ဖြစ်ပေါ်စေပါသည်။ ပြန်လည်သိမ်းဆည်းမှုအမျိုးမျိုးနှင့် စားသုံးမှုစာရင်းပါဝင်သည့် အခြားသောမေးခွန်းများမှရရှိသည့် အချက်အလက်များကိုအသုံးပြုခြင်းဖြင့် ဒီဇိုင်းကန့်သတ်ချက်ဘောင်များသည် ၅၅ ရာခိုင်နှုန်း မှ ၆၈ ရာခိုင်နှုန်းအထိရှိသော ဆင်းရဲနွမ်းပါးမှုနှုန်း အတိုင်းအတာများကိုထုတ်ပေးပါသည်။ ယင်းအတိုင်းအတာများသည် စံအဆင့် အချက်အလက်များကို အသုံးပြုထားသည့် ၄၇.၅ ရာခိုင်နှုန်း နှင့် နှိုင်းယှဉ်ထားခြင်းဖြစ်သည်။

Jolliffe (၂၀၁၁) သည် El Salvador ၌ ကန့်သတ်ချက်ဘောင်တစ်ခုသာ ကွဲပြားမှုရှိ၍ တူညီသောလူဦးရေရှိသည့် နမူနာငယ် (၂) ခုကို ကြည့်ရှုခဲ့ပါသည်။ နမူနာတစ်ခုမှာ အစားအစာ (၇၅) မျိုးနှင့် အစားအစာမဟုတ်သည့်ပစ္စည်း (၂၅) မျိုးပါဝင်သည့် မေးခွန်းတစ်ခုပေးထား၍ အခြားတစ်ခုမှာ အစားအစာပစ္စည်း (၁၈) မျိုးနှင့် အစားအစာမဟုတ်သည့်ပစ္စည်း (၆) မျိုးစာရင်း ရရှိထားပါသည်။ စာရင်းတိုမှ အမျိုးအစားအဆင့် (ဥပမာ - ချိစ်) တစ်ခု၌ စားသုံးသည့်ပစ္စည်းဆိုင်ရာ သတင်းအချက်အလက်ကို တောင်းဆိုပြီး စာရင်းရှည်မှ ပစ္စည်းအမျိုးအစားစုံလင်စွာ စားသုံးမှုအကြောင်း (ဥပမာ - ချိစ်အမျိုးအစားများ) ကို မေးမြန်းခဲ့ပါသည်။ ရလဒ်အနေဖြင့် တိုင်းတာထားသည့် ဆင်းရဲနွမ်းပါးမှုနှုန်းမှာ စာရင်းရှည်နှင့် နှိုင်းယှဉ်ပြီး စာရင်းတိုကိုအသုံးပြုခြင်းဖြင့် ၄၆ ရာခိုင်နှုန်း ပိုမိုမြင့်မားနေပါသည်။

ဤဥပမာများနှင့် အခြားဥပမာများမှ ဖော်ပြထားသည်မှာ မေးခွန်းဒီဇိုင်းကိုပြောင်းလဲရန် သတိဖြင့်ချဉ်းကပ်ရမည့်အကြောင်းမှာ ကန့်သတ်ချက် ဘောင်ပြောင်းလဲမှုများသည် အချိန်ကာလတစ်လျှောက် မနှိုင်းယှဉ်နိုင်သော တိုင်းတာထားသည့်ရလဒ်များ ဖြစ်စေနိုင်သောကြောင့် ဖြစ်သည်။

ရင်းမြစ် - ကမ္ဘာ့ဘဏ် (၂၀၁၅)

## က ၂.၁.၂ နမူနာ

နမူနာနှင့်ပတ်သက်၍ဆွေးနွေးမှုမှာ IHLCA အပိုင်းများနှင့် MPLCS နှစ်ခုကြားရှိကွဲပြားခြားနားမှု (၂) ရပ်အပေါ် ဦးတည်ထားသည်။ ၎င်းတို့မှာ နမူနာအဖြစ်ရွေးချယ်သည် နယ်နမိတ်နှင့် ပါဝင်သောမြို့နယ်တို့ပင်ဖြစ်သည်။

နမူနာကောက်ယူနည်းကွဲလွဲမှုများသည် ကိန်းဂဏန်း၊ စာရင်းဇယားများ စုပေါင်းခြင်းအတွက် အလေးထားရမည့်ကိစ္စဖြစ်သည်။ ဆင်းရဲမှုစစ်တမ်းအတွက် ပို၍ပါဝင်သင့်သောလူဦးရေအား နမူနာအဖြစ်ရွေးချယ်သတ်မှတ်မှုမှ ချန်ထားခဲ့ပါက ယင်းတို့ပါဝင်ခြင်းနှင့် ခြားနားသည့်ရလဒ်ကို ရရှိမည်။

## နမူနာနယ်နမိတ်သတ်မှတ်ခြင်း

IHLCA နှင့် MPLCS စစ်တမ်းတို့ကြားရှိ အဓိကကွဲပြားခြားနားမှုမှာ အသုံးပြုသည့် နမူနာနယ်နမိတ်ဖြစ်သည်။ နမူနာတစ်ခုကို ရွေးထုတ်နိုင်သည့် အိမ်ထောင်စုများ၊ အဖွဲ့အစည်းများနှင့် ပတ်သက်၍ ပြီးပြည့်စုံစွာပြုစုထားသောစာရင်းသည် နမူနာနယ်နမိတ်ဖြစ်သည်။ ထို့ကြောင့် နမူနာနယ်နမိတ်သည် လေ့လာမည့်လူဦးရေ အကြမ်းဖျင်းကို သတ်မှတ်ရာ၌ အရေးကြီးသည့် ပထမဆုံးအဆင့်ဖြစ်သည်။ မပြည့်စုံသည့် သို့မဟုတ် မမှန်ကန်သည့် နမူနာ နယ်နမိတ်သတ်မှတ်ခြင်းသည် နမူနာပုံစံ မဟုတ်သည့် အမှား (Non-sampling error)၊ လွှမ်းခြုံပါဝင်မှု သို့မဟုတ် နယ်နမိတ်အမှားကိုဖြစ်စေနိုင်သည်။ သန်ခေါင်စာရင်းအချက်အလက်သည် နမူနာနယ်နမိတ်များနှင့် အိမ်ထောင်စု စစ်တမ်းများအတွက် စာရင်းအင်းစံအမှတ်တို့၏ အဓိကရင်းမြစ်ဖြစ်သည် (United Nations Statistics Division ၁၉၈၆)။

၂၀၀၅ခုနှစ် IHLCA နည်းပညာပိုင်းဆိုင်ရာအစီရင်ခံစာထဲတွင် IHLCA-I တွင် သုံးထားသော နမူနာနယ်နမိတ်ကို ပို၍ အသေးစိတ်ဖော်ပြထားပါသည် (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့၊ ၂၀၁၀)။ IHLCA-I ကို ဆောင်ရွက်စဉ်က နောက်ဆုံးကောက်ယူထားသော သန်ခေါင်စာရင်း မြန်မာနိုင်ငံတွင်မရရှိနိုင်သောကြောင့် ယင်းအချိန်ကရရှိနိုင်သော အားအထားနိုင်ဆုံးလူဦးရေခန့်မှန်းချက်များမှ IHLCA-I က ထုတ်ယူထားပါသည်။ IHLCA-II သည် IHLCA-I မှ ပြုပြင်မွမ်းမံထားသည့် နမူနာဒီဇိုင်းကို အသုံးပြုထားသည်။ အထူးသဖြင့် IHLCA-II တွင် IHLCA-I မှ အိမ်ထောင်စု (၅၀) ရာခိုင်နှုန်းကို ထပ်မံအသုံးပြုထားသည်။ IHLCA-II တွင်ပါဝင်သည့်အစိတ် အပိုင်းတို့သည် တူညီသည့်အိမ်ထောင်စုများ၏ ဆင်းရဲနွမ်းပါးမှုနှင့် လူနေမှုအဆင့်အတန်းအပြောင်းအလဲများကို ထည့်သွင်းစဉ်းစားနိုင်သောအတိုင်းအတာအရ အချိန်နှင့်တစ်ပြေးညီ တိုက်ရိုက်စစ်ဆေးအကဲဖြတ်ခွင့်ပြုထားပါသည်။

MPLCS ၏ နမူနာနယ်နမိတ်သည် ပြည်သူ့အင်အားဌာနမှပြုလုပ်သည့် မြန်မာနိုင်ငံ၏ ၂၀၁၄ လူဦးရေနှင့် အိမ်ထောင်စု သန်းခေါင်စာရင်းအပေါ်အခြေခံထားခြင်းဖြစ်သည်။ နမူနာနယ်နမိတ်သည် သန်းခေါင်းစာရင်းမှအကြိုရလဒ်များနှင့် မြေပုံတို့အပေါ်အခြေခံထားပြီး အစဉ်အလာအိမ်ရာများတွင် နေထိုင်နေကြသော ရေတွက်ထားသည့်လူဦးရေနှင့် ရေတွက်ထားမှုမရှိသည့်လူဦးရေတို့ပါဝင်သည်။

စစ်တမ်း (၂) ခုမှထွက်ပေါ်လာသည့် လူဦးရေခန့်မှန်းချက်မှာကွဲပြားသည်။ ဇယား က ၂.၁ တွင် စစ်တမ်း (၃)စောင်နှင့် ၂၀၁၄ လူဦးရေနှင့်အိမ်ရာသန်းခေါင်စာရင်းတို့ထံမှ လူဦးရေ နှင့် အိမ်ရာ ရေတွက်မှုတို့ကိုဖော်ပြထားသည်။ MPLCS သည် သန်းခေါင်စာရင်း၏ အိမ်ထောင်စုနှင့် လူဦးရေ ရေတွက်ထားမှုနှင့် အနီးစပ်ဆုံးကိုက်ညီသည်။[19] IHLCA မှ လူဦးရေလွှမ်းခြုံပါဝင်မှုနှင့် သန်းခေါင်စာရင်းတို့ကြားရှိ ကွဲပြားခြားနားချက်မှာရင်းမြစ် (၃)ရပ်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။ (၁) ၂၀၀၉/၁၀ ခုနှစ်တွင် IHLCA-II ၏ ဆောင်ရွက်ချက်နှင့် ၂၀၁၄ ခုနှစ်တွင်သန်းခေါင်စာရင်း၏ ဆောင်ရွက်ချက်တို့အကြား လူဦးရေစာရင်းပြောင်းလဲသွားခြင်း၊ (၂) နမူနာနယ်နမိတ်အဖြစ်အသုံးပြုသည့် လူဦးရေခန့်မှန်းမှုနှင့်သန်းခေါင်စာရင်းတို့ကြားရှိ ကွဲပြားခြားနားမှုများနှင့် (၃) မြို့နယ်တို့ကိုချန်လှပ်ထားခြင်း(နောက်အပိုင်းတွင်ဆွေးနွေးမည်)တို့ဖြစ်သည်။ လူဦးရေခန့်မှန်းမှုများနှင့် ၂၀၁၄သန်းခေါင်စာရင်းတို့ကြားရှိကွဲပြားမှုနှင့် ယခင်ပြည်သူ့အင်အားဌာန၏ခန့်မှန်းမှုများသည် IHLCA နှင့် MPLCS စစ်တမ်းတို့၏နှိုင်းယှဉ်နိုင်စွမ်းအပေါ်သက်ရောက်မှုရှိနိုင်ပါသည်။

## မြို့နယ်လွှမ်းခြုံပါဝင်မှု

ကွင်းဆင်းအကောင်အထည်ဖော်ရာတွင် နယ်မြေလုံခြုံရေးအခြေအနေအရ ရေတွက်ရမည့်ဧရိယာ (enumeration areas – EAs) များကို ချန်လှပ်ထားမှုသည် အခြေအနေအမျိုးမျိုးတွင် ရင်ဆိုင်ရမည့် ဖြစ်ရပ်တစ်ခုပင်ဖြစ်သည်။ လွှမ်းခြုံ ပါဝင်မှု မရှိသည့်ဧရိယာများမှာပါဝင်သည့်မြို့နယ်များနှင့် စနစ်တကျကွဲပြားခြားနားမှုရှိပါက ဤချန်လှပ်ထားမှုသည် အမျိုးသားအဆင့်ခန့်မှန်းမှုနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်ခန့်မှန်းမှုတို့ကို အပေါင်းလက္ခဏာ ဆောင်၍ဖြစ်စေ၊ အနုတ်လက္ခဏာဆောင်၍ဖြစ်စေ သက်ရောက်မှုရှိသည်။

19 အစဉ်အလာအိမ်ထောင်စုများအပေါ်အာရုံစိုက်မှုကြောင့်နှင့်လူဦးရေများကြားအနည်းငယ်ကွဲပြားခြားနားမှုများကြောင့် MPLCS နှင့် သန်ခေါင်စာရင်းတို့ထဲရှိ အိမ်ထောင်စုအဓိပ္ပာယ်ဖွင့်ဆိုချက်ခြားနားမှုများ ဖြစ်ပေါ်စေပါသည်။ ထိုအကြောင်းပြချက်ကြောင့် လူဦးရေပေါင်းစီးမှုထက် အိမ်ထောင်စုများ ပေါင်းစီးမှုက ပို၍နီးစပ်မှုရှိနိုင်ပါသည်။

ဇယား က ၂.၁

IHLCA-I၊ IHLCA-II နှင့် MPLCS တို့၏လူဦးရေနှင့်အိမ်ထောင်စုရေတွက်မှုများ

| စစ်တမ်း | နေ့စွဲ | လူဦးရေ | အိမ်ထောင်စု |
|---|---|---|---|
| IHLCA-I | နိုဝင်ဘာ-ဒီဇင်ဘာ ၂၀၀၄၊ မေ ၂၀၀၅။ | ၃၈,၈၁၆,၁၈၀ | ၇,၄၅၅,၀၇၆ |
| IHLCA-II | ဒီဇင်ဘာ ၂၀၀၉-ဇန်နဝါရီ၂၀၁၀၊ မေ ၂၀၁၀။ | ၄၁,၂၃၁,၇၆၄ | ၈,၂၂၇,၀၄၃၄ |
| သန်းခေါင်စာရင်း | ဧပြီ ၂၀၁၄။ | ၄၉,၁၃၆,၃၅၂ | ၁၀,၈၇၇,၈၃၂ |
| MPLCS | ဇန်နဝါရီ-ဧပြီ ၂၀၁၅။ | ၄၉,၂၁၇,၅၉၂ | ၁၀,၈၆၀,၆၁၇ |

မှတ်စုတို

(က) IHLCA-I၊ IHLCA-II နှင့် MPLCS တို့အတွက် အိမ်ထောင်စုနှင့် လူဦးရေရေတွက်မှုသည် သက်ဆိုင်သည့်အချက်အလက်အစုတို့တွင် အိမ်ထောင်စုနှင့်တစ်ဦးချင်း၏ နောက်ဆုံးအရေအတွက်စုစုပေါင်းအပေါ် အခြေခံထားသည်။

(ခ) သန်းခေါင်စာရင်း၏လူဦးရေအရေအတွက်မှာ ၂၀၁၅ တွင် ပုံနှိပ်ထားသည့်လူဦးရေနှင့် အိမ်ထောင်စု သန်းခေါင်စာရင်း၏ နောက်ဆုံးရလဒ်တို့အပေါ် အခြေပြုထားခြင်းဖြစ်သည်။ လူဦးရေရေတွက်မှုသည် အစဉ်အလာအိမ်ထောင်စုများတွင် နေထိုင်နေကြသည့်လူဦးရေ ၄၇.၉ သန်းကို ရောင်ပြန်ဟပ်စေပြီး မရေတွက်ထားရသေးသည့် လူဦးရေ ၁.၂ သန်းလည်းပါဝင်သည်။ အဖွဲ့အစည်းဆိုင်ရာ အိမ်ထောင်စု များတွင် နေထိုင်နေကြသည့်လူဦးရေ ၂.၃ သန်းလည်းမပါဝင်သေးပေ။

(ဂ) သန်းခေါင်စာရင်း၏အိမ်ထောင်စုအရေအတွက်မှာ ၂၀၁၅ ဧပြီတွင် ပုံနှိပ်ထားသည့်လူဦးရေနှင့် အိမ်ထောင်စုသန်းခေါင်စာရင်း၏ နောက်ဆုံးရလဒ်တို့အပေါ်အခြေပြုထားခြင်းဖြစ်သည်။ အိမ်ထောင်စု ရေတွက်မှုသည် အစဉ်အလာအိမ်ထောင်စုများကို ထင်ဟပ်ထားပြီး အဖွဲ့အစည်းဆိုင်ရာအိမ်ထောင်စုများ မပါဝင်ပါ။

လုံခြုံရေးနှင့်သယ်ယူပို့ဆောင်ရေးနှင့်စပ်လျဉ်း၍စိုးရိမ်မှုများကြောင့် IHLCA-I နှင့် IHLCA-II နမူနာနယ်နမိတ်များတွင် မြို့နယ် (၄၅) ခု မပါဝင်ပါ။ ထို့ပြင်အိမ်ထောင်စုသို့ လူဦးရေကိန်းဂဏန်းများမရရှိနိုင်သည့် ရပ်ကွက်နှင့်ကျေးရွာ လမ်းကြောင်းများကိုလည်းချန်ထားခဲ့သည်။ ရေတွက်သည့်အချိန်တွင် လွှမ်းခြုံပါဝင်မှုမရှိသည့်ခန့်မှန်းလူဦးရေမှာ အိမ်ထောင်စု (၃၄၃,၁၃၀) ခုဖြစ်၍ ခန့်မှန်းခြေအားဖြင့်တစ်ဦးချင်း ၁,၇၈၇,၇၀၈ ဦး (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့ ၂၀၁၀) ခန့်ရှိပါသည်။

၂၀၁၅ ခုနှစ်တွင်လုံခြုံရေးနှင့်ပဋိပက္ခအခြေအနေတို့ပြောင်းလဲလာမှုကြောင့် MPLCS ကို IHLCA-I နှင့် IHLCA-II တို့ကွင်းဆင်းရေတွက်မှုပြုစဉ်က ဝင်ရောက်၍မရသည့်မြို့နယ်များသို့ သွားရောက်ဆောင်ရွက်နိုင်ခွင့်ရရှိခဲ့သည်။ ထိုကဲ့သို့ပင် မြန်မာနိုင်ငံ၏ မြို့နယ်အားလုံးသည် MPLCS ၏ အဓိကနမူနာနယ်နမိတ်တွင် ပါဝင်လာခဲ့သည်။ သို့သော် ရေတွက်ရမည့်ဧရိယာအဆင့်တွင်မူ ဖယ်ချန်ထားမှုများပြုလုပ်ခဲ့သည်။ အထူးသဖြင့် တစ်နိုင်ငံလုံးဆိုင်ရာ အိမ်ထောင်စုစစ်တမ်းများသည် အဖွဲ့အစည်းဆိုင်ရာလူဦးရေကို လွှမ်းခြုံမှုမရှိသောကြောင့် ဘုန်းတော်ကြီးကျောင်းများနှင့် စပ်လျဉ်းသည့် ရေတွက်ရမည့်ဧရိယာ (၄) ခုနှင့် မြန်မာနိုင်ငံပြင်ပတွင် နေထိုင်သော သံတမန်ရေးရာဝန်ထမ်းများကို လွှမ်းခြုံစေမည့် ရေတွက်ရမည့် ဧရိယာတစ်ခု အပါအဝင် အထူးရေတွက်ရမည့်ဧရိယာ (၂,၀၇၇) ခုကို နမူနာ နယ်နမိတ်ထဲမှ ဖယ်ချန်ထားခဲ့သည်။ ထို့ပြင်ကရင် (လူဦးရေ ၆၉,၇၅၃) နှင့် ကချင် (လူဦးရေ ၄၆,၆၀၀) တို့ရှိ မရေတွက်ရသေးသည့်ဧရိယာများကို ဖယ်ချန်ထားခဲ့သည်။

လူဦးရေနှင့်အိမ်ရာသန်းခေါင်စာရင်းမှ နမူနာကိုပြောင်းလဲမှုများသည် MPLCS နှင့် IHLCA တို့ကြားရှိလူမှု-စီးပွား သွင်ပြင်လက္ခဏာနှိုင်းယှဉ်ချက်တို့အပေါ် မည်မျှသက်ရောက်မှုရှိကြောင်း အကဲဖြတ်ရန်ခွင့်ပြုပေးပါသည်။ ကျွန်ုပ်တို့ အနေဖြင့် နည်းလမ်း (၂) မျိုးဖြင့်ဆောင်ရွက်သည်။ ပထမနည်းလမ်းမှာ IHLCA စစ်တမ်းများမှချန်လှပ်ထားသည့် မြို့နယ်များကို ၎င်းတို့တိုင်းတာထားသည့် လူမှု-စီးပွားသွင်ပြင်လက္ခဏာများသည် ပြည်ထောင်စုနှင့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး တို့၏ ပျမ်းမျှအချက်တို့နှင့် နည်းစနစ်ကျစွာကွဲပြားမှုရှိမရှိကို သေချာစေရန် စစ်ဆေးခြင်းဖြစ်သည်။ ဒုတိယအနေဖြင့် ကျွန်ုပ်တို့သည်နမူနာပြောင်းလဲမှုများက သွင်ပြင်လက္ခဏာများဆိုင်ရာ စုစည်းတင်ပြမှုကို မည်မျှသက်ရောက်မှုရှိကြောင်း အကဲဖြတ်ရန် စစ်တမ်းများနှင့် လူဦးရေကြားရှိအချိန်ပေါ်တွင် မှီခိုမှုမရှိသည့် လူဦးရေဆိုင်ရာ သွင်ပြင်လက္ခဏာများနှင့် IHLCA စစ်တမ်းတွင် သွားရောက်ရန် အခြေအနေမပေးခဲ့သော မြို့နယ်များအား MPLCS တွင် ထည့်သွင်းဆောင်ရွက်ထားသည့် မြို့နယ်များဆိုင်ရာ ပြီးပြည့်စုံသော အကဲဖြတ်ချက် ပါဝင်သည်။ နောက်ဆက်တွဲ က ၃ တွင် တွေ့နိုင်သည်။

### က ၂.၁.၃ IHLCA နှင့် MPLCS တို့ကိုနှိုင်းယှဉ်ရန်အတွက် နမူနာပြောင်းလဲမှုများပြုလုပ်ခြင်း၏ဆိုလိုချက်များ

IHLCA တွင်အသုံးပြုသည့် မတူညီသည့် နမူနာနယ်နမိတ်နှင့် မြို့နယ်လွှမ်းခြုံပါဝင်မှုသည် IHLCA နှင့် MPLCS တို့ နှိုင်းယှဉ်မှုအပေါ် သက်ရောက်နိုင်ခြေရှိသည်။

ဤအကဲဖြတ်ချက်တွင် အသုံးပြုသည့်တွက်ချက်မှုနည်းလမ်းသည် နမူနာ၏နှိုင်းရစွမ်းအားကို ပြန်လည် မထိန်းသိမ်းထားနိုင်ပါ။ သို့သော်နမူနာကွဲပြားခြားနားမှုဆိုင်ရာ အကဲဖြတ်ချက်တစ်ရပ်ကမူ ၂၀၀၄/၀၅ ခုနှစ်၊ ၂၀၀၉/၁၀ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်ကြား ဆင်းရဲနွမ်းပါးမှုကျဆင်းလာခြင်းသည် ပို၍သိသာထင်ရှားလာကြောင်း ဖော်ပြထားသည်။ အဘယ်ကြောင့်ဆိုသော် IHLCA မှလွှမ်းခြုံမိသောဒေသများတို့သည် ယင်းအချိန်ကမလွှမ်းခြုံနိုင်ခဲ့သော အခြားဒေသတို့ထက်စာလျှင် တစ်နည်းတစ်ဖုံအားဖြင့် ပို၍ကောင်းမွန်မှုရှိပါသည်။ ထို့ကြောင့် ဤသုံးသပ်ချက်တွင်ဖော်ပြထားသည့် ဆင်းရဲနွမ်းပါးမှုခန့်မှန်းချက်များကို မြန်မာ့လူဦးရေကိုလွှမ်းခြုံမိသည်ဟု အဓိပ္ပါယ်ကောက်ယူသင့်ပါသည်။ အဘယ် ကြောင့်ဆိုသော် IHLCA စစ်တမ်းပြုလုပ်နေချိန်တွင် ပဋိပက္ခများမရှိသောကြောင့် ယင်းမြို့နယ်များကိုသာ ဝင်ရောက်နိုင်ခဲ့သောကြောင့်ဖြစ်သည်။

ဇယားကွက် (က ၂) ဆင်းရဲနွမ်းပါးမှုသုံးသပ်ချက်တွင်ယုတ္တိကျသည့်နည်းလမ်းများ (Imputation methods) အသုံးပြုခြင်း

ဆင်းရဲနွမ်းပါးမှုသုံးသပ်သည့် အခြေအနေများတွင် ယုတ္တိကျသည့်နည်းလမ်းတို့အနေဖြင့် အချက်အလက် ကွာဟချက်နှင့် စာရင်းအင်းဆိုင်ရာ အကဲဖြတ်ကောက်ချက်ချမှုပြဿနာများကို အချိန်နှင့်နေရာအလိုက်ဖော်ထုတ် ပေးနိုင်သည့်လုပ်ထုံးလုပ်နည်းများစွာကို တွေ့ရှိထားပြီးဖြစ်သည်။ နှိုင်းယှဉ်၍မလွယ်သော စစ်တမ်းတို့၏နှိုင်းရ စွမ်းအားကို ပြန်လည်ရရှိစေရန်အတွက် ယုတ္တိကျသည့်နည်းလမ်းတို့ကို အသုံးပြုထားသည့် ရှေးဦးမှတ်သားဖွယ်ရာ ဥပမာတစ်ခုမှာ အစောပိုင်း ၂၀၀၀ ခုနှစ်များဆီက အိန္ဒိယမှဆင်းသက်လာခဲ့သည်။ အခြားအချက်များအကြား မေးခွန်းဒီဇိုင်းပြောင်းလဲလိုက်မှုကြောင့် ၁၉၉၀ ခုနှစ်များဆီ၌ ဆင်းရဲနွမ်းပါးမှုပမာဏနှင့် ပြောင်းလဲမှုဦးတည်ချက်တို့အပေါ် မနားမနေဆွေးနွေးငြင်းခုန်မှုများ ဖြစ်ပေါ်စေခဲ့သည်။ ယုတ္တိကျသည့်နည်းလမ်းများမှ အကြံပြုထားသည်မှာ စားသုံးမှု စုစုပေါင်းများကို အပြည့်အဝနှိုင်းယှဉ်နိုင်ပါက တရားဝင်ခန့်မှန်းချက်များမှ အချက်ပြနိုင်မည့် ဆင်းရဲနွမ်းပါးမှု ထက်ပို၍ လျော့နည်း မည့်အဓိပ္ပာယ်သက်ရောက်မှုရှိကောင်းရှိလိမ့်မည် (Deaton and Dreze, ၂၀၀၂; Kijima and Lanjouw, ၂၀၀၃) ဟူ၍ဖြစ်သည်။

လေ့လာမှုများစွာမှ ယုတ္တိကျသည့်နည်းလမ်းများအသုံးပြုခြင်းကို မှန်းဆထားသည့် ဆင်းရဲနွမ်းပါးမှုခန့်မှန်းချက်များအား အချက်အလက်တို့၏ နှိုင်းယှဉ်နိုင်မှုကို ထည့်တွက်စရာမလိုသည့်အခြေအနေများတွင် စောင့်ကြည့်သည့် အဆင့်များဖြင့် တိုက်ရိုက်နှိုင်းယှဉ်၍ မှန်ကန်ကြောင်းအတည်ပြုထားပြီးဖြစ်သည်။ Christiaensen et al. (၂၀၁၂) အနေဖြင့် ဗီယက်နမ်နှင့်တရုတ်တို့ထံမှ အချက်အလက်များကို ရယူခဲ့သည့်အချိန်မှာ ပုံစံတကျပြောင်းလဲမှုများ လျင်မြန်စွာ ဖြစ်ပေါ်နေသည့်ကာလနှင့် သတ်မှတ်ထားသည့်ဆင်းရဲနွမ်းပါးမှု လျော့ကျလာသည့်ကာလအတွင်း ဖြစ်သည်။ သူတို့သည် ဤစိန်ခေါ်မှုများစွာရှိနေသည့်ကာလများကို အသုံးပြုခဲ့ခြင်းမှာ ယုတ္တိကျသည့် နည်းလမ်းတို့ကို အခြေပြုထားသော မော်ဒယ်ပုံစံများအနေဖြင့် ဆင်းရဲနွမ်းပါးမှုလျော့ကျလာခြင်းနှင့်ပတ်သက်၍ တိကျပြီးခိုင်မာသည့် ခန့်မှန်းမှုများထုတ်လုပ်ပေးသည့် အခြေအနေများအောက်တွင် စစ်ဆေးရန်ဖြစ်သည်။

ယင်းကဲ့သို့ လိုလားမှုများရှိနေသည့်အခြေအနေများတွင်ပင် သူတို့အနေဖြင့်မူတ၍စစ်စီသောခန့်မှန်းချက် အစုတစ်ခုကို အသုံးပြု၍ စားသုံးမှုနှင့်ဆင်းရဲနွမ်းပါးမှုခန့်မှန်းချက်ကို ကောင်းစွာမှန်းဆနိုင်ပါသည်။ ဆင်တူသောဖြစ်ရပ်တစ်ခုတွင် သီရိလင်္ကာနိုင်ငံ၌ Yoshida(၂၀၁၄)သည် နှိုင်းရစစ်တမ်း(၂)စောင်မှ အိမ်ထောင်စုအချက်အလက်များကိုအသုံးပြုထားသည်။ သူသည်ယုတ္တိကျသည့်တွက်ချက်မှုအတွက်နည်းပညာ (၂) ရပ်ကို အသုံးပြုထားသည်။ တစ်ခုမှာ Elbers, Lanjouw and Lanjouw(၂၀၀၃) ပေါ်မူတည်၍ အခြားတစ်ခုမှာ Rubin (၁၉၈၇) ပေါ်တွင်မူတည်သည်။ ရည်ရွယ်ချက်မှာ အိမ်ထောင်စုစစ်တမ်းများမှရရှိသည့်ရလဒ်များနှင့် နှိုင်းယှဉ်နိုင်သောရလဒ်များ ထွက်ပေါ်လာရန် ဖြစ်သည်။

## က ၂.၁.၄ ဆင်းရဲမှုတိုင်းတာခြင်းအတွက် နှိုင်းယှဉ်နိုင်မှု သုံးသပ်ချက်ဆိုင်ရာ အဆိုပြုချက်များ

IHLCA နှင့် MPLCS စစ်တမ်းများ၏နှိုင်းယှဉ်မှုမှအကြံပြုသည်မှာ စစ်တမ်းနှစ်ခု၏ကွာခြားမှု ကြီးမားနေပါက အချိန်ကာလတစ်လျှောက် ထုတ်ပေးထားသည့် ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ခန့်မှန်းချက် နှိုင်းရစွမ်းအားကိုအကျိုး သက်ရောက်ပါလိမ့်မည် ဟူ၍ဖြစ်သည်။ သို့သော် ဤအကဲဖြတ်ချက်သည် စစ်တမ်းတို့၏ရှာဖွေတွေ့ရှိချက်များကို ပျက်ပြယ်စေမည်မဟုတ်ပါ။ ဆင်းရဲနွမ်းပါးမှုတိုင်းတာချက်နှင့် စားသုံးမှုစုစုပေါင်းကို တည်ဆောက်ရန်အတွက် စစ်တမ်း ဒီဇိုင်း သေးငယ်သော်လည်း အရေးကြီးသည့်ပြောင်းလဲမှုများသည် စားသုံးမှု ပျံ့နှံ့ချက် တစ်လျှောက် လူတစ်ဦးချင်းစီ၏ အဆင့်တို့ကိုထိန်းထားနိုင်ခြေရှိသည်။

နှိုင်းယှဉ်နိုင်စွမ်းနှင့် ပတ်သက်သောပြဿနာများတွင် ၎င်းအခြေအနေများ၏ နှိုင်းယှဉ်နိုင်စွမ်းကို ပြန်လည်ထိန်းထားနိုင်ရန် တည်ဆောက်ထားသော စာရင်းအင်းဆိုင်ရာနည်းလမ်းများကို အသုံးပြုရန် လိုအပ်သည်။ နှိုင်းယှဉ်နိုင်မှုကို သေချာစေရန်အတွက် ထိုနည်းလမ်းများကို ပထမ အကောင်းဆုံး ရွေးချယ်မှုများအနေဖြင့်မဟုတ်ဘဲ မနှိုင်းယှဉ်နိုင်သော စစ်တမ်းများ အခြေအနေ အတွက် အသုံးချခြင်းဖြစ်သည်။ ထိုနည်းလမ်းများကို လာမည့်အပိုင်းတွင် ဆွေးနွေးထားပါသည်။

## က ၂.၂ ယုတ္တိကျသည့်နည်းလမ်းများကို မိတ်ဆက်ခြင်း

စစ်တမ်းများအကြားနှိုင်းယှဉ်နိုင်စွမ်းကင်းမဲ့မှုသည် မြန်မာတစ်နိုင်ငံတည်းတွင်သာမဟုတ်ပါ။ ယင်းတွင် အချက်အလက် ကောက်ယူသည့်နည်းလမ်းများကို စဉ်ဆက်မပြတ်တိုးတက်မှုကို ဖြစ်ပေါ်စေသည့် စစ်တမ်းနည်းပညာဆိုင်ရာ အားကောင်းသည့်သုတေသနစာတမ်းတစ်စောင်ရှိသည်။ ထို့ကြောင့်စစ်တမ်းများအနေဖြင့် အချိန်ကာလတစ်လျှောက် တိုးတက်ပြောင်းလဲရန်နှင့် စာပေမှသင်ခန်းစာများရယူရန်တို့မှာ သဘာဝပင်ဖြစ်ပြီး ယင်းကဲ့သို့ဖြစ်ရန်လည်း တိုက်တွန်းထားကြပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်တစ်ပြိုင်နက် စစ်တမ်းများအပြောင်းအလဲ ပြုလုပ်ခြင်းမှာ သင့်တော်မှု လည်းရှိပါသည်။ ဥပမာအားဖြင့် ယခင်ကရရှိရန်မလွယ်ကူသည့် သို့မဟုတ် မရရှိခဲ့သည့်ပစ္စည်းများသည် ဝယ်ယူမှုပုံစံများတွင် ပို၍ကြီးမားသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ (ဥပမာအားဖြင့်ကလေးနို့မှုန့်နှင့် အားဖြည့်စာများဖြစ်သည်။) စစ်တမ်းကာလများ တွင်လုံလောက်ပြီး နှိုင်းယှဉ်နိုင်စွမ်းရှိသည့် စားသုံးမှုကုန်ကျစရိတ်ဆိုင်ရာ အပြန်အလှန် ဆက်စပ်ချက်များရှိပါက ယုတ္တိကျသည့်နည်းလမ်းများကို ဆင်းရဲနွမ်းပါးမှုခန့်မှန်းရာတွင် ယှဉ်ပြိုင်နိုင်စွမ်း ပြန်လည်ထိန်းသိမ်းရေးကို ပံ့ပိုးရန်အသုံးပြုနိုင်သည်။

ယုတ္တိကျခြင်းဆိုသည်မှာ ပျောက်ဆုံးနေသောတန်ဖိုးနေရာတွင် ခန့်မှန်းခြင်းနည်းလမ်းများနှင့် မော်ဒယ်ပုံစံများကို အခြေခံ၍ ယုတ္တိကျသည့်တန်ဖိုးများနှင့် အစားထိုးခြင်းကိုရည်ညွှန်းသည်။ ယုတ္တိကျသည့်နည်းလမ်းများသည် စာရင်းအင်းပညာနှင့် စီးပွားရေးပညာတို့တွင် ရှည်လျားသော သမိုင်းကြောင်းတစ်ရပ်ရှိပြီး အချက်အလက်ပျောက်ဆုံးသည့် ပြဿနာအမျိုးမျိုးအတွက် အသုံးပြုခဲ့ကြသည်။ ဥပမာအားဖြင့် Rubin (၁၉၇၆၊ ၁၉၈၇) ကိုကြည့်ပါ။ ယုတ္တိကျခြင်းမှာ ဆင်းရဲနွမ်းပါးမှုဆိုင်ရာ လေ့လာသုံးသပ်ချက်နယ်ပယ်တွင် အထူးတန်ဖိုးရှိသည့် နည်းလမ်း တစ်ခု အဖြစ် ရပ်တည်နေပြီးသား (ဇယားကွက် က ၂) ဖြစ်သည်။ မူလ ရည်ရွယ်ချက်မှာ စစ်တမ်းများအတွင်း လစ်လပ်နေသည့် အချက်အလက်များကိုဖြည့်ရန် ဖြစ်သော်လည်း ဤနည်းလမ်းများကို စစ်တမ်းအချင်းချင်း ပြန်လည်တိုက်ဆိုင်စစ်ဆေးရာတွင်လည်း အသုံးပြုနိုင်သည်။ ပြန်လည်တိုက်ဆိုင်စစ်ဆေးခြင်းဆိုသည်မှာ စစ်တမ်းတစ်စောင်ကို အခြား လူဦးရေတူ ကောက်ယူထားသည့် စစ်တမ်းတစ်စောင်၏ လစ်လပ်နေသော အချက်အလက်များကို ဖြည့်ရာတွင် အသုံးပြုခြင်းဖြစ်သည်။ ဤနည်းပညာများအတွက် Ridder နှင့် Moffit (၂၀၀၇) တို့မှ ပြုလုပ်ထားသည့် သုံးသပ်ချက်တွင် ဤအသုံးချမှုများက မည်မျှ ကျယ်ပြန့်လာကြောင်း၊

နိုင်းယှဉ်နိုင်စွမ်းမရှိသည့် မြန်မာနိုင်ငံတွင် တွေ့ကြုံနေရသည့်ပုံစံ ကဲ့သို့သော အခြေအနေတွင် ပျောက်ဆုံးအချက်အလက် အမျိုးမျိုးအတွက် မည်ကဲ့သို့ တုံ့ပြန်ရန် လိုက်လျောညီထွေဖြစ်အောင် လုပ်နိုင်ကြောင်းဖော်ပြထားသည်။

ယုတ္တိကျသည့်နည်းလမ်းနှင့်ပတ်သက်၍ ပို၍ပညာရပ်နှင့်ဆိုင်သောမိတ်ဆက်မှုကို နောက်ဆက်တွဲ က ၅ တွင် ဖော်ပြထားသည်။

## က ၂.၂.၁ ယုတ္တိကျသည့်နည်းလမ်းများကိုအသုံးပြုခြင်း[20]

ယုတ္တိကျသည့်နည်းလမ်းကို အသုံးပြုရာတွင် ကျွန်ုပ်တို့အနေဖြင့် အောက်ပါအဆင့်များကို ဆောင်ရွက်ပါသည်။

**၁။ အဆင့် (၁) - ထပ်နေသောကိန်းရှင်များကို သတ်မှတ်ခြင်း။** ကျွန်ုပ်တို့အနေဖြင့် IHLCA-I၊ IHLCA-II နှင့် MPLCS တို့၏ စစ်တမ်းများတစ်လျှောက် နိုင်းယှဉ်၍အနက်ဖွင့်ထားသည့် အိမ်ထောင်စုတို့၏ ဝိသေသလက္ခဏာများကို သတ်မှတ်ပါသည်။

**၂။ အဆင့် (၂) - မော်ဒယ်ပုံစံခန့်မှန်းခြင်းနှင့် ရွေးချယ်ခြင်း။** ကျွန်ုပ်တို့အနေဖြင့် ၂၀၀၉/၁၀ ခုနှစ်နှင့် ၂၀၀၄/၀၅ ခုနှစ်မှ အိမ်ထောင်စုတို့၏ သွင်ပြင်လက္ခဏာများအပေါ်အခြေခံ၍ အိမ်ထောင်စုတို့၏စားသုံးမှုပုံစံကို ခန့်မှန်းပါသည်။

**၃။ အဆင့် (၃) - ယုတ္တိကျခြင်းနှင့်ခိုင်မာခြင်း။** မော်ဒယ်ပုံစံကို စိတ်ကျေနပ်မှုရှိသည်နှင့် တစ်ပြိုင်နက် ယုတ္တိကျသည့် နည်းပညာအမျိုးမျိုးကို အသုံးပြု၍ ဆင်းရဲနွမ်းပါးမှုနှင့် ပျမ်းမျှလူမှုဖူလုံရေးကို ခန့်မှန်းပါသည်။

### အဆင့် (၁) - ထပ်နေသောကိန်းရှင်များကိုသတ်မှတ်ခြင်း။

ယုတ္တိကျသည့်နည်းလမ်းများကိုအသုံးပြုရန်ကျွန်ုပ်တို့အနေဖြင့်နိုင်းယှဉ်နိုင်သောအခြေအနေတွင် တိုင်းတာထားသည့် စားသုံးမှုဆိုင်ရာဆက်စပ်ချက်များ လိုအပ်ပါသည်။ သွယ်ဝိုက်သောအားဖြင့်အကယ်၍စစ်တမ်း (၂) စောင်မှ မေးခွန်းများကို တူညီသည့်အချိန်တွင် ကွင်းဆင်းမေးမြန်းထားခြင်းဖြစ်ပါက တူညီသောစာရင်းအနှစ်ချုပ်ကိုသာ ရရှိပါလိမ့်မည်။ အချိန်ကာလတစ်လျှောက် နိုင်းယှဉ်မှုပြုနိုင်သော စားသုံးမှုဆိုင်ရာဆက်စပ်မှုများအား ခွဲခြားနိုင်ရန် ကျွန်ုပ်တို့အနေဖြင့် အိမ်ထောင်စုစစ်တမ်း (၃) စောင်နှင့် ၎င်းတို့၏စစ်တမ်းဆိုင်ရာလက်စွဲတို့ကို မေးခွန်းများအားဆင်တူသည့်ပုံစံဖြင့် ကွင်းဆင်းမေးမြန်းခဲ့ကြောင်း သေချာစေရန် ပြန်လည်သုံးသပ်ခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့သည် စစ်တမ်းများတစ်လျှောက် ကုဒ်ပုံစံများလုံးဝမထပ်သည့် နေရာတွင် နိုင်းယှဉ်နိုင်သမျှနိုင်းယှဉ်နိုင်ရန် ကိန်းရှင်များကိုတည်ဆောက်ခဲ့သည်။ နောက်ဆုံးအနေဖြင့်လိုအပ်သည့်နေရာတွင် ကိန်းရှင်များ၏စာရင်းအင်းစစ်တမ်းများကို စစ်ဆေးခဲ့ပြီးကိန်းရှင်များကို ၂၀၁၄ လူဦးရေနှင့် အိမ်ထောင်စုသန်းခေါင်စာရင်းဖြင့် တိုက်ဆိုင်၍ အချိန်ကာလတစ်လျှောက် တွေ့ရှိရသည့် အလားအလာများမှာ ကျိုးကြောင်းသင့်လျော်မှုရှိ၊ မရှိ အကဲဖြတ်ရန် နိုင်းယှဉ်ခဲ့သည်။

ယုတ္တိကျသည့်နည်းလမ်းတွင် လေ့လာတွေ့ရှိထားသည့်လွတ်လပ်သောကိန်းရှင်များ (အိမ်ရာအခြေအနေ၊ ပစ္စည်းပိုင်ဆိုင်မှု နှင့်အလုပ်အကိုင်ရရှိမှုတို့ ပြောင်းလဲလာမှုကဲ့သို့)၏ ပြောင်းလဲမှုတို့နှင့်ချိတ်ဆက်နိုင်ပါက အချိန်ကာလတစ်လျှောက် ဆင်းရဲနွမ်းပါးမှုဆိုင်ရာပြောင်းလဲမှုများကို သတ်မှတ်ရန် အကောင်းဆုံးအခွင့်အရေးရှိသည်။ ပြင်ပထိတ်လန့်မှုများကြောင့် ဖြစ်

20 ဤအပိုင်းနှင့် ၎င်း၏နောက်ဆက်တွဲများကို ပူးတွဲဆင်းရဲနွမ်းပါးမှုသုံးသပ်ချက်၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် Badiani-Magnuson, Lanjouw, Prydz နှင့် van der Weile တို့ ထုတ်ဝေထားသော နောက်ခံစာတမ်းတစ်စောင်မှ အများအပြားကိုးကားထားပါသည်။ ထိုစာတမ်းတွင် တင်ပြထားသည့် သုံးသပ်ချက်၏ နောက်ထပ် ပညာရပ်ပိုင်းဆိုင်ရာ အသေးစိတ် ပါဝင်ပါသည်။

ပေါ်လာသည့် ပြောင်းလဲမှုများတွင် လေ့လာတွေ့ရှိထားသည့် အချက်အလက်များကို ကောင်းစွာ အသုံးပြု၍မရပါ။ ထို့ကြောင့်ကျွန်ုပ်တို့သည် အိမ်ထောင်စုတို့၏ စီးပွားရေးအခြေအနေများ တိုးတက်မှုနှင့် ချိတ်ဆက်ထားခြင်းထက်စာလျှင် စျေးကွက် သို့မဟုတ် ရရှိနိုင်မှုတွင် လျှင်မြန်သော သို့မဟုတ် ကြီးမားသောပြောင်းလဲမှုများဖြင့် ချိတ်ဆက်ထားသည့် ကိန်းရှင်များ ပျံ့နှံ့မှုကို သတိကြီးစွာ ချန်လှပ်ထားခဲ့ရသည်။ ဥပမာအနေဖြင့် မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်း ပိုင်ဆိုင်မှုမှာ၂၀၀၉/ ၁၀ ခုနှစ်တွင် ၄ ရာခိုင်နှုန်းမှ ၂၀၁၄ ခုနှစ်တွင် ၃၃ ရာခိုင် နှုန်း နှင့် ၂၀၁၅ ခုနှစ်တွင် ၅၅ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ မိုဘိုင်းဖုန်းပိုင်ဆိုင်မှု ကျယ်ပြန့်လာခြင်းမှာ ဆင်းကဒ်စျေးနှုန်းများ အကြီးအကျယ်ကျဆင်းသွားခြင်း၊ စျေးကွက်ကို ကန့်သတ်ထိန်းချုပ်ထားခြင်းမှ ဖြေလျှော့လိုက်ခြင်းနှင့် ပြုပြင်ပြောင်းလဲမှုတို့၏ ထင်ဟပ်ချက် ဖြစ်သည်။ ထို့ကြောင့် ဤလေ့လာဆန်းစစ်ချက်တွင် ယင်းကိန်းရှင်များကိုမထည့်သွင်းထားခြင်း ဖြစ်သည်။

ဇယား (က ၅.၁) တွင် အလားအလာရှိသည့် စားသုံးမှုဆိုင်ရာဆက်စပ်မှုများအဖြစ် ပါဝင်သည့် ကိန်းရှင်များကို ဖော်ပြထားသည်။ ကိန်းရှင်များကို အောက်ပါအမျိုးအစားများအတိုင်း ခွဲခြားထားနိုင်ပါသည်။ (၁) အိမ်ထောင်စုပစ္စည်းများ၊ (၂) အိမ်ရာ၊ (၃) အိမ်ထောင်စုလူဦးရေ၊ (၄) အလုပ်အကိုင်ရရှိမှုနှင့် (၅) ပညာရေးတို့ ဖြစ်သည်။ လေ့လာဆန်းစစ်ချက် ပြုလုပ်နေသည့်အချိန်တွင် ကျွန်ုပ်တို့အနေဖြင့် လူဦးရေနှင့်အိမ်ထောင်စုသန်းခေါင်စာရင်းမှ ထုတ်ပြန်ထားသည့်ပထမ အမျိုးအစား (၃) ခုမှ ကိန်းရှင်များကိုသာ နှိုင်းယှဉ်နိုင်ခဲ့ပါသည်။

## အဆင့် (၂) - မော်ဒယ်ပုံစံခန့်မှန်းခြင်းနှင့်ရွေးချယ်ခြင်း။

အောက်ပါမော်ဒယ်ပုံစံတည်ဆောက်ခြင်းမဟာဗျူဟာကို ကျွန်ုပ်တို့၏မော်ဒယ်ပုံစံများအား တည်ဆောက်ရန်အတွက် ဖော်ထုတ်ထားခြင်းဖြစ်သည်။ အောက်တွင်ဆွေးနွေးထားသည့် အဓိကမော်ဒယ်ပုံစံ (၂) မျိုးကို ဇယား (က ၅.၃) တွင် ဖော်ပြထားပါသည်။

ပထမအနေဖြင့် ကျွန်ုပ်တို့သည်လွတ်လပ်သောကိန်းရှင်များကို အုပ်စုခွဲများအဖြစ် ဖွဲ့စည်းလိုက်သည်။ လူဦးရေ (အိမ်ထောင်စုအရွယ်အစား၊ အသက်အပိုင်းအခြား၊ အိမ်ထောင်စုဦးစီး၏ လိင်သဘာဝ)၊ (အိမ်ထောင်ဦးစီးမှ) ပြောဆိုသည့် ဘာသာစကား၊ (အိမ်ထောင်ဦးစီး အပြင် အခြားအိမ်ထောင်စုဝင်တို့၏) ပညာရေး၊ အလုပ်အကိုင်ရရှိမှု (လုပ်သားအင်အား အခြေအနေနှင့် အိမ်ထောင်ဦးစီးမှလုပ်ကိုင်နေသောအခန်းကဏ္ဍ)၊ နေထိုင်သည့် အိမ်၏ သွင်ပြင်လက္ခဏာများ (အိမ်ခေါင်မိုး၊ နံရံများ၊ ကြမ်းပြင်၊ လျှပ်စစ်မီးနှင့် ဘေးကင်းသော သောက်ရေသန့်ရရှိမှု၊ ချက်ပြုတ်ရာတွင်လောင်စာဆီအသုံးပြုမှု) နှင့် ပစ္စည်းပိုင်ဆိုင်မှု (ထမင်းပေါင်းအိုး၊ ရေခဲသေတ္တာ၊ ပန်ကာ၊ အဝတ်လျှော်စက်၊ မီးဖို၊ တီဗီ၊ ကား၊ မော်တော် ဆိုင်ကယ်၊ စက်ဘီး စသည်ဖြင့်) တို့ဖြစ်သည်။ ဤလွတ်လပ်ကိန်းရှင်အုပ်စု တစ်ခုချင်းစီကို အိမ်ထောင်စုအတွင်း အရွယ်ရောက်ပြီး သူတစ်ဦး၏အသုံးစရိတ် မျှခြေအပေါ်တွင် (မြို့ပြကိန်းရှင်မှာမူအစဉ်အမြဲပါဝင်ပါသည်။) တိုင်းတာထားခြင်းဖြင့် အိမ်ထောင်စု အသုံးစရိတ် ၏မှန်းဆချက်များကို ကိန်းရှင်အမျိုးအစားများစွာက မည်သို့အဆင့်သတ်မှတ်ရမည်နှင့်ပတ်သက်ပြီး အဦးဆုံး စိတ်ကူးကို ရရှိစေပါသည်။ လူဦးရေပြီးလျှင် အိမ်၏သွင်ပြင်လက္ခဏာများနှင့် ပစ္စည်းပိုင်ဆိုင်မှုကိန်းရှင်များကို အခိုင်မာဆုံး ခန့်မှန်းချက်များအဖြစ် သတ်မှတ်သည်။

ထို့နောက် လွတ်လပ်သောကိန်းရှင်အုပ်စုများကို စုပေါင်းလိုက်ခြင်းဖြစ်သည်။ ထင်ရှားမှုမရှိသည့်ကိန်းရှင်များကို မော်ဒယ်ပုံစံမှဖယ်ချန်ထားခဲ့သည်။ ကိန်းရှင်အမျိုးအစားအားလုံးတွင် အရေးပါသည့်ဖြန့်ဝေမှု ပြုလုပ်သည်ကို တွေ့ရှိရပါသည်။ နေစရာအိမ်၊ ပစ္စည်းနှင့်လူဦးရေ ကိန်းရှင်များကို ထိန်းချုပ်ထားခြင်း၊ ပညာရေးနှင့်အလုပ်အကိုင်ရရှိမှု ကိန်းရှင်များအား မော်ဒယ် ပုံစံ၏ Goodness-of-fit (မျှော်လင့်တန်ဖိုးနှင့် တွေ့ရှိအချက်အလက်တို့၏ ကိုက်ညီမှု အတိုင်းအတာ) ထဲသို့ ထင်ရှားစွာ ထည့်သွင်းထားပါသည်။ အုပ်စုအားလုံးမှ ကိန်းရှင်များကို ဖော်ပြပြီးသည်နှင့် တစ်ပြိုင်နက်ကျွန်ုပ်တို့သည် goodness-of-fit အတွင်း နောက်ထပ် တိုးတက်မှုရှိနိုင်၊ မရှိနိုင်ကို ရှာဖွေ ဖော်ထုတ်ပါသည်။ ယင်းသို့ ပြုလုပ်ရာတွင် မြို့ပြ-ကျေးလက် ဆိုင်ရာ အမျိုးအစား စုံလင်မှုကို မှတ်တမ်းတင်ရန် မြို့ပြဆိုင်ရာနမူနာတို့နှင့် အပြန်အလှန် ချိတ်ဆက်မှုလည်း ပါဝင်

ပါသည်။ အစီအစဉ်တစ်လျှောက်တွင် ကျွန်ုပ်တို့သည် နှစ်ခု (သို့) နှစ်ခု ထက်ပိုသည့် ကိန်းရှင်များ မြင့်မားစွာဆက်စပ်နေသည့်ဖြစ်စဉ်နှင့် မျှော်လင့် ထားသည်နှင့် ဆန့်ကျင်သော တိုင်းတာမှု မြောက်ဖော်ကိန်းများအား ဖြစ်နိုင်ခြေရှိ၊ မရှိကို အကဲဖြတ်ထားပါသည်။ တစ်ဦးချင်းအတွက် စစ်တမ်းအရေးပါမှုကိုအသုံးပြု၍ ကိန်းရှင်များ ဆက်စပ် ပတ်သက်မှုအားလုံးကို ချိန်ညှိထားပါသည်။ ဤအစီအစဉ်၏ ရလဒ်သည် "မော်ဒယ်ပုံစံ - ၁" ပင်ဖြစ်သည်။

မော်ဒယ်ပုံစံ (၁) သည် ၂၀၀၄/၀၅ ခုနှစ်နှင့် ၂၀၀၉/၁၀ ခုနှစ်အချက်အလက်များကိုသာမက ၂၀၀၉/၁၀ ခုနှစ် အချက်အလက်များကို တန်ဖိုးလျော့ကျသွားစေသည့် စုစုပေါင်းပမာဏ (၂) ခုပေါင်း အချက်အလက်အစုများကိုလည်း ခန့်မှန်း ထားပါသည်။ ၂၀၀၉/၁၀ ခုနှစ် အချက်အလက်များအတွက် ခန့်မှန်းထားသည့်မော်ဒယ်ပုံစံကို ၂၀၁၅ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်ပါက (ဆိုလိုသည်မှာ မော်ဒယ်ပုံစံသည် အချိန်နှင့်တစ်ပြေးညီပင် သင့်တော်သည့်တည်ငြိမ်မှု အတိုင်းအတာကို ပြသလာသည့်အခါ) ကျွန်ုပ်တို့၏ ယုတ္တိကျသည့် နည်းလမ်းတို့ကို အခြေခံထားသော ၂၀၁၅ ခုနှစ် ဆင်းရဲနွမ်းပါးမှု ခန့်မှန်းချက်သည် အတိကျဆုံးဖြစ်လာမည်ဖြစ်သည်။ ထိုအရာကို မှတ်သားထား၍ မော်ဒယ် (၁) ၏ ၂၀၀၄/၀၅ ခုနှစ်နှင့် ၂၀၀၉/၁၀ ခုနှစ် ကြားရှိ Regression Coefficient များ (စီးပွါးရေးအရ အရေးပါသော) ပြောင်းလဲလာမှုကိုလည်း သတိပြုရမည်ဖြစ်သည်။ "မော်ဒယ်ပုံစံတည်ငြိမ်ခြင်းစမ်းသပ်မှု" ကို မအောင်မြင်သည့် ကိန်းရှင်များကို လျှော့ချလိုက်ခြင်းဖြင့် ကျွန်ုပ်တို့တွင်သိသာစွာလျော့ကျလာသည့် ဒုတိယပုံစံ (မော်ဒယ်ပုံစံ - ၂) ကိုရရှိ ပါသည်။

ယုတ္တိကျခြင်းအတွက် ကျွန်ုပ်တို့နှစ်သက်သည့်မော်ဒယ်ပုံစံမှာ မော်ဒယ်ပုံစံ (၁) ဖြစ်၍ ၎င်းမှာ စစ်တမ်းများနှင့် ဆင်းရဲနွမ်းပါးမှုခန့်မှန်းချက် နည်းလမ်းများတစ်လျှောက်တွင် အတည်ငြိမ်ဆုံး ဖြစ်သောကြောင့်ဖြစ်သည်။ သို့ရာတွင် မြန်မာနိုင်ငံတွင် မကြာသေးမီနှစ်များက အိမ်ထောင်စုပစ္စည်းပိုင်ဆိုင်မှု အမျိုးမျိုးနှင့်စပ်လျဉ်း၍ လျှင်မြန်သည့် ပြောင်းလဲမှုတို့က ပစ္စည်းပိုင်ဆိုင်မှုနှင့် အထွေထွေလူမှုဖူလုံရေးတို့ကြားရှိ ဆက်စပ်မှုတွင် တည်ငြိမ်မှုကို ထိပါးစေနိုင်သည်ဟူသော ဖြစ်နိုင်ခြေကို ထည့်သွင်းစဉ်းစားထားရန် အရေးကြီးသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မော်ဒယ်ပုံစံ (၂) အတွက် ရလဒ်များကိုလည်း ဖော်ပြထားသည်။ ယင်းမော်ဒယ်ပုံစံမှာ ပိုင်ဆိုင်မှုပစ္စည်း ကိန်းရှင် အနည်းငယ်အပေါ်တွင်သာ အမှီပြုထားပြီး ၂၀၀၄/၀၅ ခုနှစ်နှင့် ၂၀၀၉/၁၀ ခုနှစ် ကြားတွင် တည်ငြိမ်သည့် မြောက်ဖော်ကိန်းများ (အထူးသဖြင့် ရေခဲသေတ္တာ၊ တီဗီနှင့် မော်တော် ဆိုင်ကယ်ပိုင်ဆိုင်ခြင်း)ကိုသာ သရုပ်ပြထားသည်။

ခြုံငုံသုံးသပ်လိုက်သည့်အခါတွင် မော်ဒယ်ပုံစံမှ မြောက်ဖော်ကိန်းများအနေဖြင့် အိမ်ထောင်စုတို့၏သွင်ပြင် လက္ခဏာများသည် အိမ်ထောင်စုတို့၏ လူမှုဖူလုံရေးနှင့် မည်သို့ ကွဲပြားနေသည် ဟူသော မျှော်မှန်းချက်များနှင့် ကျယ်ပြန့်စွာကိုက်ညီသည်။ ကွဲပြားနေပုံ တို့မှာ (၁) အရွယ်ရောက်ပြီးသူ တစ်ဦးချင်းစီ၏ စားသုံးမှုမျှခြေမှာ အိမ်ထောင်စု အရွယ်အစားနှင့် အညီလျော့ကျသွားသည်။ (၂) အိမ်ထောင်ဦးစီးအတွက် ပညာရေးမှ ရရှိသည့် အကျိုးအမြတ်မှာ အပေါင်းလက္ခဏာဆောင်သည်။ (၃) စိုက်ပျိုးရေးနှင့်ကျပန်းအလုပ်တို့မှာ စားသုံးမှု နည်းပါးရခြင်းနှင့် ဆက်စပ်သည်။ (၄) နေထိုင်ရာအိမ်၏ သွင်ပြင်လက္ခဏာများ ပိုမိုကောင်းမွန်လာခြင်းသည် စားသုံးမှုပို၍များပြားလာခြင်းနှင့် ဆက်စပ်သည်။ (၅) ပစ္စည်းပိုင်ဆိုင်မှုသည် စားသုံးမှုနှင့် ခိုင်မာ၍ အပေါင်းလက္ခဏာဆောင် သည့်ဆက်စပ်မှုရှိသည်။

## အဆင့် (၃) ယုတ္တိကျခြင်းနှင့် ခိုင်မာခြင်း။

ကျွန်ုပ်တို့အနေဖြင့် မော်ဒယ်ပုံစံကို စိတ်ကျေနပ်မှုရှိသည်နှင့်တစ်ပြိုင်နက် အပိုင်း က ၂.၂.၁ တွင် ဖော်ပြထားသည့် များစွာသော ယုတ္တိကျသည့်နည်းလမ်းတို့ကို အသုံးပြု၍ ဆင်းရဲနွမ်းပါးမှုကို ခန့်မှန်းပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့ (၂၀၀၇) ဆင်းရဲနွမ်းပါးမှုခန့်မှန်းချက်တို့တွင် ၂၀၀၉/ ၁၀ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်ကြား အလားအလာတို့ကို တွက်ချက်ရန်အတွက် ၂၀၀၄/၀၅ ခုနှစ်စစ်တမ်း၊ ၂၀၀၉/၁၀ ခုနှစ်စစ်တမ်း (သို့) လူမှုဖူလုံရေးစုစုပေါင်းပမာဏကို ဖြစ်ပေါ်လာစေသည့်စစ်တမ်း (၂) ရပ်တို့ကို အသုံးပြု၍ ကျွန်ုပ်တို့၏ခန့်မှန်း မော်ဒယ်ပုံစံ

ရွေးချယ်မှု ရှိပါသည်။ ကျွန်ုပ်တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့ (၂၀၀၇) နှင့် ကမ္ဘာ့ဘဏ် (၂၀၁၄) နည်းလမ်း နှစ်ခုစလုံးတို့ကို အသုံးပြုထားသည့် (၂၀၀၉/၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ် အထိ) ဆင်းရဲနွမ်းပါးမှုခန့်မှန်းချက်တွင် နောက်ဆုံးအလားအလာကိုသာ စိတ်ဝင်စားသောကြောင့် ကျွန်ုပ်တို့၏အဓိက ရလဒ်များကို ၂၀၀၉/၁၀ ခုနှစ်မှ စုစုပေါင်းပမာဏကိုအသုံးပြု၍ မော်ဒယ်ပုံစံများကို ခန့်မှန်းထားပြီး ၂၀၁၅ ခုနှစ်နှင့် ၂၀၀၄/၀၅ ခုနှစ်အတွက် ဆင်းရဲနွမ်းပါးမှုတွက်ချက်ရန် သုံးသည့်မော်ဒယ်ပုံစံများကို အသုံးပြုထားသည်။

စစ်တမ်းတစ်ခုမှတစ်ခုအကူးအပြောင်းတွင် ပျောက်ဆုံးနေသော စားသုံးမှုအချက်အလက်များကို တွက်ချက်မှုများတွင် စားသုံးမှုနှင့် ၎င်းကိုမှန်းဆချက်များကြားရှိ ခန့်မှန်းဆက်နွယ်မှုသည် အချိန်ကာလအလိုက် တည်ငြိမ်မှုရှိသည်ဟု ယေဘူယျအားဖြင့် ယူဆထားသည်။ (အစဉ်အမြဲအားဖြင့် တိုက်ရိုက်စမ်းသပ်၍မရနိုင်သည့် ယူဆချက်ဖြစ်သည်။) သုံးစွဲရသည့် အစားအစာကုန်ကျစရိတ်ပစ္စည်းစာရင်းကို ၂၀၀၄/၀၅ ခုနှစ်နှင့် ၂၀၀၉/၁၀ ခုနှစ်ကြားတွင် ထပ်မံတိုးချဲ့လိုက်သော်လည်း IHLCA-I နှင့် IHLCA-II မေးခွန်းပုံစံတို့တွင် ပါဝင်သည့် အခြားအသုံးစရိတ်မော်ဂျူး အစိတ်အပိုင်းအားလုံးမှာမူ အချိန်နှင့်အမျှ ပြောင်းလဲမှုမရှိပေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် မြှောက်ဖော်ကိန်းလက္ခဏာ၏ တည်ငြိမ်မှုကို အချိန်နှင့်အလိုက် အကဲဖြတ်ဆန်းစစ်ပြီး ကျွန်ုပ်တို့၏တွက်ချက်မှုကို မော်ဒယ်ပုံစံအမျိုးမျိုးအလိုက် မြင့်မားသည့် တည်ငြိမ်မှုရှိသည့် မြှောက်ဖော်ကိန်းများသာပါဝင်ရန် ကန့်သတ်ထားပါသည်။ ကျွန်ုပ်တို့သည် အချိန်ကာလတစ်လျှောက် အမြင့်မားဆုံး ခန့်မှန်းပါဝါနှင့် မြှောက်ဖော်ကိန်း၏ တည်ငြိမ်မှုအကြီးမားဆုံးရှိသည့် မော်ဒယ်ပုံစံကိုသာ ဖော်ပြထားပါသည်။ စားသုံးမှုကို ရှေ့သို့ (၂၀၀၄/၀၅ ခုနှစ်၏ မော်ဒယ်ကိုအခြေခံ၍ ၂၀၀၉/၁၀ ခုနှစ်ဆီသို့) နှင့် နောက်ပြန် (၂၀၀၉/၁၀ ခုနှစ်၏ မော်ဒယ်ကို အခြေခံ၍ ၂၀၀၄/၀၅ ခုနှစ်ဆီသို့) တွက်ချက်၍ မော်ဒယ်ပုံစံကိုစမ်းသပ်ထားသည်။ ရှေ့သို့နှင့်နောက်ပြန် တွက်ချက်မှုသည် ကျွန်ုပ်တို့အား မော်ဒယ်ပုံစံမှာ ကျိုးကြောင်းညီညွတ်ကြောင်း အထောက်အထားပြခွင့်ပေးပါသည်။ သို့မှသာ ခန့်မှန်းမှုများသည် အခြေတည်နစ် ရွေးချယ်မှုနှင့် မော်ဒယ်သတ်မှတ်ခြင်းတို့ဖြင့် သဟဇာတဖြစ်ကြောင်း သေချာစေမည်ဖြစ်သည်။

ကျွန်ုပ်တို့အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့ (၂၀၀၇) မှ စားသုံးမှု စုစုပေါင်းအတွက် ဤစမ်းသပ်မှုများကို ပြုလုပ်နိုင်ပါသည်။ ကမ္ဘာ့ဘဏ် (၂၀၁၄) မှ ဖော်ပြထားသည့် စားသုံးမှုစုစုပေါင်းအတွက် ဤစမ်းသပ်မှုကို ပြုလုပ်၍မရပါ။ ကမ္ဘာ့ဘဏ် (၂၀၁၄) ၏ စုစုပေါင်းပမာဏကို အဓိကအစားအစာစားသုံးမှု ညွှန်းကိန်းအဖြစ် ပြီးခဲ့သည့် (၇) ရက်နှင့် ရက်ပေါင်း (၃၀) အတွင်းကပြုလုပ်ခဲ့သည့် စားသုံးမှုကို အသုံးပြု၍ တည်ဆောက်ထားပါသည်။ ဤမေးခွန်းကို IHLCA-I တွင်မဟုတ်ဘဲ IHLCA-II တွင် မေးမြန်းထားသောကြောင့် IHLCA-I တွင် ကမ္ဘာ့ဘဏ် (၂၀၁၄) နည်းလမ်းကို အသုံးပြု၍ နှိုင်းရစားသုံးမှုစုစုပေါင်းပမာဏကို ဖော်ထုတ်ရန်မဖြစ်နိုင်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် ကမ္ဘာ့ဘဏ် (၂၀၁၄) (သို့) စုစုပေါင်းပမာဏအတွက် ယူဆချက် (၁) နှင့် (၂) တို့ကို စမ်းသပ် ရန်မဖြစ်နိုင်ပါ။

လာမည့်အပိုင်းတွင် ကျွန်ုပ်တို့သည် ယူဆချက် (၁) နှင့် (၂) အတွက် စမ်းသပ်မှုသုံးမျိုးကို ဖော်ပြပေးထားပါသည်။

## က ၂.၂.၂ ခိုင်လုံကြောင်းသက်သေပြမှုနှင့် ခိုင်မာမှုစစ်ဆေးချက်များ

ကျွန်ုပ်တို့၏အဆိုပြုနည်းပညာနှင့်မော်ဒယ်ပုံစံတို့၏တိကျမှုကိုစမ်းသပ်ထားသည့်ခိုင်လုံကြောင်းသက်သေပြမှုနှင့် ခိုင်မာမှု စစ်ဆေးချက်သုံးရပ်ကို ပြုလုပ်ထားသည်။ ယင်းတို့မှာ (၁) ယူဆချက်-၁ အပေါ် သွယ်ဝိုက်စမ်းသပ်ချက်၊ (၂) ယူဆချက်-၁ အပေါ် တိုက်ရိုက်စမ်းသပ်ချက်နှင့် (၃) အချိန်ပေါ် တွင်မှီခိုမှုမရှိသည့် မော်ဒယ်ပုံစံယူဆချက်ကို ဖြေလျှော့ခြင်းတို့ပင်ဖြစ်သည်။ စမ်းသပ်ချက်များကို ၂၀၀၄/၀၅ ခုနှစ်နှင့် ၂၀၀၉/၁၀ ခုနှစ်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့ (၂၀၀၇) မှ စုစုပေါင်းအချက်အလက်တို့ပေါ်တွင် မူတည်၍ ဆောင်ရွက်ခဲ့သည်။ သို့မှသာ စစ်တမ်းအချက်အလက်များ[21] အပေါ် အခြေခံသည့် တရားဝင်ခန့်မှန်းချက်များနှင့်ဆန့်ကျင်လျှက် ယုတ္တိကျသည့် ခန့်မှန်းချက်များကို အဆင်သင့်ပင် အကဲဖြတ်နိုင်မည်ဖြစ်သည်။

ပထမဆုံးအနေနှင့် ယူဆချက်-၁ အပေါ်သွယ်ဝိုက်ဆန်းသပ်ချက်တွင် ကျွန်ုပ်တို့သည် စစ်တမ်းများမှ ရှာဖွေတွေ့ရှိထားသည့် ခန့်မှန်းချက်များကို ယုတ္တိကျသည့်နည်းလမ်းမှ ခန့်မှန်းချက်များဖြင့် စစ်ဆေးပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့ (၂၀၀၇) နည်းလမ်း အပေါ်တွင် အခြေတည်သည့် ဤစစ်တမ်းများ၏ တရားဝင် ဆင်းရဲနွမ်းပါးမှု ဆိုင်ရာ ခန့်မှန်းချက်များသည် ဆင်းရဲနွမ်းပါးမှုမှာ ၂၀၀၄/၀၅ ခုနှစ်တွင် ၃၂.၁ ရာခိုင်နှုန်း မှ ၂၀၀၉/၁၀ ခုနှစ်တွင် ၂၅.၆ ရာခိုင်နှုန်းအထိ လျော့နည်းသွားကြောင်း ပြသထားပါသည်။ ယေဘူယျအားဖြင့် အရှိန်မှာအနည်းငယ်ပို၍ နှေးသွားသော်လည်း (အထူးသဖြင့် မော်ဒယ် (၂) အတွက်) ယုတ္တိကျသည့်ခန့်မှန်းချက် အမှတ်တို့တွင် အလားအလာများ၌ တူညီသည့် ဦးတည်ရာရှိသည်။ သို့သော် ယုတ္တိကျသည့် ခန့်မှန်းမှုများမှာ တရားဝင် စစ်တမ်းခန့်မှန်းမှုများ၏ ၉၅ ရာခိုင်နှုန်း ယုံကြည်မှုရှိသည့်ကြား အတွင်းတွင်ရှိသောကြောင့် ကျွန်ုပ်တို့အတွက် မော်ဒယ်ပုံစံသည် နမူနာ၏ အတွင်းရော အပြင်တွင်ပါ စိတ်ကျေနပ်ဖွယ်ကောင်းစွာ လုပ်ဆောင်သည်ကို သေချာစေပါသည်။

ဤခိုင်လုံကြောင်းသက်သေပြမှု လုပ်ဆောင်ချက်သည်လည်း ၂၀၀၉/၁၀ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့ (၂၀၀၇) ၏ ဆင်းရဲနွမ်းပါးမှုဆိုင်ရာခန့်မှန်းချက်ရှိ ယုတ္တိကျသည့် အလားအလာအတွက် မည်သည့် စုစုပေါင်းပမာဏ (၃) ခု ကို ရွေးချယ်ရန်ကို ကျွန်ုပ်တို့အား ကူညီဆုံးဖြတ်ပေးပါသည်။ ၂၀၀၉/၁၀ စုစုပေါင်းတွင် တွက်ချက်ထားသည့် ခန့်မှန်းချက်များထက် ပို၍ကောင်းမွန်သော လုပ်ဆောင်ချက်နှင့် ဆင်းရဲနွမ်းပါးမှုခန့်မှန်းချက်များ၏ နောက်ဆုံးအလားအလာကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့ (၂၀၀၇) နှင့် ကမ္ဘာ့ဘဏ် (၂၀၁၄) နည်းလမ်းနှစ်ရပ်လုံးအားအသုံးပြု၍ နားလည်ခြင်းတွင် အဓိကစိတ်ဝင်စားနေသည့် အကြောင်းကြောင့် ကျွန်ုပ်တို့သည် ၂၀၀၉/၁၀ ခုနှစ် စုစုပေါင်းပမာဏပေါ်တွင် အခြေခံသည့် ကျွန်ုပ်တို့၏ အဓိကရလဒ်များအဖြစ် ဖော်ပြရန်ရွေးချယ်လိုက်ခြင်းဖြစ်သည်။

ဒုတိယအချက်မှာ မော်ဒယ်ပုံစံသည် အချိန်နှင့်တစ်ပြေးညီပင် တည်ငြိမ်မှုရှိသည်ဟူသော ယူဆချက်၏ ခိုင်မာမှုကို တိုက်ရိုက်အကဲဖြတ်ရန် စစ်တမ်းများတစ်လျှောက် ကျွန်ုပ်တို့၏ မော်ဒယ်ပုံစံများမှ မြှောက်ဖော်ကိန်းတို့၏ လက္ခဏာနှင့် ပမာဏ၏ တည်ငြိမ်မှုကို စစ်ဆေးထားသည်။ တည်ငြိမ်မှုမရှိကြောင်းပြနေသည့် မြှောက်ဖော်ကိန်းများကို ဖယ်ချန် ထားရမည့် မော်ဒယ်ပုံစံကိုရွေးချယ်ရာတွင် ယူဆချက် (၁) ကြောင့် စိတ်ကျေနပ်မှု ရရှိစေသည်မှာ အကြွင်းမဲ့ သေချာပါသည်။ မြှောက်ဖော်ကိန်းတို့၏ပမာဏများမှာ ကွဲပြားခြားနားနေပြီး ၎င်းတို့မှာ အားလုံးမဟုတ်သော်လည်း စစ်တမ်းအများစုအတွက် အတော်အတန်တည်ငြိမ်မှုရှိသည်မှာ အထင်အရှားပင် ဖြစ်သည်။

21 ၎င်းစမ်းသပ်ချက်များ၏ နောက်ထပ်အသေးစိတ်ကို Badiani-Magnuson, Lanjouw, Prydz နှင့် van der Weile တို့၏ နောက်ခံစာတမ်းတွင် တွေ့နိုင်ပါသည်။ ထိုစာတမ်းတွင် တင်ပြထားသည့် သုံးသက်ချက်၏ နောက်ထပ်နည်းပညာပိုင်းဆိုင်ရာအသေးစိတ် ပါဝင်ပါသည်။

တတိယအချက်အနေဖြင့် အချိန်ကို ထည့်သွင်းစဉ်းစားမှုမရှိသည့် မြောက်ဖော်ကိန်းတို့၏ ယူဆချက်ဖြေလျော့ထားသည်ကို သေချာစေမည့် ခိုင်မာမှုစစ်ဆေးချက်များအား ဆောင်ရွက်ထားသည်။ ထို့ကြောင့် လက်ရှိအချိန်ထိ ယုတ္တိကျသည့်နည်းလမ်းကို အခြေခံထားသော ဆင်းရဲနွမ်းပါးမှုခန့်မှန်းချက်တို့မှာ ယူဆချက်များဖြစ်သည့် အိမ်ထောင်စု၏ စားသုံးမှု ကုန်ကျစရိတ်ကိုဖော်ပြသော မော်ဒယ်ပုံစံသည် အချိန်နှင့်အလိုက်ပင်တည်ငြိမ်မှု ရှိသည် ဟူသော ယူဆချက်နှင့် ၂၀၀၉/၁၀ ခုနစ်မှ အချက်အလက်တို့ကို ခန့်မှန်းခဲ့သည့်မော်ဒယ်ပုံစံကို ၂၀၁၅ ခုနစ်၏ ဆင်းရဲနွမ်းပါးမှုခန့်မှန်းချက်များကို ရရှိရန်အသုံးပြုနိုင်သည်ဟူသော ယူဆချက် အောက်တွင် ရရှိခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် အချိန်၏လုပ်ဆောင်ပုံ အတိုင်းအတာအဖြစ် ရွေးချယ်ထားသည့် Regression Coefficient တို့ကို ပေါ်ပေါ်ထင်ထင် စံနမူနာထားခြင်းဖြင့် ဤယူဆချက်ကို ဖြေလျော့နိုင်သည်။ အချိန်အလားအလာ၏အစဉ်အတိုင်း ရှိခြင်းကို မော်ဒယ်ပုံစံဖြင့် အံဝင်ခွင်ကျဖြစ်စေရန် အချက်အလက် ကောက်ယူမှု နှစ်ကြိမ်သာရှိသည် ဟူသော အချက်ဖြင့် သတ်မှတ်သည် (၂၀၀၄/၀၅ နှင့် ၂၀၀၉/၁၀)။ အချက်အလက် ကောက်ယူမှု အကြိမ်ပို၍များလာပါက အချိန်မတူသည့် Regression Coefficient တို့အတွက် ပို၍ပြုလွယ်ပြင်လွယ်သော ဆောင်ရွက်မှုပုံစံများကို စည်းမျဉ်းတကျ ထည့်သွင်းစဉ်းစားနိုင်မည်ဖြစ်သည်။ ဤနည်းလမ်းအတွက် အသေးစိတ်ထပ်မံ သိရှိလိုပါက စိတ်ဝင်စားသည့် သူများအတွက် ဤနည်းလမ်းကို ရှေ့ဆက်လေ့လာထားပြီး နိုင်ငံအတော်များများတွင် အသုံးပြုခဲ့သော Nguyen နှင့် van der Weide (၂၀၁၆) ကိုညွှန်းပေးလိုပါသည်။

# နောက်ဆက်တွဲ က ၃

## မြို့နယ်များပါဝင်မှုနှင့် ဆင်းရဲနွမ်းပါးမှုခန့်မှန်းခြင်းများအတွက် ခန့်မှန်းအစားထိုးခြင်းများ

လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် မြို့နယ် ၄၅ ခုတို့သည် IHLCA-I နှင့် IHLCA-II နမူနာ နယ်ပယ်များတွင် ပါဝင်ခြင်းမရှိပါ။ ထိုပါဝင်ခြင်းမရှိသော၊ သွားရောက်ရန်ခက်ခဲသည့်ဒေသများကို ပုံ က ၃.၁ တွင်တွေ့နိုင်ပါသည်။ ထို့အပြင် အိမ်ထောင်စုနှင့်လူဦးရေကိန်းဂဏန်း မရရှိနိုင်သည့် ရပ်ကွက်နှင့်ကျေးရွာ အုပ်စုများကို ချန်လှပ်ခဲ့ပါသည်။ သန်းခေါင်စာရင်း ကောက်ယူသည့်အချိန်တွင် မပါဝင်သည့် ခန့်မှန်းခြေလူဦးရေမှာ အိမ်ထောင်စု ၃၄၃,၁၃၀ စုနှင့် လူဦးရေ ၁,၇၈၇,၇၀၈ နီးပါးဖြစ်သည် (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့၊ ၂၀၁၀)။

ပုံ က ၃.၁

IHLCA-I နှင့် IHLCS-II တို့တွင်မပါဝင်သော၊ မရောက်ရှိနိုင်သေးသောဒေသများ၏ မြေပုံ

မြေပုံအညွှန်း

- IHLCA လေ့လာရေး နမူနာ ရွေးချယ်ထားသည့်ဒေသများ
- နမူနာ မရွေးချယ်မီ မပါဝင်သည့် မြို့နယ်များ
- နမူနာ ရွေးချယ်ပြီး မရောက်နိုင်သည့် မြို့နယ်များ




**Source:** Government of Myanmar et al. (2011c)

၂၀၁၄ မြန်မာလူဦးရေနှင့် အိမ်ထောင်စုစာရင်းကို IHLCA နမူနာတွင်မပါသည့် မြို့နယ်များတွင် ကောက်ယူခဲ့ခြင်းဖြစ်သည်။ ထိုအချက်အလက်များသည် ကျွန်ုပ်တို့ကို IHLCA နမူနာတွင် ပါဝင်သော မြို့နယ်များနှင့် မပါဝင်သောမြို့နယ်များကို ရိုးရှင်းစွာနှိုင်းယှဉ်ခွင့်ပေးသည်။ သန်းခေါင်စာရင်းကောက်ခံရာတွင် အိမ်ထောင်စုများ၏ သွင်ပြင်လက္ခဏာများအကြောင်း အချက်အလက်များစွာရရှိသည်။ ကွဲပြားမှုများစွာဖြစ်သည့် အသက်၊ ကျား-မ အချိုးအစားများ၊ အိမ်ထောင်စု အရွယ်အစား၊ ပိုင်ဆိုင်သောပစ္စည်းနှင့် နေအိမ်၏သွင်ပြင်လက္ခဏာများသည် အိမ်ထောင်စုများ၏ အထွေထွေပစ္စည်းဥစ္စာကြွယ်ဝမှုနှင့် ခိုင်မာစွာအပြန်အလှန်ဆက်စပ်လျက်ရှိသည်။ ဥပမာ အလင်းရောင်အတွက် လျှပ်စစ်မီးကိုအများဆုံးအသုံးပြုသည့် ဒေသများသည် ဖယောင်းတိုင် သို့မဟုတ် ရေနံဆီကို အဓိကအားကိုးရသည့်ဒေသများထက် ပိုမိုချမ်းသာနိုင်ဖွယ်ရှိသည်။ သန်းခေါင်စာရင်းအချက်အလက်၏ အဓိကအပိုင်းကို ပိုင်းခြားစိတ်ဖြာမှုက ထိုအထွေထွေဆက်နွယ်မှုများကို အတည်ပြုသည်။

## ပါဝင်သောမြို့နယ်များနှင့် မရောက်ရှိနိုင်သောမြို့နယ်များအား နှိုင်းယှဉ်ခြင်း

IHLCA နမူနာတွင် ပါဝင်သောမြို့နယ်များနှင့် မရောက်ရှိနိုင်သောမြို့နယ်များ နှိုင်းယှဉ်ခြင်းဖြင့် ချန်ခဲ့သောဒေသများသည် ပါဝင်သောဒေသများနှင့် စံနစ်တကျခြားနားမှုရှိ-မရှိ အကဲဖြတ်နိုင်ရန် အထောက်အကူဖြစ်ပြီး ထိုသို့ မြို့နယ်များပါဝင်နိုင်မှု ရှိခြင်းနှင့် မရှိခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် မမျှတသည့်လားရာနှင့် ပမာဏ အချက်အလက်အချို့ကိုရရှိသည်။ ယင်းက IHLCA နမူနာတွင်မပါသည့် လူဦးရေအချိုးကို အတည်ပြုနိုင်ခွင့်လည်းပေးခဲ့သည်။

ဇယား က ၃.၁ တွင် IHLCA တွင်ပါဝင်သည့်မြို့နယ်များနှင့် ချန်လုပ်ခဲ့သည့်မြို့နယ်များ၏ အဓိကသွင်ပြင်လက္ခဏာ များကိုနှိုင်းယှဉ်ဖော်ပြထားသည်။ ရိုးရှင်းစေရန်အတွက် မြို့နယ်များ၏ သွင်ပြင်လက္ခဏာများကို ငွေကြေးအခြေအနေ ကောင်းမှုနှင့် မကောင်းမှုတို့ကို မူတည်၍ အုပ်စုခွဲထားသည်။ အထွေထွေပြည့်စုံဖူလုံမှု၏ အတိုင်းအတာကိုလည်း ညွှန်းကိန်းတစ်ခုတည်းဖြင့် အကျဉ်းချုပ်ထားပြီး ထိုသွင်ပြင်လက္ခဏာအားလုံး၏ အဓိကအစိတ်အပိုင်းလေ့လာ သုံးသပ်မှုနှင့်အတူဖော်ပြထားသည်။ ဇယား က ၅.၃ တွင် ပြည်နယ်တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်ဖော်ပြမှုကို ပို၍ခွဲခြမ်းထားသည်။ ထိုအတိုင်းအတာအားလုံးကို မြို့နယ်လူဦးရေပမာဏနှင့် ချိန်ထိုးထားသည်။ အကဲဖြတ်ထားသည့် ကွဲပြားသောအရာများ အားလုံးနီးပါးနှင့် မပါဝင်သည့်မြို့နယ်များပါရှိသည့် ပြည်နယ်များနှင့် တိုင်းဒေသကြီးများ တစ်လျှောက် ပို၍အခြေအနေကောင်းမှု (လျှပ်စစ်မီးရရှိမှု၊ ပစ္စည်းပိုင်ဆိုင်မှု စသည်) နှင့် သက်ဆိုင်သည့် သွင်ပြင် လက္ခဏာများသည် IHLCA နမူနာ နယ်ပယ်တွင် ချန်လုပ်ထားသည့်ဒေသများထက် ပါဝင်သောဒေသများတွင် ပိုမိုမြင့်မားသည်မှာ ထင်ရှားသည်။ ယင်းက မပါဝင်သည့် မြို့နယ်များသည် ပို၍အခြေအနေမကောင်းနိုင်ဖွယ် ရှိကြောင်းနှင့် ထို့ကြောင့် အကယ်၍ မြို့နယ်အားလုံးကို နမူနာတွင် ထည့်သွင်းနိုင်လျှင် ဆင်းရဲနွမ်းပါးမှုခန့်မှန်းချက်များ ပိုမိုမြင့်မားလာနိုင်သည်။ သို့သော် ဤသက်ရောက်မှု၏ ပမာဏကို တိကျသည့် ခန့်မှန်းမှု ပြုလုပ်ရန် မဖြစ်နိုင်ပါ။ ချန်လုပ်ခဲ့သည့်မြို့နယ်များရှိ အထွေထွေ လူဦးရေအားလုံးအရ နမူနာနယ်ပယ်မှ ချန်လုပ်ခဲ့သောလူဦးရေအချိုးမှာ ၄.၈ ရာခိုင်နှုန်းရှိကြောင်းနှင့် ယင်းသည် IHLCA-I နည်းပညာပိုင်းဆိုင်ရာ မှတ်တမ်းမှတ်ရာများ (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်အဖွဲ့၊ ၂၀၁၀) တွင် ဖော်ပြထားသည့် ခန့်မှန်းခြေနှင့် တူညီမှုရှိသည်။

ဇယား က ၃.၁

IHCLA နမူနာနယ်ပယ်အတွင်းပါဝင်သော၊မရောက်ရှိနိုင်သော မြို့နယ်များရှိ သန်းခေါင်စာရင်းအကျဉ်းချုပ်ဇယား

| အကြောင်းအရာများ | ပါဝင်သော | မရောက်ရှိနိုင်သော | ခြားနားခြင်း |
|---|---|---|---|
| မြို့နယ်အရေအတွက် | ၂၈၅ | ၄၅ | |
| လူဦးရေစုစုပေါင်း | ၄၇၈၈၅၁၉၂ | ၂၃၉၄၇၀၈ | |
| သက်သာချောင်ချိရေးညွှန်းကိန်း | ၀.၃၅ | -၂.၀၀ | -၂.၃၄ |
| ငွေကြေးအခြေအနေကောင်းခြင်းနှင့်သက်ဆိုင်သော သွင်ပြင်လက္ခဏာများ | | | |
| စာတတ်မြောက်မှု | ၀.၉၁ | ၀.၅၄ | -၀.၃၇ |
| အဆင့်မြင့် အိမ်ယာ | ၀.၁၈ | ၀.၁၆ | -၀.၀၁ |
| အဆင့်မြင့် ရေအိမ် | ၀.၇၆ | ၀.၄၇ | -၀.၂၉ |
| အဆင့်မြင့် အမိုး | ၀.၆၄ | ၀.၆၇ | ၀.၀၂ |
| အဆင့်မြင့်နံရံများ | ၀.၃၈ | ၀.၄၉ | ၀.၁၀ |
| အဆင့်မြင့်ကြမ်းခင်း | ၀.၁၆ | ၀.၁၄ | -၀.၀၂ |
| မီး (လျှပ်စစ်) | ၀.၃၄ | ၀.၂၂ | -၀.၁၂ |
| သောက်ရေ (ရေသန့်) | ၀.၁၁ | ၀.၀၄ | -၀.၀၇ |
| အဆင့်မြင့် မီးဖို | ၀.၁၇ | ၀.၀၅ | -၀.၁၂ |
| ရုပ်မြင်သံကြားစက် | ၀.၅၁ | ၀.၄၀ | -၀.၁၁ |
| ဖုန်း | ၀.၀၅ | ၀.၀၄ | -၀.၀၁ |
| မိုဘိုင်းဖုန်း | ၀.၃၄ | ၀.၂၅ | -၀.၀၉ |
| ကွန်ပြူတာ | ၀.၀၄ | ၀.၀၂ | -၀.၀၂ |
| အင်တာနက် | ၀.၀၇ | ၀.၀၂ | -၀.၀၅ |
| မော်တော်ယာဉ် | ၀.၄၂ | ၀.၅၄ | ၀.၁၂ |
| အဆင်မပြေမှုနှင့်သက်ဆိုင်သောသွင်ပြင်လက္ခဏာများ | | | |
| ပညာသင်ကြားခွင့်မရ | ၀.၁၅ | ၀.၅၆ | ၀.၄၁ |
| မူလတန်းသို့မဟုတ်အတန်းပညာမရှိ | ၀.၆၁ | ၀.၈၁ | ၀.၂၀ |
| မသန်စွမ်းမှုတစ်မျိုးမျိုး | ၀.၀၅ | ၀.၀၅ | ၀.၀၀ |
| ရိုးရိုးအိမ် | ၀.၄၁ | ၀.၄၁ | ၀.၀၁ |
| ရိုးရိုးအိမ်သာ | ၀.၂၄ | ၀.၅၀ | ၀.၂၇ |
| ရိုးရိုးခေါင်မိုး | ၀.၃၄ | ၀.၃၂ | -၀.၀၃ |
| ရိုးရိုးနံရံ | ၀.၅၁ | ၀.၄၉ | -၀.၀၂ |
